
http://www.linhtet.com



http://www.linhtet.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို ဝင်ရောက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.linhtet.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ် ၂၆၇/၂၀၀၂(၃)
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ် ၃၁၆/၂၀၀၂(၄)

- - -

မျက်နှာဖုံး
စံတိုး

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

- - -

ထုတ်ဝေသူ
ဦးသန်းဆွေ၊ စစ်သည်တော်စာပေ
၁၃၃၁/က၊ ၁၉ရပ်ကွက်၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း

- - -

အတွင်းနှင့် မျက်နှာဖုံး ပုံနှိပ်သူ
ရွှေကံ့ကော်ပုံနှိပ်တိုက် (၀၆၃၆၁)
၂၀-၃၀၊ ၂၄လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

- - -

စာအုပ်ချုပ်
ကိုရဲထွန်းစာအုပ်ချုပ်လုပ်ငန်း

- - -

ဖြန့်ချိရေး
နန်းဒေဝီစာပေ၊ ၁၇၀ မြေညီထပ် ၃၅လမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန် ☎ ၂၄ ၉၉ ၉၀

http://www.linhtet.com

## စာရေးသူရဲ့ ကိုယ်ရေးကိုယ်တာ

အမည်ရင်း အောင်သိန်းကျော်။ ၁၉၅၇ခုနှစ်ဖွား။

(၁၉၇၅-၇၆) ရန်ကုန်စီးပွားရေးနှင့်သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းထဲက "မေတ္တာဘွဲ့"ကာတွန်းက ပထမဆုံးပုံနှိပ်စာမူ။

၁၉၈၀ပြည့်နှစ် ဇူလိုင်လထုတ် သောင်းပြောင်းထွေလာမဂ္ဂဇင်းပါ "စိန်မောင်စွမ်းရည်ဖတ်ဖို့"ဆောင်းပါးက ပြင်ပစာနယ်ဇင်းမှာ ပထမဆုံးပုံနှိပ်စာမူ။ ၁၉၈၈ခုနှစ်မတ်လထုတ် ရုပ်မြင်သံကြားမဂ္ဂဇင်းမှ စတင်ပြီး "ဆူဒိုနင်"ကလောင်အမည်ကို ခံယူပြီး စာနယ်ဇင်းများတွင်ရေးသားခဲ့။ မန်တာမင်း၊ အောင်သိန်းကျော် အပါအဝင်အခြားကလောင်ခွဲများဖြင့်လည်းကြိုးကြားရေးသားဆဲ။

၁၉၉၉ခုနှစ်နှစ်ဦးတွင် "သားငယ်သမီးငယ်များ ပုံပြင်ထိန်းကျောင်းခြင်းအနုပညာ"နဲ့ ၂၀၀၁ခုနှစ် စက်တင်ဘာလကုန်တွင် "တွေးတောဆင်ခြင်မှုအနုပညာ"စာအုပ်များကို စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီး။

၂၀၀၀ပြည့်နှစ်မှ စတင်ပြီး လူမှုရေးနဲ့အိမ်ထောင်ရေးပြဿနာများကို ဆက်ဆံရေးအတိုင်ပင်ခံ (Relationship Counsellor) အဖြစ် အခမဲ့ ဆွေးနွေးပေးလျက်ရှိ။

**ဆက်သွယ်ရန်** ၂၄၆၊ ပထမထပ်(ယာ)၊ ၃၉လမ်း၊ ရန်ကုန်။
(နေအိမ်လိပ်စာ မဟုတ်ပါ။)

☎ ၇၀၆ ၅၇၄ (ဖုန်းထဲက လုံးဝ မဆွေးနွေးပါ။)

http://www.linhtet.com

တန်ဖိုး - ၅၀၀ ကျပ်

http://www.linhtet.com

လက်တွဲဖော် စာအုပ်အမှတ် (၁)

# အတ္တကျော်

## နေပျော်တဲ့ဘဝ ကြည်မြတဲ့ဘဝင် ရှင်လန်းတဲ့စိတ်

(မောဟာမြေ ပုံတိုပတ်စများ)

လက်တွဲဖော်စာအုပ်တိုက်
☎ ၇၀ ၆၅ ၇၄

http://www.linhtet.com

www.linhtet.com

# မာ တိ ကာ


| | | |
|---|---|---|
| - | စကားဦး | |
| ၁။ | ခင်မင်မှု သံမှိုများ | ၁ |
| ၂။ | ဘယ်လို မြင်ပါသလဲ | ၅ |
| ၃။ | တစ်နေ့တွက်တာ သင်ခန်းစာ | ၁၀ |
| ၄။ | အေးအတူ ပူအမျှ | ၁၅ |
| ၅။ | တလေးတစား ဖိတ်ကြားအပ်ပါတယ် | ၂၁ |
| ၆။ | ဘဝလမ်းညွှန် | ၂၄ |
| ၇။ | ဖားလေး နှစ်ကောင် | ၃၃ |
| ၈။ | ကိုယ့်မြေ | ၃၈ |
| ၉။ | ရောင်းတယ် ဝယ်တယ် | ၄၃ |
| ၁၀။ | ကျောက်ခဲကြီးများ | ၄၇ |
| ၁၁။ | ဆေးရုံမှာ | ၅၂ |
| ၁၂။ | ကောင်းကွက်လေးတွေ | ၅၈ |
| ၁၃။ | ပန်းသီးပင် | ၆၀ |
| ၁၄။ | အေးအေးသာကြည်နှင်းရဲ့ ခွန်းပကား | ၇၅ |
| ၁၅။ | မမြင်မကန်းနဲ့ ဆင်စမ်းတဲ့နည်း | ၈၃ |

http://www.linhtet.com


| | | |
|---|---|---|
| ၁၆။ | လက်သမားဆရာတွေ | ၉၂ |
| ၁၇။ | ဗိုက်ဆံရဲ့ သဘောထား အမှန် | ၉၆ |
| ၁၈။ | မွေ့စံထိုက်စေ | ၁၀၁ |
| ၁၉။ | ဓါထုတ်နှင်းတောက် | ၁၀၇ |
| ၂၀။ | တီကောင်နဲ့ လိပ်ပြာ | ၁၁၃ |
| ၂၁။ | ထင်သလောက် မဆိုးတဲ့ လောကပါ ခင်ဗျား | ၁၂၀ |
| ၂၂။ | ဆိုင်းဆရာလေးသုံးယောက်နဲ့ အဖိုးကြီးတစ်ယောက် | ၁၂၅ |
| ၂၃။ | မင်္ဂလာရှိတဲ့ အချိန် | ၁၃၁ |
| ၂၄။ | လူမုံလာဥ၊ လူကြက်ဥနဲ့ လူလက်မက်ခြောက် | ၁၃၅ |
| ၂၅။ | ပထမတန်းစား ဖြစ်ချင်ပါသလား | ၁၄၀ |
| ၂၆။ | အောင်မြင်မှုရဲ့ နောက်တော်ပါးမှာ | ၁၄၇ |
| ၂၇။ | အိုးအအက် | ၁၅၃ |
| ၂၈။ | ကျောက်စရစ်ခဲ တစ်ထောင် | ၁၅၇ |
| ၂၉။ | ၅၀တန် | ၁၆၁ |
| ၃၀။ | ပန်းသီးလေးတွေပါ | ၁၆၄ |

http://www.linhtet.com

# စကားဦး

၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၃၁ရက်နေ့မှ ၂၀၀၁ခုနှစ် စက်တင်ဘာ ၂၅ရက်နေ့အတွင်း 'အလင်းတန်း'နဲ့ 'အတွေးသစ်' ဂျာနယ်များမှာ ဖော်ပြခဲ့တဲ့ စာတိုပေစ အပုဒ်၃၀ကို စုစည်း တင်ဆက်လိုက်တာ ဖြစ်ပါတယ်။

'အတ္တကျော်'ဖြစ်လာဖို့အတွက် သည်စာအုပ်ထဲမှာစုဆောင်း တင်ပြထားတဲ့ ပုံပြင်လေးတွေက အခရာပါ။ ဒါကြောင့် သည် ပုံပြင်လေးတွေ မြစ်ဖျားခံရာ အစကို ပြန်ကောက်လိုက်ချင်ပါတယ်။

၁၉၉၉ခုနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလအတွင်း ဩစတြေးလျနိုင်ငံကို ရောက်ခဲ့စဉ် နိုင်ငံပေါင်း၁၉နိုင်ငံက သင်တန်း တက်ဖက်များနဲ့ ခင်မင်ရင်းနှီးခွင့်ရခဲ့ပါတယ်။ သင်တန်းပြီးဆုံးလို့ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ရောက်ခဲ့ကြပေမယ့်လည်း ကျွန်တော်တို့

တွေဟာ **တစ်ယောက်နဲ့တစ်ယောက်** ဓာတ်ချောစာ (e-mail) နဲ့ အပြန်အလှန် ဆက်သွယ်ဖြစ်နေခဲ့ကြတာ ယနေ့ထက်တိုင်ပါပဲ။

သည့်အထဲမှာမှ ဖိလစ်ပိုင်နိုင်ငံသူ မာလင်ပါရာစ် (Malen Paras) က ပုံပြင်လေးတွေ ပို့ပို့ပေးတတ်ပါတယ်။ သူပို့ပေးတဲ့ ပုံပြင်လေးတွေက ကောင်းလွန်းတော့ စာရေးသူတစ်ယောက် ဖြစ်နေတဲ့ ကျွန်တော့်အတွက် ဘာသာမပြန်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ သူ့ဆီက ပထမဆုံးရောက်လာတာက "ခင်မင်မှု သံမှိုများ" ဆိုတဲ့ ပုံပြင်လေးပါ။ အဲဒါကို ဘာသာပြန်ဆိုပြီး အလင်းတန်းဂျာနယ်ကို ပေးလိုက်တော့ အလင်းတန်းက ဖော်ပြပေးတဲ့အတွက် "အတွေးကျော့" ဆိုတဲ့ ကလောင်အမည်လေးတစ်ခု ဟာ ၂၀၀၀ပြည့်နှစ်၊ ဇန်နဝါရီလ ၃ရက်နေ့မှာ ပုံနှိပ်စာလုံးနဲ့ တောင်မွေးဖွားလာခဲ့ပါတယ်။ သည့်အတွက် အလင်းတန်းဂျာနယ် စီစဉ်သူဦးဝင်းငြိမ်း၊ တာဝန်ခံစာတည်းကိုဦးအေးနဲ့တကွ အလင်း တန်း ဝိုင်းတော်သား အားလုံးကို ကျေးဇူးတင်ပါတယ်။

အခုနကတော့ ဓာတ်ချောစာပို့စနစ်မှာ ဟာသအတိုအထွာလေးတွေ၊ ပုံပြင်လေးတွေ၊ သတင်းတိုလေးတွေကို တစ်ယောက်တစ်ယောက် လှမ်းပို့ကြတဲ့ ယဉ်ကျေးမှုသစ်တစ်ခု ပေါ်ပေါက်လို့နေပါပြီ။ ကျွန်တော့်ဆီ ဓာတ်ချောစာပို့တဲ့ မိတ်ဆွေတွေဆီ စာမရေးဖြစ်ဘူး ဆိုရင်တောင် ဟာသအတိုအထွာလေးတွေ၊ ထူးထူးဆန်းဆန်း သတင်းတိုလေးတွေ ပို့ပို့ပေးတတ်တာ အနည်းဆုံး တစ်လမှာ ၃-၄ကြိမ်လောက်ပါ။

သည့်လိုနဲ့ ကျွန်တော့်ဆီကို ရောက်လာတဲ့ ပုံတိုပတ်စတွေ ထဲက အတွေးကောင်း စွက်နေတာလေးတွေကို ဘာသာပြန်ရင်း

http://www.linhtet.com

"အတ္တကျော်" ဆိုတဲ့ ကလောင်တစ်ချောင်းကို အချိန်တိုတိုအတွင်းမှာ အတန်အသင့် ထူထောင်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ပို့တဲ့သူမရှိရင် ကျွန်တော့်မှာ ရေးစရာပြတ်သလို ဖြစ်နေခဲ့တာလည်းအမှန်ပါပဲ။ ဒါကြောင့် ၂၀၀၀ပြည့်ကုန်ခါနီးမှာ မရေးဖြစ်တော့သလောက် ဖြစ်သွားခဲ့ပြန်တယ်။

ကံကောင်းချင်တော့ "အင်တာနက်(ထ်)" လို့ခေါ်တဲ့ နိုင်ငံတကာ ဆက်သွယ်ရေးကွန်ယက်ထဲမှာ အဲသလို ပုံတိုပတ်စလေးတွေကို နေ့စဉ်ဖော်ပြပေးနေတဲ့ ပင့်ကူအိမ်စာမျက်နှာတစ်ခုကို ရှာလို့တွေ့ သွားပါတယ်။ ဒါနဲ့ အဲသည်စာမျက်နှာမှာ ကျွန်တော့်ဓာတ်ချော လိပ်စာလေးပေးပြီး မှတ်ပုံတင်ထားလိုက်တဲ့အခါ ကျွန်တော့်ဆီ နေ့စဉ် တစ်ပုဒ်တစ်ပုဒ် အလိုလို ရောက်လာပါတော့တယ်။

အဲသည်ထဲကမှ သဘောကျတာလေးတွေကို ပြန်ဆိုပြီး "အတွေးသစ်ဂျာနယ်" ကို ပေးဖြစ်ခဲ့ပါတယ်။

အလင်းတန်းကို ဆက်မပေးဖြစ်တော့တာက ဘာကြောင့် ညာကြောင့်မှ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ၂၀၀၀ပြည့်နှစ် ဩဂုတ် လက စပြီး အသွားအလာဆင်ခြင်ပြီး ခြေဖျံ့လိုက်တာကအဓိကပါ။

ခါတိုင်းဆို ကျွန်တော်ရေးဖြစ်နေတဲ့မဂ္ဂဇင်းတိုက်တွေ၊ ဂျာနယ် တိုက်တွေကို မကြာခဏရောက်ဖြစ်ပါတယ်။ အဲသည် ၂၀၀၀ ဩဂုတ်က စပြီး ဘယ်မှ သိပ်မသွားဖြစ်တော့ပါဘူး။

အဲသည်အချိန်မှာ အတွေးသစ်ဂျာနယ်က ကျွန်တော့်ဆီရောက် လာပြီးစာမူတောင်းတဲ့အခါ လက်ထဲမှာပြန်ဆိုပြီးအသင့်ရှိနေတာ လေးတွေ ပေးဖြစ်ခဲ့ပါတယ်။ အတွေးသစ်ဂျာနယ် ကြည့်လိုက်မိ တော့လည်း ဖတ်စရာ 'စာ' တွေကို အသားပေးဖော်ပြနေပြီး ပေါ်ပင်

http://www.linhtet.com

အကြောင်းအရာများ မပါလှတာကို ကျွန်တော်စာတိုလေးတွေနဲ့ ပို လိုက်တယ်လို့ ထင်မြင်တဲ့အတွက် နောက်ပိုင်းမှာ အတွေးသစ်ကိုပဲ ဆက်ပေးဖြစ်ခဲ့ပါတယ်။

သည်အတွက် ကျွန်တော့်ဆီက စာမူကို မှန်မှန်လာယူပြီး ဖော်ပြ ပေးခဲ့တဲ့ အတွေးသစ်ဂျာနယ်ပိုင်းတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

ပြောစရာ တစ်ခု ကျန်နေပါသေးတယ်။

ကျွန်တော် ဘာသာပြန်ရာမှာ ဆီလျော်ပြီး စာချောအောင် အတတ်နိုင်ဆုံး အားထုတ်မိတာချည်းပါပဲ။ တစ်နည်းပြောရရင် ပြန်ဆိုနေတဲ့ ဘာသာစကားအပေါ်မှာ အတတ်နိုင်ဆုံး သစ္စာရှိ တော့တာပါ။ သည်အခါမှာ ဘာသာပြန်သူကျွန်တော့်ရဲ့ အာဘော် နဲ့ စာတွေ၊ တခြား ကြားဖြတ်နေရာဝင်တွေလည်း ပါဝင်နေပါတော့ တယ်။ အခုပြန်ဆိုတင်ဆက်ထားတဲ့ စာတိုတချို့မှာဆိုရင် သည် အချက်က ပိုထင်ရှားပါတယ်။

ကျွန်တော် ဝင်ရှုပ်နေ့ရှင်းတာတွေ၊ အတွေးပွားထားတာလေး တွေလည်း ပါနေသလို ကျွန်တော့်ပုဂ္ဂလိကဘဝထဲက ဖြစ်ရပ်တွေ၊ အတွေ့အကြုံတွေပါ ပါဝင်နေတာကို ဖတ်ရှုကြရပါလိမ့်မယ်။

ဒါတင်မကသေးဘဲ၊ အခု စုစည်းတင်ဆက်လိုက်တဲ့အထဲမှာ ‘မမြင်မကန်းနဲ့ ဆင်စမ်းတဲ့နည်း’ ရယ်၊ ‘မွှေ့ခံထိုက်စေ’ ရယ်၊ ‘တီကောင်နဲ့လိပ်ပြာ’ တို့ရယ်က ကျွန်တော်ဖတ်မိလိုက်တာလေးတွေ အပေါ် ဆင့်ပွားအတွေးဆန့်ရင်းက ပေါ်ပေါက်လာတာတွေ ဖြစ်ပါ တယ်။ ဘာသာပြန်ထားတာတွေ မဟုတ်ပါဘူး။

ကျေးဇူးတင်ထိုက်တဲ့အထဲမှာ ‘အတွေ့ကျော်ချိုမွှမ်းခန်း’ ဆိုပြီး

http://www.linhtet.com

အလင်းတန်းဂျာနယ်မှာပဲ စာတစ်စောင်ပေတစ်ပွဲနဲ့ ကျွန်တော့်ကို အားပေးခဲ့တဲ့ မင်းသား၊ အဆိုတော်၊ ဒါရိုက်တာ၊ စာရေးဆရာ သုမောင်ကိုလည်း ထည့်ရပါမယ်။ ဒ့ါအပြင် ပေါ်ပြူလာဂျာနယ်က တစ်ဆင့် အလင်းတန်းဂျာနယ်မှာပါတဲ့ "ကျောက်မဲကြီးများ" ပုံပြင်ကို ကိုးကားဖော်ပြပြီး သဘောကျနှစ်မြို့က်ကြောင်းရေးခဲ့တဲ့ ဆရာ ဟိန်းလင်းကျော်ကိုလည်း ကျေးဇူးတင်ရပါမယ်။

ဒါတင်မကသေးဘဲ၊ အချစ်ဂျာနယ်ရဲ့ အမယ်ဘုတ်ရဲ့သူ့ချည်ခင် အခန်းကနေ "တီကောင်နဲ့လိပ်ပြာ" ကို ကိုးကားရည်ညွှန်းရင်း မသိမသာ "ဖွ" ခဲ့တာကိုလည်း ကျေးဇူးတင်ရမယ့် စာရင်းထဲ ထည့်သွင်းရဦးမှာ ဖြစ်ပါတယ်။

စာအုပ်အဖြစ်ထုတ်ဖြစ်အောင်တိုက်တွန်းအားပေးခဲ့တဲ့ အတွေးသစ်ဂျာနယ်ရဲ့ သေဌေးမှောက် ဦးကိုကိုမောင်ကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ **အတွေးသစ်အတွက်** ပထမပိုင်းမှာ သူကိုယ်တိုင်လာပြီး **စာမူတောင်းခဲ့တာလည်းဖြစ်ပါတယ်**။ ကျွန်တော့်ကို အတွေးသစ်ဂျာနယ်နဲ့ မိတ်ဆက်ပေးခဲ့သူဆိုရင်လည်း မမှားပါဘူး။

စာမူတွေပြန်လည်စုစည်းတာ၊ စာရင်းကောက်တာများအပြင် ကျွန်တော့်ကွန်ပျူတာထဲက ပျောက်ဆုံးသွားတဲ့အလင်းတန်းပါ စာမူအားလုံးနဲ့ အတွေးသစ်ပါ စာမူတချို့ကို ကွန်ပျူတာ ပြန်စီပေးတဲ့ချစ်စနီး မစန္ဒာကိုလည်း၊ သည်စာအုပ်အတွက်တခုတ်တရ ကျေးဇူးတင်ရမှာပါ။

နောက်ဆုံးမှာဖော်ပြပေးမယ့် ထိပ်ဆုံးက ကျေးဇူးတင်ထိုက်သူများကတော့ စာဖတ်သူလူကြီးမင်းများပဲဖြစ်ပါတယ်။ စာဖတ်သူ

http://www.linhtet.com

လူကြီးမင်းများရဲ့လက်ခံအားပေးမှုသာမရှိရင် အတ္တကျော်ဆိုတာ ဘယ်လိုနည်းနဲ့မှဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် အတ္တကျော်ကို အစဉ်တစိုက် လက်ခံ ဖတ်ရှု အားပေးခဲ့တဲ့ စာဖတ်သူ လူကြီးမင်းများ အားလုံးကိုလည်း ဂါရဝတရားနဲ့ ကျေးဇူးစကား ဆိုလိုက်ပါတယ်။

နှလုံး စိတ်ဝမ်း ငြိမ်းချမ်းကြပါစေ

**အတ္တကျော်**

၂၀၀၁ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

http://www.linhtet.com

# ခင်မင်မှု သံမှိုများ

ဟိုးရှေးရှေးတုန်းက အင်မတန် စိတ်တို၊ စိတ်ဆတ်တဲ့ ကောင်လေး တစ်ယောက် ရှိသတဲ့။ တစ်နေ့ကျတော့ သူ့အဖေက ကောင်လေးကို အိမ်ရိုက်သံ တစ်ထုပ်ပေးလိုက်ပြီး ပြောပါတော့တယ်။ မင်း တစ်ခါ စိတ်တိုတိုင်း၊ တစ်ခါစိတ်တိုတိုင်း သံတစ်ချောင်းကို နောက်ဖေးက ဝင်းထရံတိုင်မှာ သွားသွားရိုက်ချေကွာတဲ့။

အဖေက အဲသလို ပြောပြီး သံထုပ်ပေးလိုက်တဲ့ပထမနေ့မှာတော့ ကောင်လေးဟာ ဝင်းထရံတိုင်မှာ သံပေါင်း၃၇ချောင်းတိတိကို ရိုက် သွင်းဖြစ်သွားခဲ့ပါတယ်။ အဲလိုနဲ့ သူစိတ်တိုတိုင်း၊ ဒေါသဖြစ်တိုင်းမှာ သံလေးတွေကို ဝင်းထရံတိုင်မှာ ရိုက်ရင်းရိုက်ရင်းနဲ့ ကောင်လေးဟာ သူ့စိတ်ကို သူထိန်းနိုင်လာသတဲ့။ သံရိုက်ချက်တွေကလည်း တစ်နေ့ ထက်တစ်နေ့ ကျဲကျဲလာတော့တာပေါ့လေ။

http://www.linhtet.com

## ၂ အတ္တကျော်

သည်လိုနဲ့ ကောင်လေးဟာ ဝင်းထရံမှာ သံပြေးပြေးရိုက်ရတာ ထက်စာရင် ဒေါသဖြစ်နေတဲ့စိတ်ကို ထိန်းသိမ်းရတာက ပိုပြီး လွယ်ကူနေမှန်း တဖြည်းဖြည်းသဘောပေါက်လာခဲ့ပါတော့တယ်။

အဆုံးမှာတော့ ကောင်လေးဟာ လုံးလုံးကို စိတ်မတို၊ ဒေါသ မထွက်တော့ဘဲ နေနိုင်တဲ့နေ့ကို ရောက်လာပါတော့တယ်။ သည်မှာတင် ကောင်လေးကလည်း ပြေးတဲ့ပြီး သူ့အဖေကို သတင်းသွားပို့တော့တာ ပေါ့။ 'အဖေရေ၊ သားတော့ စိတ်ကို ထိန်းနိုင်သွားပြီဗျ'ပေါ့။

အဲလိုကျတော့ ဖအေလုပ်တဲ့သူက နောက်တစ်မျိုး ခိုင်းပြန်ပါ တယ်။ 'မင်းကိုယ်မင်း ဒေါသမဖြစ်အောင် တစ်နေကုန် ထိန်းနိုင်ပြီ ဆိုတာနဲ့ အဲသည့် မင်းရိုက်ထားတဲ့သံတစ်ချောင်းကို ပြန်နှုတ်စမ်းပါ ဦးကွာ။ တစ်နေ့ထိန်းနိုင်ရင် ညအိပ်ခါနီးကျ တစ်ချောင်းနှုန်းနဲ့ ပြန် နှုတ်နော်'လို့ မှာလိုက်သတဲ့။

အဲလိုနဲ့ ရက်တွေကြာလာတဲ့အခါ ကောင်လေးက သူ့အဖေကို သွားပြောနိုင်သွားတယ်။ 'အဖေရေ၊ သားရိုက်ခဲ့တဲ့ သံတွေအားလုံးကို နှုတ်ပြီးသွားပြီဗျ။ တစ်ချောင်းမှ မကျန်တော့ဘူး'ပေါ့။

သည်အခါ ဖအေလုပ်တဲ့သူက သားရဲ့လက်ကိုဆွဲပြီး သား သံရိုက်ခဲ့တဲ့ ဝင်းထရံဆီကို ခေါ်သွားတယ်။ 'တော်တယ် ငါ့သား' လို့လည်းဆိုတယ်။ 'ဒါပေမယ့် သား သေချာကြည့်စမ်း။ ဝင်းထရံ တိုင်မှာ အပေါက်တွေဖြစ်ကျန်ခဲ့တယ်နော်။ သည်ဝင်းထရံတိုင်က အရင်တုန်းကလို ချောချောမွေ့မွေ့တော့ မဟုတ်တော့ဘူးဆိုတာ သား မြင်တယ်မဟုတ်လား။ အေး. . . သားက စိတ်တိုတို၊ ဒေါသဖြစ်ဖြစ်နဲ့ ပါးစပ်နဲ့တစ်လုံး ပြောချလိုက်တဲ့အခါ တစ်ဖက်သားဆိုတဲ့ ဝင်းထရံ တိုင်မှာ အခုလိုပဲ အမာရွတ်တွေ ထင်ကျန်ရစ်တတ်တယ် သားရေ။

http://www.linhtet.com



အဲလိုပဲ လူတစ်ယောက်ကို သားက ဓားနဲ့ ထိုးလိုက်တယ်၊ ပြီးရင် ဓားပြန်နှုတ်ပြီး ရှိခိုးဦးတင် တောင်းပန်တယ် ဆိုပါစို့ကွယ်။ သား ဘယ်နှခါပဲ ရှိခိုးဦးတင်ပြန်တောင်းပန်တောင်းပန် ဒဏ်ရာနဲ့အမာရွတ် ကတော့ မလွဲမသွေ ကျန်ကိုကျန်နေတော့မှာကွယ့်။

'အဲလိုပဲ နှုတ်နဲ့တစ်ဖက်သားကို ထိုးနှက်တဲ့အခါမှာလည်း ဓားနဲ့ ထိုးသလိုပဲ အနာတရဖြစ်တတ်၊ အမာရွတ်ကျန်နေတတ်စမြဲပဲငါ့သား' တဲ့။

တကယ်တော့ မိတ်ဆွေသူငယ်ချင်းဆိုတာတွေဟာ အဖိုးအနဂ္ဃ ထိုက်တန်တဲ့ ရတနာတွေပါပဲ။ မိတ်ဆွေသူငယ်ချင်းတွေဟာ ကျွန်တော်တို့တွေကို ပြုံးရွှင်ရယ်မောစေနိုင်တယ်၊ ကျွန်တော်တို့ဘဝမှာအောင်မြင်ခရီးရောက်အောင် အားပေးကူညီနိုင်တယ်၊ကျွန်တော်တို့တွေမှာရင်ဖွင့် စရာလေးတွေရှိလာရင်လည်း နားစိုက်ပေးတတ်တယ်၊ ချီးကျူးစကား၊ ကဲ့ရဲ့စကား အလုံးစုံကိုလည်း မျှဝေခံစားပေးနိုင်ပါတယ်။ မိတ်ဆွေ သူငယ်ချင်းဆိုတာဟာ ကျွန်တော်များအတွက် သူတို့နှလုံးသားတွေကို အမြဲလှစ်ဟ ကြိုဆိုနေတတ်သူများပါ။

အခုရက်သတ္တပတ်ဟာဆိုရင်ဖြင့် အမျိုးသားရင်းနှီးခင်မင်မှု အထိမ်းအမှတ် ရက်သတ္တပတ်ဖြစ်ပါတယ်။ ကိုယ့်မိတ်ဆွေတွေကို ကိုယ်က သူတို့အပေါ် ဘယ်လောက်ဂရုစိုက်တဲ့အကြောင်း ပြလိုက်ကြ စမ်းပါ။ ဒါတင်မကသေးဘူး၊ 'ကိုယ့်သူငယ်ချင်းကောင်း၊ မိတ်ဆွေ ကောင်း'လို့ ကိုယ်ကိုယ်တိုင်ကမှတ်ယူထားတဲ့သူဆီ သည်စာလေးကို ပွားပြီး ပို့ပေးလိုက်စမ်းပါ။ ယုတ်စွအဆုံး သည်စာလေးကို ပို့လိုက်တဲ့ သူဆီကို သည်အတိုင်းပြန်ပို့လိုက်နိုင်ပါသေးတယ်။ ကိုယ်ပို့လိုက်တဲ့စာ ကိုယ့်ဆီပြန်ရောက်လာရင်ကို ကိုယ့်မှာ မိတ်ကောင်းဆွေကောင်းတွေ

ရှိတယ်ဆိုတာကို အလိုလို ခံစားနိုင်ပါလိမ့်မယ်။

မင်္ဂလာရှိတဲ့ ရင်းနှီးခင်မင်မှု ရက်သတ္တပတ်ဖြစ်ပါစေ။

ခင်ဗျားဟာ ကျွန်တော့်ရဲ့သူငယ်ချင်းပါပဲ။ ခင်ဗျားကို သူငယ်ချင်း တော်ခွင့်ရတဲ့အတွက်လည်း ကျွန်တော် အင်မတန် ဂုဏ်ယူပါတယ်။ ကိုင်း. . . အခုချက်ချင်းပဲ သည်စာလေးကိုကူးပြီး ခင်ဗျားမှာ ရှိရှိသမျှ မိတ်ဆွေတွေဆီ ပို့လိုက်ပါတော့။ ကိုယ့်သားချင်းတွေဆီကိုလည်း ပို့လိုက်ပါဦးနော်။

သည်စာလေးကို ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ကျွန်တော့်ဆီ ပို့လိုက်တာပါ။ အခုတော့ အဲသည့်စာကိုပဲ ခင်ဗျားဆီ ပြန်ပို့လိုက်ပါတယ်။

ပြီးတော့ တစ်ဆက်တည်းပဲ ပြောပါရစေနော်. . .

ခင်ဗျားရဲ့ခြံစည်းရိုးမှာ ကျွန်တော့်ကြောင့်များ သံနှုတ်ရာတွေ ကျန်ရစ်ခဲ့တယ်ဆိုရင် ကျွန်တော့်ကို ခွင့်လွှတ်ဖို့လည်း အနူးအညွတ် တောင်းပန်ချင်ပါတယ်၊ ခွင့်လွှတ်ပါနော်။

**(အလင်းတန်းဂျာနယ်၊ ၃၁-၀၁-၀၀)**

www.linhtet.com

## ဘယ်လိုမြင်ပါသလဲ

တကယ်တော့ အရာတိုင်းဟာ ကိုယ်ဘယ်လိုကြည့်သလဲဆိုတာပေါ် မှာပဲ မူတည်နေတာပါနော်။

တစ်နေ့မှာ ကြွယ်ဝိုးကြွယ်ဝ ဖခင်တစ်ဦးဟာ သူ့သားလေးကို တောအရပ်ဒေသတစ်ခုကို ခေါ်သွားပြီး လယ်ယာလုပ်ငန်းခွင်တွေကို ပြသတဲ့။ ရည်ရွယ်ချက်ကတော့ ဆင်းရဲချို့ငဲ့မှုအနေအထားကို သားငယ်လေး ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားရအောင်ဆိုတဲ့စေတနာပေါ့။

အဲလို တောလက်ဒေသကို သွားကြည့်ကြပြီး အိမ်ပြန်အရောက်မှာ ဖအေလုပ်သူက စကားစတယ်။

'ဘယ့်နှယ့်လဲ ငါ့သား၊ တို့သွားခဲ့တဲ့တောကို မင်းဘယ်လို မြင်လဲ'

'သိပ်နိပ်တာပဲအဖေ. . . '

http://www.linhtet.com



'အေး. . . ဒါဆိုရင် ဆင်းရဲသားတွေ ဘယ်လိုနေရထိုင်ရတယ်ဆိုတာ သားမျက်ဝါးထင်ထင် မြင်ခဲ့ရမှာပေါ့. . .'

'ဟုတ်ကဲ့ပါ အဖေ'

'ဒါဆို သားဘာတွေ မှတ်သားမိသလဲကွ၊ ဖေဖေ့ကို ပြန်ပြောပြစမ်းပါဦး. . .'

'ကျွန်တော် တွေ့ခဲ့တာလား။ ကျွန်တော်တို့အိမ်မှာ ခွေးတစ်ကောင်ပဲ မွေးထားနိုင်တယ်၊ သူတို့ဆီမှာ လေးကောင်တောင်ရှိတယ် အဖေရ။ ပြီးတော့ ကျွန်တော်တို့ အိမ်မှာ ရေကူးကန်ပေါက်စလေးပဲ ရှိတယ်၊ ရေကူးလို့ဖြစ်တယ်ဆိုရုံရယ်၊ သူတို့မှာကျတော့ဗျာ. . . အဆုံးအစမရှိတဲ့ စမ်းချောင်းကြီးနဲ့၊ ကူးပါလေ့၊ စိတ်တိုင်းကျ။ ကျွန်တော်တို့ ခြံထဲမှာဆိုလည်း နိုင်ငံခြားကလာတဲ့ မီးဆိုင်းပန်းဆွဲတွေကို ဈေးကြီးပေးပြီး ဝယ်တပ်ထားရတယ်၊ သူတို့ကျတော့ ကြယ်တွေတစ်ပုံကြီးနဲ့။ ကျွန်တော်တို့ အိမ်ရှေ့က ပန်းခြံနဲ့မြက်ခင်းကိုလည်း ကျယ်လှပြီ မှတ်နေတာ၊ သူတို့အိမ်ရှေ့က လွင်ပြင်ကျတော့ ဟိုးမိုးကုပ်စက်ဝိုင်းအထိ တောင် အဆုံးအစမရှိဘူး။ ကျွန်တော်ဖြင့် သူတို့ဘဝကို အားကျလိုက် တာ. . .'

သားလုပ်တဲ့သူက အဲသလိုလည်း ပြောလိုက်ရော ဖအေ့မှာ ပါးစပ်အဟောင်းသားနဲ့ စကားစ ရှာမရတော့အောင် ဖြစ်သွားသတဲ့။ သားတော်မောင်က ဆက်ပြောနေတယ်။ 'ဖေဖေ့ကို သိပ်ကျေးဇူးတင်တာပဲ၊ ကျွန်တော်တို့ဘဝ ဘယ်လောက်ဆင်းရဲတယ်၊ ချို့ငဲ့နွမ်းပါးတယ်ဆိုတာကို လိုက်ပြပေးတဲ့အတွက် ဖေဖေ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်. . .'တဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ။

http://www.linhtet.com



အရာတိုင်းဟာ ကိုယ်ဘယ်လိုကြည့်သလဲဆိုတာပေါ်မှာပဲ မူတည် နေတယ်ဆိုတာ မမှန်ဘူးလားဗျာ။

ကိုယ့်မှာ ချစ်ခြင်းမေတ္တာတရားတွေ ရှိနေမယ်၊ မိတ်ဆွေသူငယ်ချင်းတွေရှိနေမယ်၊ မိသားစုရှိမယ်၊ ကျန်းမာနေမယ်၊ ဟာသဓာတ်ခံလေးရှိမယ်၊ ပြီးတော့ ဘဝကို အကောင်းမြင်တတ်မယ်ဆိုရင် အရာရာပြည့်စုံနေမှာပါပဲ။

အဲသည့် ချစ်ခြင်းမေတ္တာတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ နွေးထွေးတဲ့ မိသားစုတွေ၊ ကျန်းမာရေးတွေ၊ ဟာသဓာတ်ခံတွေ၊ အကောင်းမြင်နိုင်စွမ်းတွေကို ပိုက်ဆံနဲ့ချိန်စက် တွက်ချက် ပုံပေးပြီး ဝယ်ယူလို့ မရနိုင်ပါဘူး။

ပိုက်ဆံတတ်နိုင်ရင် ရုပ်ဝတ္ထုပစ္စည်းတွေထဲကကြိုက်သလောက်၊ စိတ်ကူးပေါက်ရင်ပေါက်သလောက်ဝယ်ယူနိုင်ပါတယ်။ အခုလက်ငင်းသုံးဖို့တင်မကဘူး၊နောင်အနာဂတ်အတွက်ပါရုပ်ဝတ္ထုပစ္စည်းအမြောက်အများကို ဝယ်ယူသုံးစွဲနိုင်ပါတယ်။ ဒါပေမဲ့ 'စိတ်'ဆိုတဲ့အရာလေးသာ ဆင်းရဲနေမယ်ဆိုရင် ငွေကြေးဥစ္စာတွေ အဘယ်မျှချမ်းသာနေပါစေ၊ ဘဝမှာ ချို့ငဲ့လို့နေတော့မှာ မလွဲဧကန်ပါပဲ။

မူရင်းစာက သည်အထိသာ ဖြစ်ပါတယ်။ အတတ်နိုင်ဆုံး မူရင်း မပျက်အောင် ပြန်ဆိုတင်ပြလိုက်တာလည်း ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာ ကျွန်တော့်တပည့်လေးတစ်ယောက်က မကြာ သေးခင်က သူစိတ်ကူးမိသမျှ မေးခွန်းထုတ်သွားတာလေးနဲ့ ဆက်စပ် ပြောပြချင်ပါတယ်။

သူက ကလေးနှစ်ယောက်ဖခင်ပါ။ သူကိုယ်တိုင်က တရားဘာဝနာဘက်ကိုစိတ်နည်းနည်းညွတ်လာလို့ကိုယ်တိုင်အားထုတ်ကြည့်

http://www.linhtet.com



ချင်စိတ်ကလေးဖေးဖေးထနေတဲ့အချိန်ပါ။သည်အချိန်မှာရာသက်ပန် ရဟန်းဝတ်ဘဝကိုလည်းစိတ်ကူးကြည့်လိုက်ပုံရပါတယ်။ ခက်တာက ရဟန်းဝတ်လိုက်မယ်ဆိုရင် သူ့ဇနီးမယား၊ သမီး၊ သားများအတွက် တာဝန်ကျေတဲ့သူ ဖြစ်ပါ့မလားဆိုပြီး လောကီရှုထောင့်က သူတွေး လိုက်မိပြီး အဲသည့် မေးခွန်းကို မေးတာပါ။

မိဘတစ်ပါးအနေနဲ့မိမိရဲ့ရင်သွေးတွေအတွက်ပညာတွေသင်ပေး၊ လိုလေသေးမရှိ ဖြည့်စွမ်းပေးချင်တာဟာ မိဘမေတ္တာ၊ မိဘစေတနာမို့ ဘယ်လိုမှ ဥပါဒ်စရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် တစ်ဖက်က ပြန်စဉ်းစားကြည့်တဲ့အခါ မိမိရဲ့ရင်သွေးကိုဖြစ်စေ၊ မိမိချစ်တဲ့သားချင်း၊ သူငယ်ချင်းကိုဖြစ်စေ ပေးနိုင်တဲ့ အကောင်းဆုံးအမွေ၊ အကောင်းဆုံး လက်ဆောင်ဟာ ဘာလဲလို့ဆိုတာ ကျနသေချာ ဆန်းစစ်ကြည့်သင့်ပါ တယ်။

ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သူတစ်ယောက် အနေနဲ့ပြောရရင်တော့ လောကမှာ အကောင်းဆုံးအရာဆိုတာ နိဗ္ဗာန် ချမ်းသာသာဖြစ်ပါတယ်။ မိမိချစ်တဲ့ မိဘကိုပဲဖြစ်ဖြစ်၊ သားသမီး ကိုပဲဖြစ်ဖြစ်၊ မိတ်ဆွေသူငယ်ချင်းကိုပဲဖြစ်ဖြစ် အကောင်းဆုံး၊ အမွန် မြတ်ဆုံးကို ပေးချင်ရင် လောကီချမ်းသာထက် လောကုတ္တရာချမ်းသာ ဆီကို လက်တွဲခေါ်သင့်လှပါတယ်။ လောကီစည်းစိမ်ချမ်းသာတွေကို သာ ဖိပေးနေခြင်းဟာ မိမိချစ်တဲ့သူများကို ဘဝတဏှာ ပိုမကြီးကြီး အောင်၊ သံသရာဝဋ်ဆင်းရဲမှာ ကြာသည်ထက်ကြာကြာနေဖြစ်အောင် တစ်ဖက်လှည့်နဲ့ စောင်မပေးရာရောက်နေပါတယ်။

ကျွန်တော့်မိတ်ဆွေဖိလစ်ပိုင်သူလေး ပို့ပေးလိုက်တဲ့စာလေးထဲမှာ လည်း ပါပါတယ်။ 'စိတ်'ဆိုတဲ့အရာ ချမ်းသာမှ၊ စိတ်ကလေး ငြိမ်း

http://www.linhtet.com



ချမ်းမှ ဘဝရဲ့သုခကိုခံစားရတာပါ။ အဲသည့်စိတ်ကို ချမ်းသာအောင်၊ ဘဝဆိုတဲ့သုခကို ခံစားတတ်အောင် မိတ်ဆွေသူငယ်ချင်းတွေ၊ သွေးရင်း သားချင်းတွေ၊ မိမိရဲ့အရင်းအချာတွေကို မျှဝေပေးသင့်တယ်လို့ ကျွန်တော်ကတော့ ယုံပါတယ်။ ဒါမှလည်း မှန်မှန်ကန်ကန် ချစ်ရာ ရောက်မှာပါ။

ကျွန်တော့်ဆီရောက်လာတဲ့ စာလေးတစ်စောင်ရယ်၊ ကျွန်တော့်ကို မေးသွားတဲ့မေးခွန်းတစ်ခွန်းရယ်ကို အကြောင်း-ပပြီး စာဖတ်သူအများ စဉ်းစားကြည့်နိုင်အောင်ချပြလိုက်တာပဲဖြစ်ပါတယ်။

ဘယ်လိုမြင်သလဲ ဆိုတာကတော့ စာဖတ်သူတစ်ဦးချင်းစီရဲ့ နှလုံးနဲ့ သက်ဆိုင်ပါလိမ့်မယ်။

**(အလင်းတန်းဂျာနယ်၊ ၀၇-၀၂-၀၀)**

## တစ်နေ့တွက်တာ သင်ခန်းစာ

တစ်ခါတစ်လေကျတော့ လူတွေဟာ ကိုယ့်ဘဝထဲကို ဖျိုးခနဲဖျပ်ခနဲ ဝင်ရောက်လာတတ်တယ်။ အဲလို ရောက်လာတဲ့အခါမှာ ကိုယ်ကလည်း တစ်ခါတည်းကို တန်းသိလိုက်တယ်။ သည်လူဟာဖြင့် ကိုယ့်အတွက် လိုအပ်လို့ရောက်လာတဲ့သူပဲ၊ ဒါမှမဟုတ်လည်း ကိုယ့်အတွက် တစ်စုံ တစ်ရာဆောင်ရွက်ပေးဖို့ရောက်လာတာပဲ၊ ဒါမှမဟုတ် ကိုယ့်ကို သင် ခန်းစာပေးဖို့ ရောက်လာပေတာပဲ၊ အဲလိုတွေမှမဟုတ်လည်း ကိုယ်ဟာ ဘယ်လိုလူဆိုတာ၊ ဘယ်လိုဘဝကိုရောက်ချင်တယ်ဆိုတာကိုယ့်ဘာသာ သိသွားဖို့အရေးမှာ စောင်မပေးဖို့ ရောက်လာတာမျိုးလည်း ဖြစ်ချင်ဖြစ် နေနိုင်ပါတယ်။

ဒါပေမဲ့ အဲသလို ကိုယ့်အတွက်သက်သက်ရောက်လာတဲ့သူဟာ ဘယ်သူဆိုတာတော့ ကိုယ်ကိုယ်တိုင်က ဘယ်တော့မှတင်တင်ကြိုကြို

http://www.linhtet.com



သိမထားနိုင်ပြန်ဘူး။အဲသည်လူဟာကိုယ့်အခန်းဖော်ရင်လည်းဖြစ်ချင်ဖြစ်မယ်၊ အိမ်နီးနားချင်းရင်လည်း ဖြစ်ချင်ဖြစ်မယ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်ချင်ဖြစ်မယ်၊ နှစ်ပေါင်းများစွာကွဲကွာနေတဲ့သူငယ်ချင်းရင်လည်း ဖြစ်ချင်ဖြစ်မယ်၊ ကိုယ့်ချစ်သူလည်း ဖြစ်ချင်ဖြစ်မယ်၊ ယုတ်စွ အဆုံး သူစိမ်းတရံဆံလည်းဖြစ်ချင်ဖြစ်နေနိုင်ပါတယ်။ ဘယ်လိုလူမျိုးပဲဖြစ်နေပါစေ၊သူတို့ကိုစေ့စေ့ကြည့်လိုက်မိတာနဲ့တစ်ပြိုင်နက်သည်လူဟာဖြင့်ကိုယ့်ဘဝကိုအကြီးအကျယ်လွှမ်းမိုးသွားတော့မယ်ဆိုတာချက်ချင်း တန်းသိနိုင်ပါတယ်။

တစ်ခါတစ်ခါများဆိုရင် ကိုယ့်မှာမှ ရွေးဖြစ်နေတဲ့အဖြစ်တွေဟာတုန်လှုပ်စရာ၊နာကျင်ထိခိုက်စရာတွေဖြစ်နေတဲ့အပြင်အစအဦးမှာတော့လောကကြီးဟာမတရားဘူးလို့တွေးချင်စရာကောင်းနေလောက်အောင်ဆိုးရွားနေတတ်ပါတယ်ဒါပေမဲ့အဲလိုအမှောင့်ပယောဂတွေသာမရှိဘူးဆိုရင် ကိုယ့်အရည်အသွေး၊ ကိုယ့်စွမ်းအား၊ ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့်နှလုံးသားကို ဘယ်လိုမှ ကိုယ့်ဘာသာဝေခွဲနိုင်မှာ မဟုတ်ပါဘူး။

အမှန်ကတော့ ဘဝမှာ အရာတိုင်း၊အဖြစ်တိုင်းဟာသူ့အကြောင်းနဲ့သူဖြစ်သင့်လို့ဖြစ်နေတာချည်းပါပဲဘယ်အရာကမှအလကားနေရင်းထဖြစ်နေတာမဟုတ်သလိုကံကောင်းလို့၊ကံစွပ်လို့ဖြစ်နေတာမျိုးလည်းမဟုတ်ဘူး။ ဖျားနာတာ၊ ထိခိုက်ဒဏ်ရာရတာ၊ ချစ်ခင်စုံမက်တာ၊ မျှော်လင့်ချက်တွေဆိတ်သုဉ်းကုန်တာ၊ညံ့ဖျင်းသေးသိမ်တာအစရှိတဲ့အရာအားလုံးဟာကိုယ့်လိပ်ပြာရဲ့အစွမ်းအစတွေကိုစမ်းသပ်စစ်ဆေးဖို့ပေါ်ပေါက်နေတဲ့အရာတွေပါပဲ။ အဲလို အစမ်းစာမေးပွဲလေးတွေသာမရှိဘူးဆိုရင် ဘဝဆိုတာကြီးက ချောမွေ့၊ ဖြောင့်တန်း၊ ညီညာတဲ့လမ်းမကြီးဖြစ်နေပြီး ဦးတည်ချက်တွေကင်းမဲ့ကုန်တော့မှာပေါ့။ စိတ်

http://www.linhtet.com



လက်ချမ်းသာစွာနဲ့စိတ်ချလက်ချလျှောက်လှမ်းရတဲ့ဘဝမျိုးကြီးဖြစ်နေမှာတော့ မှန်တယ်၊ ဒါပေမဲ့ ပျင်းစရာ၊ ညည်းငွေ့စရာ ပိုကောင်းနေတော့ မှာလည်း အမှန်ပဲ။

ကိုယ့်ဘဝကို ပြောင်းလဲစေတဲ့သူတွေ၊ ကိုယ့်ကို အောင်မြင်အောင် ပံ့ပိုးပေးတဲ့သူတွေနဲ့ ကိုယ့်ကိုကျဆုံးအောင် အဆင်းမှာ ဘီးတပ်ပေးတဲ့သူတွေ အပါအဝင် အားလုံးအားလုံးသော လူများဟာ ကိုယ့်ကိုကူညီတဲ့ သူတွေချည်းပါပဲ။ ဘယ်လို ကူညီတာလဲ၊ ကိုယ့်ကို ဘဝမှာအခုလို အလိုက်အထိုက်နေတတ်လာအောင်၊ တစ်နည်းမဟုတ်တစ်နည်း ကူညီ နေတဲ့သူချည်းပါပဲ။

အဆိုးရွားဆုံး အတွေ့အကြုံများထဲကတောင်မှ ယူတတ်ရင် မှတ်စရာချည်းပါပဲ။တကယ်တော့အဲသည့်အဆိုးဆုံးအတွေ့အကြုံတွေဟာ ဘဝမှာ အရေးအကြီးဆုံးနဲ့ အနက်နဲဆုံးလည်းဖြစ်ပါတယ်။

တစ်ယောက်ယောက်က ကိုယ့်ကို နာကျင်အောင်လုပ်လိုက်တယ်၊ ဒါမှမဟုတ် သစ္စာဖောက်သွားတယ်၊ ဒါမှမဟုတ် အသည်းကွဲအောင် လုပ်လိုက်တယ်ဆိုရင် အဲသည့်လူကို ခွင့်လွှတ်လိုက်စမ်းပါ။ ကျေးဇူးလည်း တင်လိုက်စမ်းပါ။ သူသင်ပေးလို့'ယုံကြည်မှု' ဆိုတာရဲ့ အခန်းကဏ္ဍကို ကိုယ်နားလည်လိုက်ရတယ်။ ဒါတင်မကသေးဘဲ ကိုယ့်ရဲ့ စိတ်ရောကိုယ်ပါနှစ်ပြီးယုံမှတ်ပေါင်းသင်းတတ်တဲ့အကျင့်စရိုက်ကို နောင်လွဲနောင်ခါမှာ သတိလေးနဲ့ ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း ထုတ်သုံးတတ်အောင် သင်ပေးရာ ရောက်ခဲ့တယ် မဟုတ်လား။

တကယ်လို့ တစ်ယောက်ယောက်က ကိုယ့်ကို နှစ်နှစ်ကာကာ ချစ်ခင်တယ်ဆိုရင် ကိုယ်ကလည်း သူ့ကို အကြွင်းမဲ့ ပြန်ချစ်လိုက်စမ်းပါ။ ကိုယ့်ကိုချစ်ဖော်ရလို့ပြန်ချစ်တာမဟုတ်ဘူးနော်။ သူက ကိုယ့်ကို

http://www.linhtet.com



ချစ်တတ်အောင်သင်ပေးလို့၊ အရာရာကို ချစ်ခင်စိတ်လေးနဲ့ နှလုံးသွင်းနိုင်အောင် ကိုယ့်နှလုံးသားနဲ့ကိုယ့်မျက်လုံးတွေကိုဖွင့်ပေးလို့ ပြန်ချစ်ပါလို့ ပြောရတာပါပဲ။

နေ့တိုင်းနေ့တိုင်းကိုလည်း တန်ဖိုးထားသင့်ပါတယ်။ အချိန်တိုင်းကိုလည်းတန်ဖိုးထားပါ။အချိန်တိုင်းမှာရလာသမျှအတွေ့အကံကိုလည်း အမိအရ ယူသင့်တယ်။ ဘာလို့လဲဆိုတော့ အခုကံလိုက်ရတဲ့ အတွေ့အကြုံကိုနောက်ဆယ်မိနစ်မှာထပ်ကံချင်လို့မရတော့ဘူးလေ။

အရင်က တစ်ခါမှ အဖက်လုပ်စကားမပြောခဲ့ဖူးတဲ့သူတွေနဲ့ စကား ပြောကြည့်ပါဦး။ ပြီးရင် သူတို့ ပြောသမျှကိုလည်း စိတ်ပါလက်ပါ နားထောင်ကြည့်လိုက်ပါဦး။

တစ်ဖက်သားကို ပုံပြီးချစ်လိုက်ပါ။ စိတ်ကိုလည်း လွှတ်ပေးလိုက်ပါ။ နောက်ပြီး ကိုယ့်အမြင်တွေကိုလည်း မြင့်မြင့်လေးထားလိုက်စမ်းပါ။ ခေါင်းထောင်ပြီး နေလိုက်စမ်းပါ။ အဲလိုနေဖို့ ပိုက်ဆံပေးရတာမှ မဟုတ်တာ၊ ခပ်မော်မော်၊ ခပ်မော့မော့လေးနေလိုက်ပါ။

ပိုက်ဆံမပေးရတဲ့အတူတူ ကိုယ့်ကိုယ်ကိုယ်လည်း 'ငါဟာ အင်မတန်တော်တဲ့ လူသားတစ်ယောက်ပဲ'လို့ပြောပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်တွေ မွေးလိုက်ပါဦး။ ကိုယ့်ကိုယ်ကိုယ်မှ မယုံဘူးဆိုရင် တခြားလူတွေက ယုံကြည်လာဖို့ အင်မတန် ခဲယဉ်းနေတတ်တာကို သတိချပ်စေချင်ပါတယ်။

အဲလိုသာနေမယ်ဆိုရင် ဘဝမှာ အလိုရှိသမျှ၊ တောင့်တသမျှ အစစပြည့်စုံလာတော့မှာ မလွဲဧကန်ပါပဲ။

လူဆိုတာ ကိုယ့်ဘဝ ကိုယ်ဖန်တီးကြစမြဲမို့ ကိုယ့်ဘဝကို ကိုယ်တိုင် ဖန်တီးလိုက်စမ်းပါ။ ကိုယ်ဖန်တီးထုထောင်လိုက်တဲ့ဘဝထဲကို

http://www.linhtet.com



ကိုယ်တိုင်ကိုယ်ကျသွားရောက်နေထိုင်စမ်းပါ။ နောင်တဆိုတာကို ဘဝအဘိဓာန်ထဲက အပြီးတိုင် မောင်းထုတ်လိုက်ဖို့ကိုလည်း မမေ့နဲ့ဦးနော်။

အရေးကြီးဆုံးကတော့ တစ်ယောက်ယောက်ကို ခင်မင်တယ်၊ချစ်နေတယ်၊ မေတ္တာရှိနေတယ်ဆိုရင်အခုချက်ချင်းသာသွားပြောလိုက်ပါ။ မနက်ဖြန်ဘာဖြစ်မယ်ဆိုတာ ကိုယ်မှမသေချာတဲ့အတူတူ အခုလက်ငင်း စာရင်းရှင်းထားလိုက်ဖို့ လိုတယ်နော်။

နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ အသက်ရှင်လျက်ရှိနေသေး သမျှ ကိုယ်နေခွင့်ရလိုက်တဲ့ တစ်နေ့စီ၊ တစ်နေ့စီမှာ သင်ခန်းစာတစ်ခုစီ တစ်ခုစီ ရအောင်ယူတတ်ဖို့ပါပဲ။

(အလင်းတန်းဂျာနယ်၊ ၁၄-၀၂-၀၀)

## အေးအတူ ပူအမျှ

ချမ်းအေးတဲ့ဆောင်းတစ်ညနေမှာ အဘိုးနဲ့အဘွားတို့စုံတွဲဟာ မက်ခ်ဒေါ်နယ်လ်ဒ်စားသောက်ဆိုင်ထဲကို ခပ်ဖြည်းဖြည်း ဝင်လာပါတယ်။

မက်ခ်ဒေါ်နယ်လ်ဒ်ဆိုင်ဆိုတာက ကမ္ဘာအရပ်ရပ်မှာဖွင့်ထားတဲ့ တန်ဖိုးနည်း၊ ဝမ်းဝစားစရာများကို ရောင်းတဲ့ဆိုင်ပါ။ အရှေ့အနောက် နိုင်ငံပေါင်းများစွာရဲ့မြို့ကြီးတိုင်းလိုလိုမှာရှိပါတယ်။ ဟမ်ဘာဂါလို အသားညှပ်ပေါင်မုံ့တွေ၊ကြက်ကြော်လိုဆူလွယ်နပ်လွယ်စားစရာတွေ၊ အဖျော်ယမကာတွေကို သင့်တင့်တဲ့ဈေးနဲ့ ရောင်းချပေးနေတဲ့ဆိုင်တွေပေါ့။ အလွယ်ပြောရရင်တော့ ကျွန်တော်တို့ရဲ့ မုန့်ဟင်းခါးဆိုင်တွေ၊ အသုပ်ဆိုင်တွေလို ငွေလည်း သိပ်မကုန်၊ ဝမ်းလည်းဝစေတဲ့ လူလတ်တန်းစားများအားထားရာဆိုင်လေးတွေပါ။ ဒါက ဘာသာပြန်တဲ့ ကျွန်တော်က မက်ခ်ဒေါ်နယ်လ်ဒ်နဲ့မရင်းနှီးသူများအတွက်သက်သက်

http://www.linhtet.com



ဝင်လျှာရှည်ပေးလိုက်တာပါ။

ဇာတ်လမ်းကိုပြန်ဆက်ရရင်အဲသည့်အဘိုးအဘွားစုံတွဲဝင်သွားတဲ့ အချိန်မှာ ဆိုင်က လူတော်တော် ပြည့်နေတယ်။ ငယ်ငယ်ရွယ်ရွယ် မိသားစုတွေ၊ ပျိုပျိုမျစ်မျစ်စုံတွဲတွေနဲ့ပြည့်နေတဲ့ကြားက အဘိုးအဘွား စုံတွဲအတွက် ထိုင်စရာ စားပွဲလွတ်တစ်နေရာကို တွေ့သွားကြတယ်။

စားသောက်နေတဲ့လူတချို့ကအဘိုးနဲ့အဘွားကိုအားကျတဲ့အကြည့် တွေနဲ့ကြည့်ပြီး သဘောတွေကျနေကြတယ်။ 'ကြည့်စမ်းပါဦး၊ သည် အဘိုးကြီးနဲ့အဘွားကြီး ကြည့်ရတာ နှစ်ပေါင်း ၆၀လောက် အတူနေခဲ့ ကြပုံရတယ်နော်၊ သိပ်ကြင်နာတာပဲ'ဆိုတဲ့ မျက်လုံးမျိုးတွေနဲ့ပေါ့။

နေရာယူပြီးတဲ့အခါ အဘိုးကြီးက ပိုက်ဆံပေးရတဲ့ ငွေသိမ်းစားပွဲကို သွားပြီး စားစရာတွေကိုမှာတယ်။ (ဒါလည်း မက်ခ်ဒေါ်နယ်လ်ဒ် ဆိုင် တိုင်းမှာလုပ်ရတဲ့အလုပ်ပါပဲ။ ကိုယ်တိုင်ယူစနစ်လို့ခေါ်ပြီးမြန်မာပြည်က တချို့ဆိုင်တွေမှာလည်း အဲသည့်နည်းနဲ့ဝယ်စားရပါတယ်။) အဘိုးကြီး က ငွေရှင်းပြီးတဲ့နောက် စားစရာတွေကို ဗန်းကလေးနဲ့ ထည့်ယူလာပြီး အဘွားကြီးဆီ ပြန်လာတယ်။

စားပွဲဆီ ပြန်ရောက်တော့ နှစ်ယောက်သား စားစရာတွေကို ဗန်း ပေါ်ကနေ စားပွဲပေါ် ပြောင်းနေရာချလိုက်ကြပါသေးတယ်။

စားစရာတွေကတော့ဟမ်ဘာဂါအသားညှပ်ပေါင်မုန့်တစ်လုံးရယ်၊ အာလူးချောင်းကျော်တစ်ပွဲရယ်နဲ့ ဖျော်ရည်တစ်ခွက်ရယ်တို့ပါပဲ။

နေရာချလိုက်ပြီးတဲ့အခါ ရေပါးစက္ကူနဲ့ထုပ်ထားတဲ့ဟမ်ဘာဂါကို အဘိုးကြီးက ဖြေလိုက်ပါတယ်။ ပြီးတော့ နှစ်ပိုင်းအညီအမျှဖြစ်အောင် သေသေချာချာ ဂရုတစိုက် ပိုင်းလိုက်တယ်။ ပိုင်းလို့ရတဲ့တစ်ဝက်ကို သူ့ဇနီးသည် အဘွားကြီးရှေ့မှာ ချပေးလိုက်တယ်။

http://www.linhtet.com



ပြီးတော့ ပန်းကန်ထဲက အာလူးချောင်းကျော်တွေကို အဘိုးကြီးက သေသေချာချာ ရေကြည့်လိုက်ပြန်တယ်။ ပြီးတော့မှ နှစ်ပုံအညီအမျှ ခွဲဝေလိုက်ပြီး တစ်ပုံကို သူ့အဘွားကြီးရှေ့မှာ ချပေးလိုက်ပြန်တယ်။ ပြီးတော့ ဖျော်ရည်ကို တစ်ငုံငုံတယ်။ သူတစ်ငုံသောက်ပြီးတဲ့အခါ အဘွားကြီးကို ဖျော်ရည်ခွက်လေး ကမ်းပေးတော့ အဘွားကြီးကလည်း တစ်ငုံသောက်တယ်။ ပြီးတော့ ဖန်ခွက်ကို သူတို့နှစ်ယောက်ရဲ့အလယ် တည့်တည့်မှာ ချထားလိုက်တယ်။

ဖျော်ရည် တစ်ငုံစီသောက်အပြီးမှာ အဘိုးကြီးက စစားနေပါပြီ။ သည်အခါမှာတော့ ဆိုင်ထဲမှာရှိတဲ့ တခြားစားသုံးသူ ပရိသတ်ရဲ့ရင်ထဲမှာ တစ်မျိုးဖြစ်လို့လာခဲ့ပြီ။

'သနားစရာ ကောင်းလိုက်တာနော်။ခမျာများမှာ တစ်ယောက်စာ လေးပဲ မှာစားနိုင်ရှာကြတယ်'ဆိုတဲ့အတွေးကလည်း လူတိုင်းရဲ့ရင်မှာ မွနေမှာပါ။

အဘိုးကြီးက ဟမ်ဘာဂါကို စားပြီးတဲ့နောက် အာလူးအချောင်း ကြော်တွေကို ကောက်ဝါးတဲ့အချိန်မှာတော့ စားသုံးသူများထဲက မနေနိုင် ရှာလေတဲ့ လူငယ်တစ်ယောက်က ထတဲ့ပြီး အဘိုးအဘွားတို့ စားပွဲကို သွားလိုက်ပါတော့တယ်။ အဘိုးတို့၊ အဘွားတို့ရယ်၊ နောက်ထပ်တစ်ယောက်စာ ဝယ်ကျွေးပါရစေ၊ ဒါနပြုပါရစေလို့လည်း ချေချေင်ငံ ပြောလိုက်တယ်။

အဘိုးရော၊ အဘွားရောက နေပါစေကွယ်၊ တို့များလုံလောက်ပါ တယ်လို့ပြောတယ်။'အဘိုးတို့နှစ်ယောက်ကဘာမဆိုနှစ်ယောက်အတူ မျှဝေခံစားနေကျကွယ့်'လို့လည်း ပြောလိုက်သေးတယ်။

တစ်ဆိုင်လုံးမှာရှိတဲ့ ပရိသတ်အနေနဲ့ကတော့ အဘွားကြီးဟာ

http://www.linhtet.com



အခုချိန်ထိ တစ်ဖွဲ့တစ်ကိုက်မှမစားသေးတာ တွေ့နေရပါတယ်။ အဘွားကြီးကအဘိုးကြီးရှေ့မှာငုတ်တုတ်ကြီးထိုင်လို့၊ အဘိုးကြီးစားသောက် နေတာကို ပီတိမျက်လုံးတွေနဲ့ ကြည့်နေတာကိုပဲတွေ့ရတယ်။ တစ်ခါ တစ်လေတော့ အဘိုးကြီးနဲ့အတူ ဖျော်ရည်လေးတစ်ကျိုက်စီသောက်တဲ့ အခါမျိုးတော့ရှိသပေါ့။ဒါကလွဲရင်အဘွားကြီးက စားကိုမစားသေးဘူး။

မနေနိုင်သူလူငယ်မှာလည်း ပိုလို့တောင်မရိုးမရွဖြစ်လာပြီ။ 'အဘိုး တို့ အဘွားတို့ရယ် ကျွန်တော် ဘယ်လိုမှမကြည့်ရက်လို့ပါ။ ကျွန်တော့် ကို ဒါနပြုခွင့်ပေးပါလားခင်ဗျာ'လို့လည်း ထပ်ပြောလိုက်တယ်။ သည် တစ်ခါမှာတော့ အဘွားကြီးက ဖြေပြန်တယ်။ 'နေပါစေ မောင်ရယ်၊ အဘွားတို့နှစ်ယောက်က ဘာကိုမဆို နှစ်ယောက်အတူ မျှဝေခံစားနေ ကျကွယ့်'တဲ့။ ဒါနဲ့ လူငယ်လေးခမျာလည်း သူ့စားပွဲကို ပြန်လာခဲ့ရ ပြန်တယ်။

တိုတိုပြောရရင် အဘိုးကြီးက စားလို့သောက်လို့ပြီးသွားရောဆိုပါ စို့ရဲ့။ အဘိုးကြီးက သူ့နှုတ်ခမ်းကိုစက္ကူလက်သုတ်ပဝါလေးနဲ့ ကျကျနန သုတ်သင်သန့်စင်နေပြန်တယ်။ အဘွားကြီးကလည်း ခုထက်ထိသူ့ရှေ့က စားစရာတွေကို မစားသေးဘဲ အဘိုးကြီးကိုပဲ ရွှန်းရွှန်းစားစား ကြည့်နေ တုန်းရယ်။

မနေနိုင်သူလူငယ်လေးလည်းမအောင့်နိုင်တဲ့အဆင့်ကိုရောက်လာ ပြန်တော့တာမို့ သူတို့စားပွဲကို ကူးလိုက်ပြန်တယ်။ တတိယအကြိမ် အဖြစ် သူ့ကို တစ်ယောက်စာ ဝယ်ယူလ-ဒါန်းခွင့်ပေးဖို့ အနူးအညွတ် တောင်းပန်ပြန်တယ်။ သည်တစ်ချီမှာလည်း မလိုအပ်ကြောင်း၊ သူတို့မှာပြည့်စုံကြောင်းကိုပဲအဘိုးနဲ့အဘွားကချေချေငံငံပြန်ဖြေပြန်တယ်။

နောက်ဆုံးမှာတော့မနေနိုင်မအောင့်နိုင်သူလူငယ်ကတည့်တည့်ပဲ

http://www.linhtet.com



မေးချလိုက်ပါတော့တယ်။ 'အဘွားရယ်. . . ခုထက်ထိ အဘွား တစ်လုပ်မှ မစားသေးတာ ဘာကြောင့်ပါလဲ ခင်ဗျာ၊ အဘွား ပြောတော့ အဘွားတို့နှစ်ယောက်ဟာ ဘာကိုမဆို မျှဝေခံစားနေကျဆို၊ အခုကျတော့ အဘိုးက စားလို့တောင်ပြီးသွားပေမယ့် အဘွားက တစ်လုပ်မှ မစားရ သေးဘူး၊ အဘွားက ဘာကို စောင့်နေတာပါလဲ ခင်ဗျာ. . .'

အဘွားကြီးက လူငယ့်အမေးကို သူ့ထုံးစံအတိုင်း ချေချေငံငံပဲ ပြန်ဖြေပါတယ်။

'သွားပေါ့ သားရယ်. . . သွားကို စောင့်နေတာပါကွယ်' တဲ့။

**(အလင်းတန်းဂျာနယ်၊ ၂၁-၀၂-၀၀)**

## တလေးတစား ဖိတ်ကြားအပ်ပါတယ်

တစ်နေ့ခင်းမှာ အမျိုးသမီးတစ်ယောက်ဟာ အဝတ်လှမ်းဖို့အိမ်ရှေ့ကို အထွက်လိုက် သူ့ခြံထဲမှာ မုတ်ဆိတ်ဖားဖားကြီးနဲ့ အဘိုးကြီး သုံးယောက် ထိုင်နေကြတာကို တွေ့လိုက်ရပါတယ်။ အမျိုးသမီးက အဲသည့် သုံးယောက်ကို ဘယ်သူဘယ်ဝါမှန်းမသိပေမယ့် သက်ကြီးရွယ်အိုတွေ ဖြစ်နေတာမို့ ဂါရဝလေးနဲ့ အခုလို ပြောလိုက်ပါတယ်။

'အဘတို့ကို ကျွန်မ မြင်တော့မြင်ဖူးသလိုပဲ။ အမောပြေ ဝင်နားနေကြတယ်ထင်ပါရဲ့။ အိမ်ထဲဝင်ပြီး အကြမ်းလေးသောက်၊ လက်ဖက်လေး -မြံ့ပါဦးလား' တဲ့။

အဘိုးကြီးတွေက ချက်ချင်းပဲ သူ့ကိုပြန်မေးတယ်။ 'ကလေးမရဲ့ အိမ်သား မရှိဘူးလားကွယ့်. . .'

'သူ အပြင်သွားနေပါတယ်ရှင့်. . .'

http://www.linhtet.com



'ဒါဆိုရင်တော့ တို့များ ဝင်လို့ ဘယ်တင့်တယ်ပါ့မလဲ သူငယ်မရဲ့. . . '

အဘိုးကြီးတွေ ပြောတာကလည်း သဘာဝကျနေတာမို့ အမျိုးသမီးလည်းအတွန့်မတက်တော့ဘဲ သူ့အလုပ်သူ လုပ်နေလိုက်ပါသတဲ့။

နေလေးစောင်းလို့ သူ့ခင်ပွန်းသည် ပြန်ရောက်လာတဲ့အခါ အမျိုးသမီးက ခင်ပွန်းသည်ကို အကျိုးအကြောင်းပြောလိုက်ပါတယ်။ သည်အခါ ခင်ပွန်းသည်က ပြောပြန်တယ်။ 'သွားပြောချေပါကွာ။ အဘိုးအိုကြီးတွေ သနားပါတယ်။ အိမ်ထဲကို ခေါ်လိုက်ပါလား'

အမျိုးသမီးလည်း ခင်ပွန်းသည်ပြောတဲ့အတိုင်း အပြင်မှာ အခုထက်ထိ ရှိနေသေးတဲ့ အဘိုးကြီးတွေကို အိမ်ထဲဝင်ဖို့ ဖိတ်ပါတယ်။

သည်အခါ 'တို့သုံးယောက်စလုံး ဝင်လို့တော့ မဖြစ်ဘူး ကလေးမရဲ့. . . 'လို့ အဘိုးကြီးတွေက ဖြေတာကို ကြားရပြန်သတဲ့။

'ဘာဖြစ်လို့ပါလဲ အဘတို့ရယ်'လို့ သူကလည်း မေးမိရတော့တာပေါ့။

အဘိုးကြီးတစ်ယောက်ကနောက်တစ်ယောက်ကို လက်ညှိုးထိုးပြပြီး ပြန်ပြောတယ်။ 'သူ့နာမည်က ဘဏနေတဲ့။' ကျန်တစ်ယောက်ကိုလည်းလက်ညှိုးထိုးလိုက်ပြီး 'ဟိုဘက်ကတစ်ယောက်ကတော့ဘအောင်လံတဲ့အဘရဲ့နာမည်ကတော့ ဘမေတ္တာပါတဲ့ကွယ်။ ကဲ. . . ကဲ. . . ကလေးမရဲ့အိမ်သားကို အဘတို့ရဲ့နာမည်လေးတွေပြောပြပြီးဘယ်သူ့ကိုကလေးမတို့ရဲ့အိမ်ထဲ အဖိတ်ချင်ဆုံးလဲဆိုတာသွားမေးချေပါဦးလား။ သုံးယောက်စလုံးတော့ ဝင်လို့ကိုမဖြစ်လို့ အခုလိုပြောရတာပါ' လို့ ဆိုပြန်သတဲ့။

ဒါနဲ့ အမျိုးသမီးလည်း အဘိုးကြီးပြောတဲ့အတိုင်း အိမ်ထဲကို

http://www.linhtet.com



ပြန်ဝင်၊ သူ့ခင်ပွန်းသည်ကို အဘိုးကြီးတွေ ပြောတဲ့အတိုင်း တစ်လုံးမကျန် အစီရင်ခံရပြန်သတဲ့။ ဇနီးသည် ပြောတဲ့စကားကိုလည်း ကြားလိုက်ရရော ခင်ပွန်းလုပ်သူ အမျိုးသားလည်း ထခုန်မိမတတ်ပျော်သွားသတဲ့။ 'နိုပ်လိုက်တာ မိန်းမရာ၊ တစ်ယောက်တည်းသာ ခေါ်ကြစတမ်းဆို ဘဏေကိုသာ အိမ်ထဲခေါ်လိုက်ပါကွာ။ ဓနဆိုတာ ကြွယ်ဝချမ်းသာမှုနိမိတ်ပဲ။ တို့အိမ်ထဲကို ဓနတွေနဲ့ ဖြည့်လိုက်ရအောင်လေ'

လင်သားက အဲလိုပြောတော့ ဇနီးလုပ်သူက သဘောမတူဘူး။ 'အစ်ကိုရယ်၊ ကျွန်မသဘောကဖြင့် ဘအောင်လံကိုပဲ အိမ်ထဲသွင်းချင် လှပါတယ်။ ဒါမှ တစ်အိမ်လုံးမှာ အောင်မြင်မှုတွေရမှာပေါ့'

အမျိုးသမီးက အဲလိုပြောလိုက်တဲ့အခါမှာတော့ သူတို့စကားပြောနေတဲ့အခန်းထောင့်မှာ ကုပ်ကုပ်ကလေး ထိုင်ရင်း သူတို့စကားနားစွင့်နေတဲ့ သူတို့ရဲ့ ချွေးမလုပ်သူက တစ်စခန်းထလာပြန်ပါတော့တယ်။

'အဖေတို့၊ အမေတို့ကလည်း ဖိတ်ချင်းဖိတ် ဘမေတ္တာကိုသာ ဖိတ်သင့်တယ်လို့ သမီးကတော့ ထင်ပါတယ်။ ဒါမှလည်း သည်အိမ်တစ်အိမ်လုံး မေတ္တာတွေနဲ့ ထုံမွှမ်းပြီး အေးချမ်းစိုပြည်နေတော့မှာပေါ့ အဖေတို့ရဲ့. . . 'တဲ့။

ချွေးမလုပ်သူက အဲလိုလည်း ပြောလိုက်ရော ယောက္ခထီးလုပ်သူ ခင်ပွန်းသည်က သူ့မယားကို အခုလို ပြန်ပြောလိုက်ပြန်သတဲ့။

'မိန်းမရေ၊ ငါ့သမီးပြောတာလည်း ခပ်ကောင်းကောင်းပဲကွ။ လုပ်ကွာ၊ ဘမေတ္တာကိုသာ ဖိတ်လိုက်တာ အကောင်းဆုံးပဲ။ သွားသာ ဖိတ်ချေတော့'

ဒါနဲ့အမျိုးသမီးလည်း အပြင်ကို တစ်ခေါက်ပြန်ထွက်ရပြန်တယ်။ အပြင်ရောက်တာနဲ့ အဘိုးကြီးသုံးယောက်ကို သူက အခုလိုပြောလိုက်

http://www.linhtet.com



သတဲ့။ 'အဘိုးတို့အထဲကဘယ်သူက ဘမေတ္တာပါလဲရှင်။ ကျွန်မတို့ မိသားစုက ဘမေတ္တာကို အိမ်ထဲဝင်ဖို့ ဖိတ်ချင်လို့ပါနော်'

ဘမေတ္တာဆိုတဲ့ အဘိုးကြီးလည်း ထိုင်ရာက ထတဲ့ပြီး အိမ်အဝင်ဝ ဆီကို ခြေလှမ်းပြင်လိုက်ပါတယ်။ သည်အခါမှာ ကျန်တဲ့ အဘိုးကြီး နှစ်ယောက်ကလည်း နေရာကထပြီး ဘမေတ္တာနောက်ကို လိုက်ဖို့ ခြေလှမ်း ပြင်လိုက်ကြပါတော့တယ်။

အမျိုးသမီးလည်း အတော့်ကို အံ့အားသင့်သွားတယ်။ ဒါနဲ့ ဘဓနနဲ့ဘအောင်လံတို့ကို ချက်ချင်း လှမ်းပြောလိုက်မိတယ်။ 'ကျွန်မက ဘမေတ္တာတစ်ဦးတည်းကို ဖိတ်လိုက်တာပါ။ စောစောကပြောတော့ သုံးယောက်စလုံး ဝင်လို့မဖြစ်ဘူးဆို။ အခုတော့ အဘတို့ သုံးယောက် စလုံး ဝင်လို့ဖြစ်သွားပြီလား. . .'

အဲလိုလည်းမေးလိုက်ရော အဘိုးကြီးသုံးယောက်စလုံးက တစ်ပြိုင် တည်း ပြန်ဖြေကြပါတယ်။

'အေး. . . ကလေးမတို့က ဘဓနကိုဖြစ်ဖြစ်၊ ဘအောင်လံကိုဖြစ်ဖြစ် ဖိတ်မယ်ဆိုရင်တော့ ကျန်တဲ့နှစ်ယောက်က အပြင်မှာ နေခဲ့တော့မလို့ပဲကွဲ့။ အခုတော့ သမီးတို့က ဘမေတ္တာကို ဖိတ်လိုက်တာကိုး။ ကလေးမ သေချာမှတ်ထား။ ဘယ်တော့မဆို မေတ္တာသာ ရှိနေမယ်ဆိုရင် ဓနရော၊ အောင်လံပါ ရှိနေမယ်ဆိုတာ ညည်းတို့ဘဝ တစ်သက်စာ မှတ်သားကြ ပေတော့ကွယ်. . .'

ပုံပြင်ကလေးကတော့ ဒါပါပဲခင်ဗျား။

**(အလင်းတန်းဂျာနယ်၊ ၂၈-၀၂-၀၀)**

http://www.linhtet.com

# ဘဝလမ်းညွှန်

**၁။ ချစ်ခြင်းမေတ္တာရယ်၊ အောင်မြင်မှုရယ်ဆိုတာကို ရရှိဖို့အတွက် ဘဝမှာ ပေးဆပ်ရတဲ့ အရင်းအနှီးတွေက သိပ်ကြီးတတ်တယ် ဆိုတာကို ဘယ်တော့မှ မမေ့အပ်ဘူး။**

ဟုတ်ပါရဲ့နော်။ အချစ်တစ်ခုကို ရဖို့အတွက် ပေးဆပ်ရတဲ့အရင်းအနှီးဆိုတာလည်း နည်းမှတ်လို့။ အချစ်စစ်ဆိုရင်ပိုတောင်ခက်သပေါ့။ တချို့များဆိုရင်သေသာသွားတယ်၊အချစ်အစစ်နဲ့ဆုံခွင့်ကိုမကြုံလိုက်ရဘူး။ သိုးဆောင်းဆိုရိုးတစ်ခုကိုတောင်သတိရမိပါသေးတယ်။'အချစ်စစ်ဆိုတာသရဲတစ္ဆေလိုပဲ။လူတိုင်းကသရဲတစ္ဆေအကြောင်းပြောတတ်ကြသလောက်တကယ်တွေ့ဖူးသလားဆိုတော့ ဘယ်သူမှလည်းတွေ့ဖူးတာမျိုး မဟုတ်ဘူးလေ'တဲ့။

http://www.linhtet.com



အဲလိုပါပဲ။ အောင်မြင်မှုတစ်ခုခုကို ရဖို့အတွက် ပေးဆပ်ရတဲ့အရင်း အနှီးကလည်း သိပ်ကြီးပါတယ်။ တချို့ကပြောကြတယ်၊ ဟိုလူကွာ၊ အပေါင်းအသင်းကောင်းလို့၊ အကပ်အရပ်ကောင်းလို့ နေ့ချင်းညချင်း ချမ်းသာသွားတာတဲ့၊ ကံစွပ်လို့ပါကွာတဲ့။ ဒါပေမယ့် စဉ်းစားကြည့်ပါ၊ အဲလိုလူမျိုးမှာတောင် သူပေးဆပ်လိုက်ရတဲ့အရင်းအနှီးထဲမှာ သိက္ခာ တွေ၊ အတ္တမာနတွေ၊ ကိုယ်ကျင့်တရားတွေပါ ပါသွားတာမို့ သူ့အရင်း အနှီးကလည်း မသေးပါဘူး။

**၂။ ဆုံးရှုံးမှုနဲ့ကံရတဲ့အခါ သင်ခန်းစာကိုပါ အဆုံးရှုံးမခံပါနဲ့။**

ဟုတ်ပါရဲ့။ ဘဝမှာ ဆုံးရှုံးမှုဆိုတာကို ထင်းခွေမကြုံ ရေခပ်ကြုံ ရမှာကလူတိုင်းပါ။ အရှုံးနဲ့ရင်ဆိုင်ရတဲ့အခါ သင်ခန်းစာယူတတ်ရင် အရှုံးထဲက အမြတ်ထွက်မှာ သေချာပါတယ်။ ဒါကြောင့် အရှုံးနဲ့ ကြုံရ သည့်တိုင် အဲသည်အရှုံးထဲက သင်ခန်းစာကို လက်လွှတ်မခံမှ လူဆက် လုပ်လို့ ကောင်းနေမှာပါ။

**၃။ ဘဝရဲ့ ရွှေဥပဒေသုံးရပ်ကတော့. . .**

**(က) မိမိကိုယ်ကို လေးစားပါ။**

**(ခ) သူတစ်ပါးကို လေးစားပါ။**

**(ဂ) ကိုယ်လုပ်သမျှ အရာအားလုံးအတွက် တာဝန်ယူပါ။**

လူတွေဟာမိမိကိုယ်ကို ရိုသေလေးစားရဲ့လားလို့စဉ်းစားမိနေတာကြာပါပြီ။ ကိုယ့်ကိုယ်ကိုယ် လေးစားတတ်တဲ့သူမှ တစ်ဖက်သားကို လေးစားတတ်မယ်။ ဒါပေမယ့် ကိုယ့်အတွက် တစ်ကွက်မချန်ဘဲ၊ ရိုးရိုးသားသားစဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လေးစား မှုရှိရဲ့လားလို့။ အာရုံနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း ထင်ရာလုပ်မိနေတတ်တဲ့အခါ၊ မတရားမှန်းသိပေမယ့် ငါစွဲလေးနဲ့

http://www.linhtet.com



ထင်တိုင်းကျဲပြီး မသိချင်ယောင်ဆောင်မိသွားတဲ့အခါ၊ စိတ်နဲ့လူနဲ့ မမြဲဘူးကွာဆိုပြီး ယောက်မခါးကြားထိုးရင်း လိုက်ရှာနေမိတဲ့အခါမျိုးတွေမှာ မိမိကိုယ်ကို တကယ်လေးစားမိပါရဲ့လား။

တစ်ဆက်တည်းမှာပဲသူတစ်ပါးကိုရော ကိုယ်ကလေးလေးစားစား ဆက်ဆံမိသလားဆိုတာကို စဉ်းစားကြည့်ပါဦး။ လေးလေးစားစား ဆက်ဆံဖို့နေနေသာသာတစ်ဖက်လူရဲ့စကားကို ဆုံးအောင်နားထောင်ပေးဖို့လေးတောင် စိတ်မရှည်ချင်တတ်တဲ့ ကိုယ့်စိတ်ကို ပြန်သတိထားမိရင် သည်အချက်ဟာ လေးနက်နေမှာပါ။

နောက်ဆုံးတစ်ချက်ဖြစ်တဲ့ ကိုယ်လုပ်သမျှအရာအားလုံးအတွက် ကိုယ်ကိုယ်တိုင်တာဝန်ယူဖို့ကတော့လူလုပ်ရာမှာအခက်အခဲဆုံးကိစ္စပါပဲ လူဆိုတာကကိုယ့်အတွက်တစ်ကွက်ချန်တတ်တဲ့အမျိုးတွေချည်း ဖြစ်နေတာကိုး။ ထစ်ကနဲရှိ ဟိုလိုဖြစ်လို့။ ဟိုလူ့ကြောင့်၊ ဟိုဟာကြောင့်ဆိုပြီးကိုယ်တိုင်တာဝန်ယူဖို့ထက်တစ်ခုခု၊တစ်ယောက်ယောက် အပေါ်ပုံချဖို့ ဝသီပါနေတာ လူတွေပါပဲ။

ဒါပေမယ့် တာဝန်ယူတတ်တဲ့စိတ်ကလေးသာ မွေးယူနိုင်မယ်ဆိုရင် ဘဝမှာ အရာရာလေးနက်လာမယ်။ မိမိကိုယ်ကို လေးစားစိတ်လည်းတိုးပွားလာမယ်၊အများကလည်း ကိုယ့်အပေါ်လေးစားလာပါလိမ့်မယ်။ဘဝအဓိပ္ပာယ်နဲ့ ဘဝတန်ဖိုးကလည်း တက်လာမှာ အမှန်ပါပဲ။

### ၄။ တစ်ခါတလေလိုချင်တာမရလိုက်တာဟာ ကံကောင်းခြင်းတစ်မျိုးပဲ ဆိုတာလည်း မမေ့ပါနဲ့။

ဟုတ်ပ။

ဆင်ဖြူတော်နဲ့ကြွက်ဘယ်သင်းကိုပိုလိုချင်မှာလဲ။ရှင်းပါတယ်နော်။ ဒါပေမယ့် တစ်ခါတလေ ကိုယ်လိုချင်နေတာကကြွက်ဖြစ်နေပြီး

http://www.linhtet.com



မရလိုက်တော့ ကိုယ့်မှာနင့်နင့်နဲနဲ့ခံစားလို့။ နောက်ကျမှ ဆင်ဖြူတော်ကြီးဝင်လာတာတွေ့ပြီး ကြွက်မဝင်ခဲ့တာဘဲ ခပ်ကောင်းကောင်းလို့ပြန်တွေးနေမိတတ်တယ်။ ကံဖယ်တယ်ဆိုတဲ့စကားကို လိုချင်တာ မရတဲ့အခါတွေမှာလည်း သတိထားမိဖို့ လိုတာပေါ့နော်။

**၅။ ဘဝရဲ့စည်းမျဉ်းဥပဒေတွေကို ကြေကြေညက်ညက်စွာ နားလည်နေပါစေ။ ဒါမှ စနစ်တကျ ချိုးဖောက်တတ်နေမှာ။**

အားပါးတယ်ကောင်းတဲ့စကား။ အခုခေတ်လူငယ်တွေကြိုက်နေတဲ့ 'အော်လ်တာ' (alternative) ပါပဲ။

အနုပညာပုံစံသစ်တစ်ခုဖြစ်တဲ့ alternative ဆိုတာ စည်းကမ်းတွေကို ကြေကြေညက်ညက် သိပြီးမှ အဲသည့်စည်းကမ်းတွေကို စနစ်တကျ ချိုးဖျက်ဖန်တီးယူတာမျိုးပါပဲ။ သမားရိုးကျအတိုင်း မဟုတ်ဘဲ လမ်းခွဲထွက်တဲ့ အနုပညာပုံစံလို့လည်း ပြောလို့ရမယ်ထင်ပါတယ်။

ထားပါတော့၊ ဘဝမှာလည်း တစ်ခါတစ်ခါကျ စိတ်အလိုလိုက်ပြီး စည်းကမ်းဖောက်ချင်တတ်တဲ့သူချည်းပါပဲ။ ဒါပေမယ့် စည်းကမ်းကို မကြေရင်၊ မညက်ရင် အဲလို စည်းကမ်းဖောက်တဲ့အခါတွေမှာ စည်းလွတ်ဝါးလွတ် ပရမ်းပတာ ဖြစ်နေတတ်တယ်။ စည်းကမ်းကို ညက်တဲ့သူတွေ စည်းကမ်းဖောက်တဲ့အခါကျတော့ သပ်သပ်ရပ်ရပ်ကလေးနဲ့ ဘာအစမှ မကျန်ရစ်တတ်ဘူး၊ အဲတော့ လူ့ဘဝမှာ ပုထုဇဉ်စစ်တဲ့လူအဖြစ် ရပ်တည်ချင်တယ်ဆိုရင်တော့ ဘဝရဲ့ဥပဒေသတွေကို ကြေနေရမှာပေါ့နော်။

**၆။ ဘာမဟုတ်တဲ့ သဘောထားကွဲလွဲမှုလေးတစ်ခုကြောင့် ခိုင်မြဲတဲ့ သံယောဇဉ်ကို ထိခိုက်မသွားပါစေနဲ့။**

http://www.linhtet.com



ဒါလည်းစဉ်းစားသင့်တဲ့အချက်ပါပဲ။ စိတ်အလို၊ ငါစွဲ၊ နိုင်ချင်တဲ့ဆန္ဒလေးတစ်ခုကြောင့် ပြတ်တောက်သွားတဲ့သံယောဇဉ်တွေ၊ စိမ်းတိမ်း တိမ်း၊ ဆတ်တတ်တတ်ဖြစ်သွားရတဲ့ ဆက်ဆံရေးတွေကို ပြန်ဖို့ကြည့်ရင်ဘာမဟုတ်တဲ့သဘောထားကွဲလွဲမှုလေးတစ်ခုကြောင့်ဖြစ်နေတာ တွေ့ ရမှာပါ။

ငါ့နှယ်ကွာ၊ မဖြစ်လိုက်ရင်အကောင်းသားလို့နောင်လွဲနောင်ခါမှ တွေးမိနေတာထက်စာရင် သံယောဇဉ်ကိုတန်ဖိုးထားပြီးကွဲလွဲမှုအသေး အမွှားလေးတွေကိုရှောင်နိုင်အောင်သတိလေးနဲ့အားထုတ်နေမယ်ဆိုရင် နေရတဲ့ဘဝမှာ သံယောဇဉ်များစွာနဲ့ ထုံမွှမ်းပြီး သာယာနေမှာ မလွဲဧကန်ပါပဲလေ။

## ၇။ အမှားတစ်ခုကျူးလွန်လိုက်မိမှန်း သတိထားမိသွားတာနဲ့ ပြင်ဖို့ ချက်ချင်းကြိုးစားပါတော့။

တစ်ခါတလေကျ မှားမှန်းသိလျက်နဲ့ ဇွတ်တိုးမိတတ်တာလည်း လူ့သဘာဝတစ်ခုပဲ။ မှားမှန်းသိသိချင်း ပြင်ဖို့ဆိုတာကလည်း ခက်ခဲတဲ့ အလုပ်တစ်ခုပါပဲနော်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ပြင်နိုင်မယ်ဆိုရင်တော့ နေပျော် တဲ့ ဘဝလမ်းကြောင်းပေါ် ပြန်ရောက်လာမှာပါပဲ။

## ၈။ ကိုယ့်တစ်ယောက်တည်းနေတဲ့ အချိန်လေးတစ်ချိန်တော့ နေ့တိုင်း ရှိပါစေ။

လူဆိုတာတစ်ယောက်တည်းမနေတတ်တဲ့သတ္တဝါဆိုတာတော့မှန်တယ်။ ဒါပေမယ့် တစ်နေ့မှာတစ်ခါတော့ကိုယ့်ဘာသာတစ်ယောက် တည်းနေကျင့်လေးရှိနေဖို့လိုတယ်။ တစ်ယောက်တည်းငြိမ်ငြိမ်လေးနေ ပြီး ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်ရင်သုံးသပ်၊ မသုံးသပ်လည်း တွေး

http://www.linhtet.com



ချင်ရာ တွေးနေဖို့အချိန်လေးပေ့ါ။ အဲဒါလေးရှိနေမှ နေရတာ နိပ်တာ။

**၉။ အပြောင်းအလဲကို ရင်ဖွင့်ပြီးကြိုလိုက်စမ်းပါ။ ဒါပေမယ့် ကိုယ့်တန်ဖိုးတွေကိုတော့ ချမပစ်ကြေးနော်။**

အပြောင်းအလဲဆိုတာ အခါခပ်သိမ်းဖြစ်နေတာပဲ။ တရားသဘောနဲ့တော့ အနိစ္စလေ။ ဒါပေမယ့် အနိစ္စဆိုပြီးထင်တိုင်းကဲလိုက်ရင် မှား သွားမှာပေ့ါ။ အဲတော့ ဘဝမှာ ကိုယ်က ဘယ်ဟာကို တန်ဖိုးထားသလဲ၊ အဲသည့်တန်ဖိုးကိုတော့ အပြောင်းအလဲကြောင့် ဈေးလျှော့လိုက်ဖို့ မလို ဘူးဆိုတဲ့ သဘောပါပဲ။

**၁၀။ တစ်ခါတလေကျတော့လည်း ဆိတ်ဆိတ်နေလိုက်ခြင်းဟာ အကောင်းဆုံးအဖြေပဲဆိုတာကို သတိရပါ။**

နှုတ်ကြောင့် သေရတဲ့အခါတွေမှာ ငါ့နှယ်နော်၊ ဘာမှပြန်မပြော လိုက်မိရင် အကောင်းသားလို့ တွေးမိဖူးကြမယ် ထင်ပါတယ်။ အဲလို အခါမျိုးတွေ နည်းပါးသွားအောင် ရံဖန်ရံခါ ခပ်မဆိတ်နေတဲ့ အကျင့် လေးကို မွေးယူရမှာပေ့ါနော်။

**၁၁။ ဘဝကိုကောင်းကောင်းမွန်မွန်၊ သိက္ခာရှိရှိ ထူထောင်ပါ။ ဒါမှလည်းအသက်ကြီးလာလို့ကိုယ့်ဘဝကိုယ် ပြန်ငဲ့စောင်းကြည့်တဲ့အခါ ဒုတိယမ္ဗိ ကြည်နူးမိမှာလေ။**

ထင်ရာကဲ့ပြီး လွဲခဲ့သမျှကို အသက်ကြီးမှ ပြန်စဉ်းစားမိရင် ဘယ်လိုလုပ် ကိုယ့်ကိုယ်ကိုယ်ကျေနပ်နိုင်မှာတဲ့လဲ။ ဒါ သိပ်သေချာ တာပေ့ါ။ကိုယ့်လိပ်ပြာက ကိုယ့်ပြန်ချောက်လို့သေရာညောင်စောင်းမှာ အယူတိမ်းရတဲ့သူတွေလည်း လောကမှာ အများကြီး။ အဲတော့ မိမိဘဝမှာလိပ်ပြာသန့်သန့်နဲ့နေနိုင်ဖို့အတွက်အစောကြီးကတည်းကကိုယ့်

ဘဝကို ကောင်းကောင်းမွန်မွန်၊ သိက္ခာရှိရှိထူ ထောင်ထားနိုင်ဖို့ သိပ်အရေးကြီးတာပေါ့။

**၁၂။ အိမ်တွင်းရေးသာယာမှုဟာဘဝအတွက် အခြေခံအုတ်မြစ်ပါပဲ။**

လူတွေ ဘာကြောင့်ထင်ရာလုပ်မိတတ်ကြသလဲ။ အိမ်တွင်းရေး မသာယာလို့ပေါ့။ အဖေနဲ့အမေနဲ့ကတစ်ချိန်လုံး ကတောက်ကဆဖြစ်ပြီးအိမ်ပူနေရင် ကလေးတွေ ဘယ်အိမ်ကပ်ချင်တော့မလဲ၊ လမ်းပေါ်ရောက် သွားမယ်၊ ထင်ရာစိုင်းကြမယ်။ မယားလုပ်သူက ပူညံပူညံလုပ်ရင် လင်သားလည်း ဘယ်အိမ်ပြန်ချင်မလဲ၊ အလားတူပဲ လင်လုပ်သူက ငြူစူတတ်နေရင်လည်း မယားခမျာ တခြားမှာ ထွက်ပေါက်ရှာမိတော့မှာပဲ။

ဒါကြောင့် အောင်မြင်တဲ့ဘဝကိုရချင်ရင် အိမ်တွင်းရေးသာယာမှုဟာ တကယ့်အခြေခံပါပဲ။

**၁၃။ ချစ်သူတွေနဲ့သဘောထားကွဲလွဲတဲ့ အခါ လတ်တလောဖြစ်နေတာ ကိုပဲ ဦးတည်မိပါစေ၊ အတိတ်တွေကို မဖော်မိပါစေနဲ့။**

ပြဿနာတစ်ခုခု ဖြစ်လာရင် ညောင်မြစ်တွေတူး၊ ပုတ်သင်ဥတွေ ပေါ်လာရာက မလိုလားအပ်ဘဲ နာကျည်းကုန်ရတဲ့ ချစ်သူတွေလည်း သည်လောကမှာအများသားအဓိကကတော့ဖြစ်နေတာကိုပြောနေရင်းက အတိတ်တွေကို တူးဖော်မိသွားတဲ့ အကျိုးကျေးဇူးပါပဲ။

အဲတော့ ချစ်သူတွေနဲ့ပြဿနာဖြစ်လာရင် အတိတ်ကိုရှောင်ပြီး လက်ငင်းကိစ္စကိုသာဦးတည်ပြောဆိုနေမိမယ်ဆိုရင်နာကျင်စရာတွေနဲ့ ဝေးနေတော့မှာ အမှန်ပေါ့။

http://www.linhtet.com



**၁၄။ ကိုယ့်ရဲ့အသိပညာကို မျှဝေပေးပါ။ အဲလိုသာဆို ကိုယ့်ကိုလူတွေက ထာဝရ တနေမှာပေါ့။**

ကိုယ်သိတာကိုယ့်ဝမ်းထဲမှာသာသိမ်းထားတဲ့လူဆိုတာ အလကား ပဲလေ။ကိုယ့်အသိ၊ကိုယ့်ပညာကို အများအတွက်မျှဝေပေးနိုင်လေလေ၊ ကိုယ့်ကို လူတွေတသသဖြစ်လေလေပါပဲ။ လူသေပေမယ့် နာမည်မသေ ဆိုတာအဲလိုမိမိရဲ့အသိအမြင်၊ ပညာကို မျှဝေပေးနိုင်သူများနဲ့ကျမှ ဖြစ်တတ်တာမျိုးကလား။

**၁၅။ တစ်နှစ်မှာတစ်ခါတော့ ကိုယ်တစ်ခါမှ မရောက်ဖူးသေးတဲ့အရပ် ဒေသတစ်ခုခုကို အရောက်သွားပါ။**

ဒါကတော့ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်မှာချည်း ဖိစီးတင်းကြပ် နေသူများနဲ့ သက်ဆိုင်ပါလိမ့်မယ်။ လူဆိုတာ ဘယ်လိုလူမျိုးမဆို အပြောင်းအလဲလေးတွေကိုခုံမင်တတ်တာမို့အရပ်ဒေသအပြောင်းအလဲ လေးတွေဆီ တစ်နှစ်တစ်ခါလောက် သွားပေးခြင်းအားဖြင့် မိမိကိုယ်ကို အားသစ်လောင်းနိုင်ပါတယ်။

**၁၆။ ကိုယ်လိုချင်တဲ့အောင်မြင်မှုတစ်ခုကို ရဖို့အတွက် ကိုယ်ဘာတွေ ပေးဆပ်ခဲ့ရသလဲဆိုတာနဲ့ပဲ ကိုယ့်အောင်မြင်မှုကို တိုင်းတာပါ။**

အောင်မြင်မှုကို လူတိုင်းခံစားဖူးကြပါလိမ့်မယ်။ အောင်မြင်မှု ကြောင့် ဘဝင်တွေလည်း လေဟပ်ဖူးကြလိမ့်မယ်။ ဒါပေမယ့် အဲသည့် အောင်မြင်မှုကို ရဖို့အတွက် ကိုယ့်ဘက်က ဘာတွေပေးဆပ်ခဲ့ရသလဲ ဆိုတာကို ပြန်စဉ်းစားမိတာနဲ့တစ်ပြိုင်နက် ကိုယ့်အောင်မြင်မှုဟာ ပိုမို လေးနက်လာနိုင်သလို ဘဝင်မြင့်ချင်တဲ့ရောဂါကိုလည်း အလိုလိုကုပြီး သား ဖြစ်သွားမှာပါ။

http://www.linhtet.com

၄၂ **အတ္တကျော်**

ဖတ်လိုက်ရတဲ့ ဘဝအတွက် ညွှန်ကြားချက်တွေကတော့ သည်လောက်ပါပဲ။ လူတိုင်းအတွက် တစ်နည်းမဟုတ်တစ်နည်း အသုံးတည့်နေလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**(အလင်းတန်းဂျာနယ်၊ ၂၇-၀၃-၀၀)**

http://www.linhtet.com

# ဖားလေးနှစ်ကောင်

တစ်နေ့တော့ ဖားတစ်သင်းဟာ တောကြီးမျက်မည်းထဲမှာ ခရီးလှည့် နေကြသတဲ့။ အဲလို လှည့်နေတုန်း သစ်ရွက်တွေ ဖုံးနေလို့မမြင်သာတဲ့ တွင်းနက်ကြီးတစ်တွင်းထဲကို သူတို့အုပ်စုထဲက နှစ်ကောင် ကျသွား ပါလေရော။ ဟား. . . ကျန်တဲ့ဖားတွေကလည်း တွင်းနှုတ်ခမ်းမှာ ဝိုင်းနေတော့တာပေါ့။

တွင်းကြီးဘယ်လောက် နက်လဲဆိုတာကို တွင်းနှုတ်ခမ်းမှာ ဝိုင်း နေတဲ့ ဖားတွေက မြင်ရတဲ့အခါ ကျသွားတဲ့ ဖားနှစ်ကောင်ကို သူတို့က သည်လို ပြောတယ်။

'မင်းတို့တော့ သွားပြီ။ ဘယ်လိုမှ ပြန်တက်လို့ရတော့မှာ မဟုတ် ဘူး။ တွင်းထဲမှာပဲ မင်းတို့နှစ်ကောင် သေရတော့မယ်'တဲ့။

တွင်းထဲကျနေတဲ့ ဖားနှစ်ကောင်လည်း သူတို့အဖော်တွေ ပြောတဲ့

http://www.linhtet.com



စကားကို လစ်လျူရှုလိုက်ကြပြီး သူတို့ကိုယ်စွမ်းရှိသလောက် တွင်းနှုတ်ခမ်းဆီ အတင်း ခုန်တက်ကြတော့တာပေါ့။ ဝိုင်းကြည့်နေတဲ့ တွင်းနှုတ်ခမ်းက ဖားတွေလည်း တစ်ခါတည်းကို သံပြိုင်အော်ကြပြန်ပါလေရော။

'ဟေ့ကောင်တွေ၊ အဲလို မလုပ်ကြနဲ့လေ။ မင်းတို့တော့ သေကုန်တော့မှာပဲ။ ဟာ. . . ခက်တဲ့ကောင်တွေ၊ ခုန်တက်လို့လည်း တွင်းက အနက်ကြီးကွ၊ ဘယ်လိုလုပ် တက်နိုင်မှာလဲ။ တက်မရမယ့်အတူတူ အေးအေးသက်သာ အသေခံလိုက်ကြပါတော့လားကွာ။ မင်းတို့ ခုန်ခုန် တက်နေတော့ အမောလည်းဆို့၊ ကိုယ်လည်းနာပြီးမှ သေရမှာထက် စာရင် သည်တိုင်းလေး အေးအေးသက်သာ အသေခံလိုက်တာက ပို မကောင်းပေဘူးလားကွယ်ရို့. . . ' တဲ့။

အဲသလို ပြောလွန်းမက ဝိုင်းပြောကြတဲ့အခါ တွင်းထဲကျနေတဲ့ ဖားနှစ်ကောင်အနက်က တစ်ကောင်ကတော့ ဝိုင်းပြောတဲ့ဖားတွေရဲ့ စကားအတိုင်း လိုက်နာပြီး ဆက်မကြိုးစားတော့ဘူး။ အဲလိုလည်း မကြိုးစားဘဲ နေလိုက်ရော သူလည်း မတ်တတ်ကလဲပြီး သေပွဲကို တန်းဝင်သွားတော့တာပါပဲ။

ကျန်တဲ့ ဖားတစ်ကောင်ကတော့ မရပ်မနား။ သူ့မှာရှိသမျှ အတွင်းအား၊ အပြင်အား အကုန်ထုတ်သုံးပြီးကို ခုန်ရင်း တွင်းနှုတ်ခမ်းပေါ်ကို မရောက်အရောက် ကြိုးစားနေပါတော့တယ်။

အဲတော့လည်း တွင်းနှုတ်ခမ်းမှာ ဝိုင်းကြည့်နေတဲ့ သူ့အပေါင်းအသင်းတွေက တစ်ချီတစ်မောင်း ထပ်အော်ကြပြန်တယ်။

'ဟကောင်ရ၊တော်ပါတော့ဟာသည်လောက်နက်တဲ့တွင်းကြီးထဲကမင်းဘယ်လိုမှခုန်ထွက်နိုင်မှာမဟုတ်ပါဘူးအလကားအသား

http://www.linhtet.com



အနာခံနေမယ့်အစားအသေသာခံလိုက်ပါတော့သူငယ်ချင်းရယ်. . . 'တဲ့၊

ဒါပေမယ့် ခုန်နေတဲ့ ဖားကတော့ ရပ်ကို မရပ်တော့ဘူး။ သူခုန်နေတဲ့အားထက် နှစ်ဆတိုးပြီးတောင် ထပ်ခုန်လိုက်ပါတော့တယ်။ နောက်ဆုံးမှာတော့ တွင်းနှုတ်ခမ်းပေါ်ကို အဲသည့် ဖားကလေးလည်း ဖုတ်ဆို ပြန်ရောက်သွားပါလေရော။

သူလည်း တွင်းနှုတ်ခမ်းပေါ်ရောက်ရော စောစောက ဝိုင်းအော်နေတဲ့ သူ့အပေါင်းအသင်းများကလည်း သူ့ကို ဝိုင်းပြီး မေးကြတယ်။

'မင်းကွာ၊ ငါတို့ သည်လောက် တားနေတာ မကြားဘူးလားကွဟေ. . .'

တွင်းထဲက ပြန်ထွက်လာတဲ့ ကိုရွှေဖားကလည်း အမောဖြေရင်းနဲ့ သူ့အပေါင်းအသင်းတွေကို ရှင်းပြတယ်။

'ငါ့နားက သိပ်မကောင်းဘူးကွ။ မင်းတို့ အော်နေတာ၊ ငါ့ကို တားနေတာလား။ မသိပါဘူးကွာ၊ ငါက ငါ့ကို ဝိုင်းပြီးဩဘာပေးနေတယ် မှတ်လို့. . . 'တဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ။

သည်ပုံပြင်က ပေးလိုက်တဲ့ သင်ခန်းစာ နှစ်ခုကတော့. . .

(၁) နှုတ်နဲ့လျှာဟာ သေစေ၊ ရှင်စေနိုင်တဲ့ စွမ်းအားတွေ ရှိနေပါတယ်။ လူတစ်ယောက် စိတ်ပျက်အားငယ်နေတဲ့ အချိန်မှာ အားပေးစကားလေး တစ်ခွန်းလောက် ပြောလိုက်တာဟာ အဲသည်လူကို အားတက်စေနိုင်ပြီး ဘဝအမောတွေ ပြေသွားစေနိုင်ပါတယ်။

(၂) စိတ်ပျက်အားငယ်နေတဲ့သူကို အပျက်စကား ပြောလိုက်ခြင်းအားဖြင့် အဲသည့်လူကို သတ်လိုက်နိုင်ပြန်ပါသေးတယ်။

ကိုယ့်ဘဝမှာတွေ့လာကံလာရသူများကိုရှင်ရေးအတွက်ပဲပြောမိ

http://www.linhtet.com



နေအောင် သတိထားဖို့ လိုပါလိမ့်မယ်။

စကားတစ်ခွန်းရဲ့ စွမ်းအားကို သတိထားမိကြဖို့ပါပဲ။ အားပေး စကားလေးတစ်ခွန်းဟာဘယ့်ကလောက်တောင် တာသွားသလဲဆိုတာ တောင်တောင်တန်တန် တွေးမိကြမယ် မထင်ဘူး။ အံ့သြစရာကောင်းတာက လူအတော်များများဟာ အတိဒုက္ခရောက်နေသူများကို သူတို့တွေ အတိ ဒုက္ခနဲ့နဖူးတွေ့၊ ဒူးတွေ့ရင်ဆိုင်နေရတဲ့ အချိန်မှာစိတ်ပျက်အားလျော့ဖွယ် စကားတွေချည်း နင်းပြောဖြစ်သွားဖို့ ဝန်မလေးတတ်ကြတာပါပဲ။

**(အလင်းတန်းဂျာနယ်၊ ၀၃-၀၄-၀၀)**

http://www.linhtet.com

# ကိုယ့်မြေ

ဟိုး . . ရှေးရှေးတုန်းက ရှင်ဘုရင်ကြီးတစ်ပါး ရှိသတဲ့။

တစ်နေ့မှာတော့ အဲသည့်ရှင်ဘုရင်ကြီးက သူ့မြင်းထိန်းကို ခေါ်ပြီး အခုလို ပြောတယ်။

'ငါကိုယ်တော်မြတ်ရဲ့မြင်းကို တက်စီးစမ်းကွာ။ ပြီးရင် မောင်မင်း သွားချင်သလောက်သွား။ မောင်မင်းစီးသွားတဲ့မြင်း နင်းမိသမျှ မြေတွေ အားလုံး မောင်မင်းကို အပိုင်စားပေးတော်မူမယ်'

မြင်းထိန်းလည်း ဘယ်နေတော့မလဲ။ သည်လို အခွင့်အရေးမျိုး ဆိုတာ ရခဲလှပါဘိတော့။

ဒါနဲ့ တစ်ခါတည်း မြင်းပေါ် ခုန်တက်ပြီး ကဆုန်စိုင်းလေတော့ တာပေါ့။ ဒါမှလည်း ခရီးများများပေါက်၊ ခရီးများများပေါက်မှ မြေ များများ နင်းမိ၊ မြေများများနင်းမိမှ သူပိုင်မြေတွေ အများကြီး ဖြစ်လာ

http://www.linhtet.com



မှာ မဟုတ်လား။

သည်လိုနဲ့ မြင်းထိန်းဟာ မြင်းပေါ်က မဆင်းတော့ဘဲ မနားတမ်း ဒုံးစိုင်းနေတော့တာပေါ့။ မြင်းကိုလည်း ဆက်တိုက်ရိုက်ပေးနေရသေး တယ်။ ဒါမှလည်း မြင်းကလည်း မြန်သထက်မြန်အောင် ပြေးမှာလေ။

စီးရင်းစီးရင်းနဲ့ နေ့တစ်ဝက်ကျိုးလို့ ဆာလာတော့လည်း မြင်းထိန်းက မနားဘူး၊ မောလာတော့လည်း မနားဘူး၊ ရေငတ်တော့လည်း မနားဘူး။ နားလိုက်တဲ့အချိန်လေးမှာ လွတ်သွားမယ့် မြေကွက်ကလေးကို မက်နေ တာကိုး။

အဲလိုနဲ့ တစ်နေလည်း ကုန်လုရော တော်တော့်ကို ကျယ်ပြောတဲ့ မြေကွက်ကြီးကိုလည်း နင်းမိတဲ့အချိန်ကို ရောက်လာပါတော့တယ်။ အဲသည့်အချိန်မှာတော့ မြင်းထိန်းဟာ ခြေကုန်လက်ပမ်း ကျလွန်းမက ကျပြီး သေငယ်ဇောနဲ့ မျောနေပါပြီ။ အဲသည့်အချိန်ကျတော့မှ သံဝေဂက မြင်းထိန်းရဲ့ ခေါင်းထဲမှာ ပေါ်လာတော့တယ်။

'ဘယ်လို စိတ်ရှုးတွေ ပေါက်ပြီးများ ငါဆိုတဲ့ငါဟာ သည်လောက် ကျယ်ပြောတဲ့မြေကွက်ကြီးကိုရဖို့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ခဲ့မိတာလဲ မသိဘူး။ အခုတော့ငါ့လောဘနဲ့ ငါ သေရတော့မယ်။ အဲလိုအချိန်ကျ တော့ ငါ့အတွက် လိုအပ်တဲ့မြေက ဘယ်လောက်ရှိလို့လဲ၊ အလွန်ဆုံးမှ ၆ပေ၊ ၄ပေတည်းရယ်. . . 'တဲ့။

သည်ပုံပြင်လေးဟာ ကျွန်တော်တို့ လူသားများရဲ့ဘဝခရီးနဲ့ တော် တော့်ကို နီးစပ်တဲ့ ပုံပြင်လေးပါပဲ။ ကျွန်တော်တို့ဟာ ငွေ၊ ဩဇာနဲ့ အသိအမှတ်ပြုခံရလိုမှုဆိုတာနောက်ကိုလိုက်ရင်းကိုယ့်ကျန်းမာရေးရယ်၊ ကိုယ့်မိသားစုအတွက်ထားရှိရမယ့်အချိန်ရယ်၊ ဩကာသလောကကြီး ရဲ့အလှအပတွေကိုခံစားဖို့ရယ်နဲ့ ကိုယ်ဝါသနာပါတာလေးတွေ လုပ်

http://www.linhtet.com



ကိုင်ဆောင်ရွက်ဖို့ရယ်တို့ကိုပါ လစ်လျူရှုထားဖြစ်နေတတ်ကြပါတယ်။

အဲလိုနဲ့ တစ်ချိန်ကို ရောက်လာတဲ့အခါမှာတော့ တစ်သက်လုံး ကုန်းရုန်းပြီးလုပ်ခဲ့၊ ရှာခဲ့သမျှတွေဟာ အလကားပါပဲ။ တကယ်တော့ ဒါတွေ မလိုအပ်ပါဘူးလို့ ပြောဖြစ်လာပါတော့တယ်။ ဒါပေမယ့် အဲလို ပြောဖြစ်တဲ့အချိန်မှာ ကုန်ဆုံးသွားတဲ့အချိန်တွေကို ပြန်ရအောင် နာရီကို နောက်ပြန်လှည့်လို့ကတော့ ဘယ်လိုနည်းနဲ့မှမရနိုင်တော့ဘူး။

အဲတော့ စာဖတ်သူလူကြီးမင်းများ ခင်ဗျား. . .

စိတ်ကို အေးအေးလေးထားပြီး ကိုယ်လုပ်ချင်တာ၊ ကိုယ်စိတ်ဝင်စားတာလေးတွေကိုလုပ်ရင်းသဘာဝတရားကြီးကိုချစ်ခင်မြတ်နိုးလိုက်စမ်းပါ။တကယ်တော့ဘဝဆိုတာအင်မတန့်ကိုရှတတကျွပ်ဆတ်ဆတ်ကလေးရယ်ပါ။ ဆန့်သောလက်မကွေးမီ၊ ကွေးသောလက်မဆန့်မီ လိုရာအကုန်ဖြစ်သွားနိုင်တယ်။ရှင်ခွင့်ရနေတဲ့အချိန်လေးကိုထာဝရလို့ မအောက်မေ့မိကြပါစေနဲ့။ ရှင်နေခိုက်လေးမှာ မိမိကိုယ်ကို ဣရိယာပုတ်မျှအောင် နေထိုင်ရင်း ဘဝအရသာကို ခံစားသင့်လှပါတယ်။

သည်အထိ ရေးပြီးသွားချိန်မှာ စာမူလေးက တိုစိတိုနံ့လေး ဖြစ်လို့နေပါတယ်။ ဘာဖြည့်ထည့်ရင် ကောင်းမလဲလို့စဉ်းစားနေဆဲမှာပဲ ကျွန်တော့်မိတ်ဆွေ ဖိလစ်ပိုင်သူ'မာလင်'က စာလေးတစ်စောင် လှမ်းပို့လိုက်ပြန်တယ်။အဲသည့်စာလေးကအထက်မှာဖော်ပြခဲ့တဲ့အကြောင်းအရာနဲ့တစ်နည်းတစ်ဖုံ ဆက်နွှယ်နေတာမို့ သူ့စာကိုပဲ ဘာသာပြန်လိုက် ရပြန်တယ်။

ဩဇာ၊ ဘွဲ့ထူး၊ ဂုဏ်ထူး၊ သိက္ခာ၊ ခွန်အားဗလ၊ စီးပွားဥစ္စာ အစရှိတဲ့ အရာတွေကို ကျားကုတ်ကျားခဲရှာဖွေနေတဲ့ ကျွန်တော် အပါအဝင် လူတချို့ကို ဘဝမှာဦးစားပေးနေမိတာတွေအားလုံးကိုပြန်လှည့်

http://www.linhtet.com



ဆင်ခြင် မြင်သိနိုင်စေမယ့် စဉ်းစားစရာအချက်လေးတစ်ချက်ပါပဲ။

လောကီစည်းစိမ်တွေကလည်း လောကုတ္တရာ ချမ်းသာရေးကို ပေး မလိုလို ထင်ကြတယ်။ တကယ်ကျ ဟုတ်လို့လား။

ဟုတ်မဟုတ် သက်သေပြစမ်းဆို ပြတောင်ပြလိုက်ချင်သေးဗျား။ ဟောသည့် မေးခွန်းလေးတွေကို ဖြေကြည့်စမ်းပါ။

ကမ္ဘာ့အချမ်းသာဆုံး လူဆယ်ယောက်ရဲ့အမည်ကို ရွတ်ပြပါ။

ကမ္ဘာ့အားကစားချန်ပီယံ ဆယ်ယောက်ရဲ့အမည်ကို ရွတ်ပြပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ကမ္ဘာ့အလှမယ်ဘွဲ့ရခဲ့တဲ့ မိန်းကလေး ဆယ်ယောက်ရဲ့ အမည်ကိုလည်း ရွတ်လိုက်ဦး။

အကောင်းဆုံးဇာတ်ကားဆုအတွက် အော်စကာ အကယ်ဒမီဆု ရထားတဲ့သူ ၈ယောက်ရဲ့အမည်ကိုလည်း ရွတ်ပါ။

အလားတူပဲ၊ နိုဗဲလ်ဆုဖြစ်ဖြစ်၊ ပူလစ်ဇာဆုပဲဖြစ်ဖြစ်ရထားတဲ့လူ ၈ယောက်ရဲ့အမည်ကိုလည်း ရွတ်ကြည့်ပါဦး။

ဘယ့်နှယ့်လဲ. . .

ကမ္ဘာ့ဗဟုသုတတွေ ကျွန်တော့်မှာ မရှိလို့ပါဆိုရင် မြန်မာနဲ့ပဲချိန်ပြီး ပြန်မေးကြည့်ရအောင်။

မြန်မာပြည်မှာ အချမ်းသာဆုံး လူဆယ်ယောက်ရဲ့အမည်။

မြန်မာ့အားကစား ချန်ပီယံ ဆယ်ယောက်ရဲ့အမည်။

လွန်ခဲ့တဲ့၁၀နှစ်အတွင်းကမြန်မာအလှမယ်ဆယ်ယောက်ရဲ့အမည်။

အကောင်းဆုံးဇာတ်ကားဆုရထားတဲ့မြန်မာကားစကားရဲ့အမည်။

အမျိုးသားစာပေဆုဖြစ်ဖြစ်၊ လူမှုထူးချွန်ဆုဖြစ်ဖြစ် တစ်ခုခုရထား သူ၈ယောက်ရဲ့အမည်။

အဲဒါတွေကို လက်တန်းချပြောစမ်းပါဆိုရင် စာဖတ်သူလူကြီးမင်း

http://www.linhtet.com



ဘယ်လို ဖြေမလဲ။

ကျွန်တော့်ကို ခိုင်းရင်တော့ အင်း၊ အင်း၊ အား၊ အားနဲ့ ခွေးအကြီးလှည်းနင်းသလိုဖြစ်နေမှာ အမှန်ပဲဗျ။

ကျွန်တော်တို့၊ ခင်ဗျားတို့တွေ မေ့လွယ်ပျောက်လွယ်ပုံများအံ့ပါရဲ့၊ နော့ . . .။

ကျွန်တော် အထက်မှာမေးခဲ့တဲ့ ကမ္ဘာ၊ မြန်မာမေးခွန်းတွေထဲမှာပါခဲ့တဲ့သူတွေဟာ ဒုတိယတန်းစားတွေ မဟုတ်ဘူးနော်။ ပထမတန်းစားတွေထဲကချည်းပဲ။ သူ့နယ်ပယ်နဲ့သူတော့ ဒိတ်(ထိပ်)တွေချည်းပဲ။ ဒါပေမယ့် လက်ခုပ်သံဆိုတာ အနိစ္စ။ ဆုဆိုတာလည်း အနိစ္စ၊ အချိန်တန်ရင် ဝါ၊ ထိန်၊ မှိန်သွားတာပဲ။ စွမ်းဆောင်ချက်တွေကလည်း အနိစ္စ၊ ပြီးရင် မေ့သွားကြတာပဲ။ ဒိုင်းတွေ၊ ရွှေတံဆိပ်တွေ၊ ချီးကျူးအောင်မြင်မှု လက်မှတ်တွေကလည်း ပိုင်ရှင်နဲ့အတူ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရစမြဲပါပဲ။

ကဲ . . . ဒါဖြင့် နောက်ထပ်မေးခွန်းလေးတွေမေးကြည့်ပါရစေဦး သည်မေးခွန်းတွေကျစာဖတ်သူလူကြီးမင်းဘယ်လိုဖြေမယ်ဆိုတာလည်း ကိုယ့်ဘာသာ ပြန်သုံးသပ်ကြည့်နော်။

ကိုယ်နဲ့အတူသွားလာစားသောက်လို့ကောင်း၊ စကားပြောလို့လည်း ကောင်းတဲ့ လူသုံးယောက်ရဲ့အမည်။

ကိုယ့်ကိုတန်ဖိုးရှိတာလေးတွေသင်ကြားပေးခဲ့တဲ့လူဆယ်ယောက်ရဲ့အမည်။

ကိုယ်ဒုက္ခရောက်နေချိန်မှာကိုယ့်ကိုကူညီစောင်မခဲ့တဲ့သူငယ်ချင်းကောင်း ငါးယောက်ရဲ့အမည်။

ကျောင်းသားဘဝမှာကိုယ့်အတွက်အမှတ်တရရှိစေခဲ့တဲ့မြတ်ဆရာတချို့ရဲ့အမည်။

ကိုယ်အားကျတဲ့လူ ၆ယောက်ရဲ့အမည်။
အဲဒါတွေကို စဉ်းစားကြည့်လိုက်စမ်းပါ။

ဘယ့်နှယ့်လဲ?ပထမမေးခွန်းထက် လွယ်မသွားဘူးလား။ ကျွန်တော်ဆို ချက်ချင်းကို ဒေါင်းဒေါင်းပြေး တန်းရွတ်နိုင်သဗျ။ စာဖတ်သူလူကြီးမင်းလည်း အတူတူပဲနေမှာပါ။

သင်ခန်းစာက ဘာလဲ။

ကိုယ့်ဘဝမှာရော သူများတွေရဲ့ဘဝတွေမှာပါ အရေးပါနေသူများ ဟာလည်း ထူးချွန်ဆုရှင်တွေ တစ်ယောက်မှ မဟုတ်ဘူးနော်။

ဘယ်လိုလူမှ ကိုယ့်ဘဝ၊ သူ့ဘဝမှာ အရေးပါသလဲဆိုတာ ကိုယ့်ဘာသာ စဉ်းစားကြည့်ပေရော့။

**(အလင်းတန်းဂျာနယ်၊ ၁၇-၀၄-၀၀)**

http://www.linhtet.com

# ရောင်းတယ် ဝယ်တယ်

အလုပ်များတဲ့ လူတစ်ယောက်ပေါ့။ ကနေ့လည်း နောက်ကျပြန်ပြီ။ စိတ်မော၊ လူမောလည်းဖြစ်နေပြီ။ အဲလိုနဲ့အိမ်ပြန်ရောက်တဲ့အခါ သူ့ရဲ့ ငါးနှစ်သားလေးက တံခါးဝမှာ စောင့်နေတယ်။

'ဖေဖေ. . . ဖေဖေ့ကို သားတစ်ခု မေးလို့ရမလား ဟင်. . .'

'မေးကွာ၊ မေး. . . မေး. . .'

'ဖေဖေ အလုပ်လုပ်တဲ့အခါ တစ်နာရီကို ပိုက်ဆံဘယ်လောက် ရလဲဟင်. . .'

ဖအေလုပ်တဲ့သူက သားရဲ့မေးခွန်းကြောင့် စိတ်တိုသွားတယ်။

'ဟကောင်ရ၊ အဲဒါ မင့်အလုပ် မဟုတ်ဘူး။ ဘာကိစ္စ ငါ့ကို ဒါတွေ လာမေးနေရတာလဲ။ အလုပ်ပင်ပန်းလို့ စိတ်တိုနေရတဲ့အထဲ။ မင်းနော်. . . .'

'သားသိချင်လို့ပါ ဖေဖေရယ်။ သားကို ဆူချင်လည်းဆူ၊ ရိုက်ချင်လည်းရိုက်ပါ။ ဒါပေမယ့် ဖေဖေ တစ်နာရီ အလုပ်လုပ်ရင် ပိုက်ဆံဘယ်လောက် ရသလဲဆိုတာတော့ သားကို ပြောပြပေးပါနော်. . .'

ငါးနှစ်သားလေးက မျက်နှာငယ်လေးနဲ့ ခယယ တောင်းပန်နေပြန်တယ်။

'အေး. . . မင်းသိပ်သိချင်တယ်ဆိုရင်တော့ပြောပြရတာပေါ့ကွာ။ ငါ တစ်နာရီ အလုပ်လုပ်ရင် ဒေါ်လာ ၂၀ရတယ်ကွ။ ကဲ. . . ကျေနပ်ပြီ လား. . .'

'အဲလောက်တောင်မှလား'လို့ သားလေးက ပြောပြီး ခေါင်းငိုက်စိုက်ကျသွားတယ်။

ဒါပေမယ့် ချက်ချင်းပဲပြန်မော့ပြီး သူ့ဖအေကိုမေးလိုက်ပြန်တယ်။

'ဖေဖေ၊ သားကို ကိုးဒေါ်လာလောက် ချေးပါလားဟင်. . .'

ဖအေလုပ်တဲ့သူရဲ့ ဒေါသက ငယ်ထိပ်ကိုရောက်သွားတယ်။

'ဘာကွ. . . ငါ ပိုက်ဆံဘယ်လောက်ရလဲဆိုတာ မင်းသိချင်တာ ငါ့ဆီက ပိုက်ဆံချေးပြီး ပေါက်တတ်ကရ ကစားစရာတွေ၊ အဓိပ္ပာယ်မရှိတဲ့ပစ္စည်းတွေဝယ်ဖို့ကိုးကွ၊ ငါက အကောင်းမှတ်လို့။ သွားစမ်းကွာ။ အိပ်ရာထဲ သွားအိပ်ချေတော့။ ငါ့မျက်စိအောက်က ထွက်သွားစမ်း။ မဟုတ်ရင် မင်းကို ငါဆော်မိတော့မယ်။ ငါ့မှာတော့ တစ်နေ့တစ်နေ့ ပင်ပင်ပန်းပန်း လုပ်ကိုင် ရှာဖွေ ရုန်းကန်နေရတယ်။ မင်းက အလိုက်ကန်းဆိုးမသိ။ ငါ့ကို သက်သက်မယ့် လာဦးနှောက်စားနေတယ်။ သွားစမ်း၊ သွားစမ်း. . .'

ဖအေလုပ်တဲ့သူက အဲလိုလည်း ငေါက်လိုက်ရောသားလေးလည်း သူ့အိပ်ခန်းလေးထဲ အသာဝင်သွားပြီး တံခါးလေး ပိတ်လိုက်ပါတော့

http://www.linhtet.com



တယ်။

ဖအေလည်း ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ချလိုက်ပြီး စဉ်းစား ကြည့်တဲ့အခါ ပိုလို့တောင် ဒေါသဖြစ်လာတယ်။ သည် လက်တောက် လောက်ရှိတဲ့ ငါးနှစ်သားလေးက တော်တော် လူဝါးဝတဲ့သတ္တဝါလေး ပေပဲလို့လည်းတွေးမိတယ်။ ဘာလဲ၊ တစ်နာရီကို ပိုက်ဆံဘယ်လောက် ရလဲဆိုတဲ့မေးခွန်းကို ငါးနှစ်သားက ဖအေကိုမေးပြီးမှ ပိုက်ဆံတောင်း စရာလား။ တွေးလေ၊ အူယားစရာ ကောင်းလေ။

တစ်နာရီသာသာလောက် ကြာတဲ့အခါမှာတော့ ဖအေလုပ်တဲ့သူ စိတ်နည်းနည်းငြိမ်သွားတယ်။ အမောလည်း ပြေသွားပြီ။

သည်အခါမှာတော့သားလေးအပေါ် သိပ်တင်းမာလွန်းရာကျသွား ပြီလား၊ လွန်များသွားလားလို့ တွေးမိလာရပြန်တယ်။

သည်ကောင်လေးက အင်မတန်ပိုက်ဆံတောင်းခဲတဲ့ ကလေး။ တစ် ခါမှလည်း ဖအေဆီက ပိုက်ဆံမတောင်းဖူးပါဘူး။ အခုမှ ကိုးဒေါ်လာ လောက် ခဏချေးပါလို့ပြောတာ။ သူ့မှာ တကယ်လိုချင်တာလေး တစ်ခုခု ရှိနေလို့များလားမှမသိ။

အဲသည့်အတွေးနဲ့ သားငယ်ရဲ့အိပ်ခန်းကို ဖအေက လိုက်သွား တယ်။ အခန်းထဲ ရောက်တဲ့အခါ 'သားသားအိပ်ပြီလားကွ' လို့လည်း မေးလိုက်တယ်။

'မအိပ်သေးပါဘူး ဖေဖေ၊ သား နိုးနေပါတယ်' လို့ကလေးက ပြန်ဖြေတယ်။

'အေးကွာ. . . စောစောကဖေဖေသားကိုနည်းနည်းစိတ်တိုမိသွား တယ်။ တစ်နေ့လုံး အလုပ်ပင်ပန်းတာတွေ၊ မောတာတွေကို သား အပေါ်မှာ အထုပ်ဖြည်လိုက်မိသလိုဖြစ်သွားတယ်သားရယ်။ရော့. . .

http://www.linhtet.com



ရော့၊ သည်မှာ မင်းလိုချင်တဲ့ ကိုးဒေါ်လာ'

သားလုပ်တဲ့သူက ငေါက်ကနဲ ထထိုင်လိုက်သလို သူ့မျက်နှာလေးကလည်း ချက်ချင်း ဝင်းပသွားပါတော့တယ်။

ပြီးတော့ သူ့ခေါင်းအုံးအောက်ကို လက်နှိုက်လိုက်ပြန်တယ်။ သားရဲ့ ခေါင်းအုံးအောက်က ထွက်လာတာကတော့ တွန့်ကြေနေတဲ့ ငွေစက္ကူတွေပါ။

သားဆီမှာပိုက်ဆံတွေလည်း တွေ့လိုက်ရော ဖအေ့ဒေါသတွေက လည်း အလိုလို ပြန်ထွက်လာတယ်။ ဘာကောင်လဲ၊ သူ့မှာ ပိုက်ဆံတွေ ရှိရက်သားနဲ့ ဘာလို့ ကိုးဒေါ်လာ ထပ်တောင်းတာလဲလို့ တွေးနေတုန်းမှာ သားလေးက ပိုက်ဆံလေးတွေကို ရေနေတယ်။ သေချာရေပြီးတဲ့အခါ သားက ဖအေကို မော့ကြည့်တယ်။

'မင်းမှာ ပိုက်ဆံရှိရဲ့သားနဲ့ ဘာလို့ ထပ်တောင်းရတုန်းကွ. . .'

ဖအေလုပ်သူက သားကို ငေါက်မိရပြန်တယ်။

'သားမှာရှိတာနဲ့ မလောက်လို့ ထပ်တောင်းတာပါ ဖေဖေ။ အခုတော့ ပြည့်ပါပြီ။ ဟောသည့်မှာ ဒေါ်လာ၂၀ပါ ဖေဖေ။ ဖေဖေ့အချိန်ထဲက တစ်နာရီလောက် သားကို ရောင်းပါလားဟင်. . .'

စာဖတ်သူ လူကြီးမင်းများ ခင်ဗျား. . .

ပုံပြင်လေးကတော့ ဒါပါပဲ။

သည်ပုံပြင်လေးကို ကိုယ်နဲ့ခင်တဲ့သူ တစ်ဦးဦးကို ထပ်ဆင့်ပြောပြလိုက်ပါ။ ပြီးရင် လူကြီးမင်းရဲ့ဒေါ်လာ၂၀တန် အချိန်လေးကိုလည်း ကိုယ်ချစ်တဲ့သူကို အလကား ပေးလိုက်ပါလားဗျာ။

**(အလင်းတန်းဂျာနယ်၊ ၂၂-၀၅-၀၀)**

# ကျောက်ခဲကြီးများ

အချိန်ကို စီမံခန့်ခွဲတဲ့ဘာသာရပ်ဆိုတာဟာ ခေတ်ပေါ် စီမံခန့်ခွဲရေးပညာမှာ အရေးတကြီး ဆွေးနွေးလာရတဲ့ ဘာသာရပ်တစ်ခုပဲဖြစ်ပါတယ်။ ခေတ်မီ ကမ္ဘာကြီးမှာ လူတိုင်းဟာ စားသုတ်သုတ်၊ သွားသုတ်သုတ်နဲ့ အလုပ် ရှုပ်နေကြတာချည်းပဲ။ သည်အထဲမှာ အချိန်မလောက်လို့၊ အချိန်မရှိလို့၊ မအားလို့ဆိုတဲ့ အကြောင်းတွေကလည်း ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝ တွေထဲမှာ ကြီးစိုးလို့ လာနေပါတယ်။

ဒါကြောင့် စီမံခန့်ခွဲရေးပညာမှာ 'အချိန်ကိုခန့်ခွဲခြင်း'ဆိုတဲ့ ဘာသာရပ်နဲ့ ခေါင်းစဉ်က ရှိနေတယ်။

မကြာသေးခင်ကဘဲ အဲသည့်ဘာသာရပ်နဲ့ပတ်သက်တဲ့ ကျွမ်းကျင် သူတစ်ဦး ရေးထားတာလေး ဖတ်လိုက်ရတယ်။

တစ်နေ့မှာ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးဟာစီးပွားရေးပညာကို

http://www.linhtet.com



သင်ယူနေတဲ့ကျောင်းသားတွေကိုပို့ချနေတယ်။ အဲလို ပို့ချနေခိုက်မှာပဲ ကျောင်းသားများအနေနဲ့ ဘယ်သောအခါမှာမှ မမေ့နိုင်မယ့် သရုပ်ပြချက် တစ်ကွက်ကို ဆရာလုပ်သူက တင်ဆက်လိုက်ပါတယ်။ ဒါမှလည်း သူပြောချင်တဲ့အချက်ကို ပေါ်လွင်စေတော့မှာကိုး။

ဆရာလုပ်သူဟာ ထက်မြက်သွက်လက်လှတဲ့ ကျောင်းတော်သားတွေ ရှေ့မှာ မတ်တတ်ရပ်ပြီး ပြောလိုက်တယ်။

'ကဲ. . . အခု ကျွန်တော် ခင်ဗျားတို့ကို ပဟေဠိ တစ်ပုဒ်ပေးမယ်'

ပြောပြောဆိုဆိုနဲ့ သူဟာ တစ်ဂါလံဆန့်တဲ့ အဝကျယ်ဖန်ချိုင့်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး သူ့ရှေ့ကစားပွဲပေါ်မှာ တင်လိုက်ပါတယ်။ ပြီးတော့ အံဆွဲထဲကနေ လက်သီးဆုပ်လောက်ရှိတဲ့ ကျောက်ခဲတစ်ဒါဇင်လောက်ကို ထုတ်တဲ့ပြီးဖန်ချိုင့်ထဲကို တစ်လုံးချင်း၊ တစ်လုံးချင်း စီ ခပ်ဖြည်းဖြည်း ထည့်လိုက်တယ်။

ဖန်ချိုင့်တစ်ခုလုံးလည်းပြည့်သွားရော နောက်ထပ်ကျောက်ခဲတွေအတွက် နေရာလပ်က မကျန်တော့ဘူး။ သည်အခါမှာ ဆရာလုပ်တဲ့သူက မေးလိုက်ပါတယ်။

'ဖန်ချိုင့် ပြည့်သွားပြီလားဗျာ'

တစ်တန်းလုံးက တစ်ညီတစ်ညာတည်း ဖြေပါတယ်။

'ဟုတ်ကဲ့. . . ပြည့်သွားပါပြီ'

အဲသည့်အခါကျတော့ ဆရာက'ဟုတ်ကဲ့လားဗျ'လို့ပြောရင်းက ကျောက်စရစ်ခဲတွေ ထည့်ထားတဲ့ ပုံးတစ်ပုံးကို စားပွဲအောက်ကနေ ထုတ်ယူလိုက်တယ်။ ပြီးတော့ ပုံးထဲက ကျောက်စရစ်ခဲလေးတွေကို ဖန်ချိုင့်ထဲ ထည့်ပြီး လှုပ်လိုက်တဲ့အခါ ခဲလုံးကြီးတွေကြားမှာ ကျောက်စရစ်ခဲတချို့က ဝင်သွားတော့တာပေါ့။

http://www.linhtet.com



သည်အခါမှာလည်း ဆရာက အတန်းကို မေးလိုက်ပြန်တယ်။

'ကဲ. . . ဖန်ချိုင့်က ပြည့်သွားပြီလားဗျာ. . .'

သည်အခါမှာတော့ အတန်းက နည်းနည်းပါးသွားပြီမို့ ဘယ်သူမှ စောစောကလို ချက်ချင်းမဖြေဘဲ အသာငြိမ်နေကြတယ်။ သည်အထဲမှာမှ တစ်ယောက်က ဖြေလိုက်တယ်။

'ပြည့်ပြီလို့ အပြောရခက်တယ်ဆရာ. . .'

'သိပ်မှန်တာပေါ့. . .'

ပြောပြောဆိုဆိုနဲ့ ဆရာဟာ စားပွဲအောက်မှာရှိနေတဲ့ နောက်ထပ်ပုံးတစ်ပုံးကိုဆွဲထုတ်လိုက်ပြန်တယ်။ အဲသည့်ပုံးထဲမှာတော့ သဲတွေ ပါတယ်။

သဲပုံးကိုထုတ်ပြီးတဲ့အခါမှာတော့ ဆရာက စောစောကကျောက်ခဲတွေ၊ ကျောက်စရစ်ခဲလေးတွေနဲ့ပြည့်နေတဲ့ ဖန်ချိုင့်ထဲကို သဲတွေ ထည့် လိုက်ပြန်တယ်။ သည်အခါ ရှိရှိသမျှ နေရာလပ်တွေကြားမှာ သဲတွေက ဝင်ကုန်ပြန်ရော။

ပြီးလည်းပြီးရော ဆရာက နောက်တစ်ခါ ထပ်မေးပြန်တယ်။

'ပြည့်ပြီလားဗျ. . .'

တစ်တန်းလုံးက သည်အခါမှာ ညီညာဖျဖျအော်လိုက်ကြတယ်။

'မပြည့်သေးပါဘူး. . .'

'သိပ်ဟုတ်တာပေါ့. . .'လို့ပြောပြီး ဆရာက ရေတကောင်းတစ်လုံးကို ဆွဲယူလိုက်ပြီး ဖန်ချိုင့်ထဲကို လောင်းထည့်လိုက်ပြန်တယ်။ ဖန်ချိုင့် နှုတ်ခမ်းရောက်တဲ့အထိ ရေတွေနဲ့ ဖြည့်ပြီးတဲ့အခါမှာတော့ ဆရာက အတန်းကို မေးတယ်။

'သည်သရုပ်ပြကွက်က ဘာကိုပြောချင်လဲဆိုတာ ခင်ဗျားတို့ သိ

http://www.linhtet.com



ကြလား. . . ’တဲ့။

သွက်လက်တဲ့ ကျောင်းသားတစ်ယောက်က ဆရာ့ကို သူဖြေလိုတဲ့ အကြောင်း လက်ထောင်ပြပြီး အခုလို ဖြေလိုက်တယ်။

‘အစီအစဉ်တွေ၊ အချိန်တွေ ဘယ်လောက်ကြပ်နေနေ၊ သေသေချာချာ ကြိုးစားမယ်ဆိုရင် တခြားဟာတွေလုပ်ဖို့ အချိန်ဆိုတာ အလိုလို ထွက်လာနိုင်တယ်ဆိုတဲ့သဘောပါ ဆရာ’

‘မဟုတ်ဘူးဗျ’လို့ဆရာက ပြန်ပြောပါတယ်။ ‘သည်ပြကွက်ရဲ့ လိုရင်းက အဲဒါမဟုတ်ဘူး။ သည်မှာ အရေးကြီးဆုံးအချက်က အကြီးဆုံး ကျောက်ခဲတွေကိုအရင်ဆုံး ထည့်အပ်တယ်ဆိုတဲ့ အချက်ပါပဲဗျာ။ ကျောက်ခဲအကြီးတွေကိုသာ အရင်ဖြည့်မထားရင် ကျန်တာတွေကို ဘယ်လိုမှ ဖြည့်လို့ရမှာ မဟုတ်ဘူးလေ’တဲ့။

စာဖတ်သူလူကြီးမင်းရဲ့ဘဝမှာဘယ်ဟာတွေကကျောက်ခဲအကြီးတွေလဲ။စဉ်းစားကြည့်ပါကိုယ်ရောက်ချင်တဲ့ခရီးလား၊ ကိုယ်ဖြစ်ချင်တဲ့ ဘဝလား၊ ကိုယ်ချစ်တဲ့သူတွေနဲ့ အတူနေချင်တာလား၊ ကိုယ့်ယုံကြည်ကိုးကွယ်မှုလား၊ ကိုယ့်ပညာရေးလား၊ ကိုယ့်စီးပွားရေးလား၊ တခြားအရေး တစ်ခုခုလား၊ သေချာစဉ်းစားလိုက်ပါ။

အဲသည့် ကိုယ့်ဘဝမှာ တန်ဖိုးအထားဆုံးအရာအတွက် အရင်ဆုံး အချိန်ပေးလိုက်ပါ။ ပြီးပြီဆိုရင် ကျန်တာတွေအတွက် အချိန်တွေကို ကိုယ်လိုရင် လိုသလို၊ လိုသလောက်ထုတ်ယူလို့ရပြီလို့သာ မှတ်ပါတော့။

အချိန်မရှိဘူး၊ အချိန်မလောက်ဘူး၊ မအားဘူးဆိုတဲ့ လူတွေဟာ သူတို့ဘဝမှာ ဘယ်ဟာက ကျောက်ခဲကြီးတွေလဲဆိုတာ မသိလို့သာ ဖြစ်နေရတာပါ။

http://www.linhtet.com



ကျောက်ခဲကြီးတွေကိုသာ အရင်ထည့်နှင့်ထားမယ်ဆိုရင် ဖန်ချိုင့်ထဲမှာ ဖြည့်စရာနေရာလပ်တွေ ကျန်နေမှာ သေချာပါတယ်နော်။

**(အလင်းတန်းဂျာနယ်၊ ၂၉-၀၅-၀၀)**

http://www.linhtet.com

# ဆေးရုံမှာ

အသည်းအသန်ဖြစ်နေတဲ့လူမမာနှစ်ယောက်ဟာ ဆေးရုံတစ်ရုံမှာ တစ် ခန်းတည်း သွားကျနေတယ်။

လူမမာတစ်ယောက်က တစ်နေ့ကို တစ်နာရီလောက် ခုတင်ပေါ်မှာ ထိုင်ခွင့်ရတယ်။ ဒါမှလည်း သူ့အဆုတ်ထဲက အရည်တွေကိုစစ်သလိုဖြစ်မှာကိုး။အဲလို ထထိုင်ခွင့်ရတဲ့သူရဲ့ခုတင်က အဲသည့်အခန်းလေးရဲ့ တစ်ခုတည်းသော ပြတင်းပေါက်ဘေးမှာ ရှိနေပါတယ်။

နောက်တစ်ယောက်ခမျာမှာတော့ တစ်ချိန်လုံး ကျောခင်းနေရတဲ့ အနေအထားပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ လူမမာနှစ်ယောက်ဟာ တစ်ယောက်ကို တစ် ယောက်အဖော်လုပ်နေကြရတယ်ဇနီးမယားသမီးသားတွေအကြောင်း၊ အိမ်အကြောင်း၊အလုပ်အကြောင်း၊တောအကြောင်းတောင်အကြောင်း

http://www.linhtet.com



ရောက်တတ်ရာရာပြောရင်းနဲ့ညည်းငွေ့ဖွယ်ရာ သူတို့ရဲ့နေ့တာများကို ကျော်လွှန်ဖြတ်သန်းနေကြပါတယ်။

အဲလိုနဲ့နေ့ခင်းချိန်ခါကိုရောက်လို့ပြတင်းပေါက်ဘေးခုတင်ပေါ်က လူမမာ ထ,ထိုင်ပြီဆိုတာနဲ့ သူဟာ ပက်လက်လဲနေတဲ့ လူမမာကို ပြတင်းကတစ်ဆင့် သူမြင်ရသမျှကို ပြောပြလေ့ရှိတယ်။

ခုတင်ပေါ်မှာ ပက်လက်လဲနေရှာတဲ့ လူမမာခမျာမှာလည်း အဲတော့မှပဲ အပြင်လောကကြီးရဲ့အရောင်တွေ၊ အရိပ်တွေကို နားနဲ့ခံစားရင်း အသက်ဆက်နေနိုင်တော့တယ်။

ပြတင်းပေါက်က လှမ်းမြင်နေရတာကတော့ သာယာတဲ့ရေကန်လေးနဲ့ ပန်းခြံလေးတစ်ခုပါပဲ။ ဘဲတွေ၊ ငန်းတွေဟာ ရေကူးမြူးတူးနေကြသလို ကလေးငယ်တွေကလည်း သူတို့ရဲ့ စက္ကူလှေလေးတွေကို ကန်ထဲမှာ လွှတ်နေကြတယ်။

ငယ်ရွယ်တဲ့ချစ်သူစုံတွဲတွေကတော့ လက်ချင်းချိတ်လို့၊ ရောင်စုံပန်းခြံကြီးထဲမှာ လမ်းလျှောက်နေတာကိုလည်းတွေ့နိုင်တယ်။ ဟိုးအဝေး ဆီမှာတော့ မိုးကုပ်စက်ဝိုင်းပါ။

ပြတင်းဘေးက လူမမာဟာ သူမြင်ရသမျှကို အဲလို အသေးစိတ်ပြောပြတတ်သလို ပက်လက်လဲနေတဲ့ လူမမာကလည်း ပြောသမျှကို မျက်စိစုံမှိတ်နားထောင်ရင်းစိတ်ကူးထဲမှာအပြင်ဘက်က ကမ္ဘာလေးကို ပုံဖော်ကြည့်နေတတ်တယ်။

တစ်နေ့ခင်းမှာတော့ ပြတင်းနားကလူက သူမြင်ရတဲ့ ရှင်လောင်းပွဲတစ်ပွဲကို ပြောပြပြန်ပါတယ်။ ရှင်လောင်းလှည့်တဲ့အခါ ကြားရမြဲဖြစ်တဲ့ ဆိုင်းသံတွေကို မကြားရပေမယ့် ပြတင်းနားက လူရဲ့ ပြောင်မြောက်တဲ့ အပြောအဆိုကြောင့်ပက်လက်လဲနေသူရဲ့စိတ်အာရုံမှာရှင်

http://www.linhtet.com



လောင်းလှည့်နေတာကို ထင်ထင်ရှားရှားကြီးကို မြင်လိုက်ရသလိုပါပဲ။

အဲသည့်အချိန်မှာပဲစိတ်ရိုင်းကပက်လက်လဲနေသူရဲ့ရင်ထဲကို ဖျတ်ခနဲဝင်လာတယ်လူမမာချင်းအတူတူ၊သူကျတော့အပြင်ကိုမြင်ခွင့်ရနေပြီး ကိုယ့်ကျမှ အကန်းတစ်ယောက်လို ဖြစ်နေပါလားလို့ တွေးမိလာတာပါ။ပထမတော့ကိုယ့်အတွေးနဲ့ကိုယ် တော်တော်ရှက်သွားတယ်။ သည်လို တွေးမိစရာလား၊ မနာလိုစိတ် ပေါ်စရာလားပေါ့။

ဒါပေမယ့် ရက်တွေကြာလာပြီး မမြင်လိုက်ရတာတွေက များလာတဲ့အခါမှာတော့ သူ့ရဲ့မနာလိုစိတ်ဟာ မစ္ဆရိယစိတ်အဖြစ်ကို အလိုလိုပြောင်းလဲသွားပြီး ခါးသီးလာတော့တယ်။ အဲသည့်ခံစားချက်က ဘယ်လောက်တောင် ပြင်းလာသလဲဆိုရင် သူကတော့ မြင်ခွင့်ရနေပြီး၊ကိုယ့်ကျမှအခြေအနေမပေးလေခြင်းဆိုတဲ့ အတွေးက သူ့ကို တစ်ချိန်လုံး နှိပ်စက်နေတော့တယ်။ ညဆိုအိပ်လို့တောင် မပျော်တော့ဘူး။

ပက်လက်လဲနေသူဟာ ပြတင်းဘေးက ခုတင်ကို လိုချင်တဲ့စိတ်တွေနဲ့ လုံးချာလိုက်လာပြီ။ သူ့ဘဝမှာ ပြတင်းဘေးက ခုတင်လောက် မက်မောစရာ ကောင်းတာ မရှိတော့သလိုကြီးကို ဖြစ်လာတယ်။

တစ်ညမှာတော့ပက်လက်လဲနေတဲ့သူဟာမျက်နှာကြက်ကိုမမှိတ်မသုံးကြည့်ရင်းနဲ့အိပ်မပျော်တဲ့ညကို ဖြတ်သန်းနေချိန်မှာပဲ တစ်ဖက်ခုတင်က လူဟာ ချောင်းတွေတအားဆိုးလာတော့တယ်။သူ့အဆုတ်က အတော်ဒုက္ခပေးနေတာမို့ ချောင်းအဆိုးလိုက်မှာအဆုတ်ထဲကအရည်တွေကအသက်ရှူလမ်းကြောင်းကို ပိတ်ဆို့နေတယ်။

တစ်ဖက်ခုတင်ကပက်လက်လဲနေသူဟာသူ့အခန်းဖော်ကို အသာ လေးကြည့်နေလိုက်တယ်။ ချောင်းဆိုးရင်း အသက်ရှူတွေ တအားကြပ်နေတဲ့ပြတင်းဘေးကလူမမာဟာအရေးပေါ်လူခေါ်ခေါင်းလောင်း

http://www.linhtet.com



ဆီကို လက်လှမ်းနေတာလည်း တွေ့နေရတယ်။ ပက်လက်လဲနေတဲ့ လူမမာဟာ တစ်ဖက်ခုတင်က လူရဲ့ချောင်းသံ၊ မောဟိုက်သံတွေကို နာခံရင်းနဲ့ပဲ မလှုပ်မယှက်ငြိမ်ငြိမ်လေးနေလိုက်တယ်။ အမှန်ဆို သူ့ခုတင်ဘေးက အရေးပေါ် လျှပ်စစ်ခေါင်းလောင်းခလုတ်ကလေးကို လှမ်းနှိပ် ပေးလိုက်မယ်ဆိုရင် သူနာ-ပတစ်ယောက်ယောက်ဖြစ်ဖြစ်၊ ဆရာဝန်တစ်ယောက်ယောက်ဖြစ်ဖြစ်အချိန်မီရောက်လာနိုင်ပါတယ်။ ဒါပေမယ့် သူမလုပ်မိဘူး။

ငါးမိနစ်တောင် မကြာလိုက်ပါဘူး။

ပြတင်းနားက လူဆီက ချောင်းဆိုးသံလည်း မကြားရတော့ဘူး။ မောဟိုက်သံလည်း မကြားရတော့ဘူး။ တစ်ခန်းလုံးဟာ ဘာသံမှ မကြားရတော့အောင်ကိုတစပြင်လိုတိတ်ဆိတ်ငြိမ်ကျသွားတော့တယ်။

နောက်တစ်ရက် မနက်မိုးလင်းတဲ့အခါမှာတော့ တာဝန်ကျ သူနာပြုဟာအသက်ဝိညာဉ်ကင်းမဲ့သွားပြီဖြစ်တဲ့ ပြတင်းပေါက်နားက လူ မမာရဲ့ ရုပ်ကလာပ်ကိုတွေ့လိုက်ရပါတယ်။ သူနာပြုဟာ သက်ဆိုင်ရာ ကို ခေါ်ယူပြီး အလောင်းကို အခန်းထဲက ထုတ်သွားဖို့ စီစဉ်လိုက် တယ်။

အားလုံးနေသားကျသွားပြီးအခန်းထဲမှာလည်း တစ်ယောက်တည်း ကျန်ခဲ့ရော ပက်လက်လဲနေတဲ့ လူမမာဟာ တာဝန်ကျသူနာပြုကို တောင်းပန်ပါတော့တယ်။ ဟိုလူ မရှိတော့တဲ့နောက် ပြတင်းဘေးက ခုတင်ပေါ်သူ့ကို ပြောင်းပေးဖို့ပေါ့။

သူနာပြုဆရာမကလည်း သဘောမနောကောင်းစွာပဲ၊ ပက်လက် လဲနေတဲ့ လူမမာကို ပြတင်းနားက ခုတင်ပေါ်ကို သေချာဂရုစိုက်ပြီး ပြောင်းပေးလိုက်ပါတယ်။ လူမမာနေသားတကျနဲ့ သက်သက်သာသာ

http://www.linhtet.com



ရှိတဲ့အထိ သူကိုယ်တိုင် ကြီးကြပ်ပြီး ပြောင်းပေးလိုက်တာပါ။

အားလုံးနေရာကျပြီဆိုမှ သူနာပြုဆရာမလည်း ထွက်ခွာသွားပါတော့တယ်။ အခန်းထဲမှာတော့ လူမမာတစ်ယောက်တည်း ကျန်ရစ်တော့တယ်။

သည်အခါမှာတော့ ပက်လက်လဲနေတဲ့ လူမမာဟာ တံတောင်ဆစ်ကို အားပြုလို့ ဖြည်းဖြည်းချင်းအားယူပြီး ကိုယ်တစ်ပိုင်းကြွလိုက်ပါတယ်။ ပက်လက်လဲနေတဲ့ လူမမာတစ်ယောက်အဖို့ အဲလိုကိုယ်တစ်ပိုင်း လေးကြွရတာ သက်တော့မသက်သာလှပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ အနာခံပြီးထနိုင်သလောက် ထလိုက်ပါတယ်။ ပြတင်းပေါက်ကနေ အပြင်ဘက်လောကကို ကြည့်ချင်လှပြီလေ. . .။ နောက်ဆုံးမှာတော့အပြင် လောကကြီးကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မြင်ခွင့်ရတော့မှာ မဟုတ်လား။

ကိုယ်လည်းသေချာကြွသွားရော ပြတင်းကနေ အပြင်ဘက်ကို အလောသုံးဆယ် လှမ်းကြည့်လိုက်တယ်။

လားလား. . .

မြင်လိုက်ရတာက ဘာဆိုဘာမှ မရှိတဲ့ ဆေးရုံနံရံကြီးပါ။

ဘယ်လိုဖြစ်တာလဲ။

သွားလေသူကြီးက ပြောတော့ ရေကန်သာယာနဲ့ ပန်းခြံလှပဆို။

ဒါနဲ့ ပက်လက်လဲနေသူဟာလည်း စိတ်ပျက်ပျက်နဲ့ ခုတင်ပေါ် ပြန်လှဲရင်း ဟိုလူ ဘာကြောင့် သူ့ကိုအဲလိုတွေပြောသွားတာလဲဆိုတာ တနုံ့နုံ့တွေးနေမိတယ်။

မနေနိုင်တော့ပြန်တဲ့အဆုံးမှာတော့ အဲသည့်အချိန်မှာ သူ့ကိုဆေးတိုက်ဖို့ဝင်လာတဲ့ သူနာပြုဆရာမကို မေးမိတယ်။ သေသွားတဲ့ ကိုယ့်

http://www.linhtet.com



အခန်းဖော်က ပြတင်းပေါက်ကကြည့်ပြီး ဘာလို့လုပ်ဇတ်တွေ ခင်းသွား တာလဲဗျာပေါ့။

သူနာပြုဆရာမက ပြန်ဖြေပါတယ်။

သွားလေသူဟာ မျက်မမြင်တစ်ယောက်ဖြစ်တဲ့အတွက် ပြတင်းပေါက်ကကြည့်ရင် ဆေးရုံတံတိုင်းကိုတောင်မှ မမြင်နိုင်ရှာပါဘူးတဲ့။

သူနာပြုဆရာမက ဆက်ပြောပါတယ်။

'အင်း. . . သူက ရှင့်ကို အားပေးချင်တဲ့ စိတ်နဲ့ အဲလို ပြောပြသွား တာနေမှာပေါ့ရှင်. . .'တဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ။

စာဖတ်သူ လူကြီးမင်းအနေနဲ့ သည်ပုံပြင်ကို နှစ်သက်သလို အနက်ဖွင့်နိုင်ပါတယ်။ ဒါပေမယ့် သေချာတာ တစ်ခုတော့ ရှိပါတယ်။

ကိုယ့်အခြေအနေက ဘယ်လောက် ဆိုးနေနေ တစ်ဖက်သားကို စိတ်ချမ်းသာအောင် လုပ်ပေးရင် ကိုယ်လည်းအများကြီး စိတ်ချမ်းသာနိုင်တယ်ဆိုတာပါ။ ဒါတင် မကသေးပါဘူး။ ကြေကွဲမှု၊ ပူဆွေးမှုကို တစ်ဖက်သားနဲ့ မျှဝေခံစားလိုက်မယ်ဆိုရင် နှစ်ဆတိုးပြီး ပျော်နိုင်ပါတယ်။ လောကမှာ ချမ်းချမ်းသာသာ နေချင်တယ်ဆိုရင်တော့ ငွေနဲ့ ချိန်စက်ပြီး တန်ဖိုးဖြတ်လို့မရတဲ့အရာတွေ ဘယ်လောက်များသလဲ ဆိုတာကို နေ့စဉ် ပိုင်းခြား ရေတွက်နေသင့်ပါတယ်။

**(အလင်းတန်းဂျာနယ်၊ ၀၅-၀၆-၀၀)**

# ကောင်းကွက်လေးတွေ

ကျွန်မ ဆရာမလုပ်နေတဲ့'မင်းန်'ပြည်နယ်၊ မောရစ်(စ်)မြို့ စိန့်မေရီ ကျောင်းက တတိယတန်း ကျောင်းသားလေးအဖြစ် သူ့ကို စသိခဲ့ တာပါ။

သူ့ကိုတွေ့လိုက်ရင် အမြဲတန်းသပ်သပ်ရပ်ရပ်ကလေး ရှိနေတတ် ပါတယ်။ ပျော်ပျော်ပါးပါးနေတတ်တဲ့ သူ့စရိုက်လေးက တစ်ခါတစ်ခါ သူဆိုးတာလေးတွေကိုတောင် ချစ်စရာကောင်းနေအောင် လုပ်ပေးထား သလိုပါပဲ။

ကျွန်မအတန်းထဲက ကျောင်းသား ၃၄ယောက်စလုံးက ကျွန်မကို ချစ်ကြပါတယ်။ ဒါပေမယ့် အဲသည့်အထဲမှာ 'မာခ့်'ကတော့ တစ်သန်း မှာ တစ်ယောက် တွေ့ရခဲတဲ့ကလေးလေးပဲလို့ ပြောလိုက်ရင် လွန်များ သွားမလား မသိဘူး။

http://www.linhtet.com



အဲသည့် 'မှဲ့ခ်'လေးဟာ စကားကို မရပ်မနား ပြောတတ်တယ်။ အင်မတန်လေပေါ်တဲ့ကလေးပါ။ ကျွန်မအနေနဲ့ အတန်းထဲမှာ ဆရာ့ခွင့်ပြုချက်မရဘဲ စကားမပြောရဘူးလို့ သူ့ကို ပြောရပေါင်းလည်း များလှပါပြီ။ အဲလို သူ့ကို ပြုပြင်ဆုံးမရတဲ့အခါမျိုးလေးတွေမှာ သူ့ရဲ့ ရိုးသားတဲ့ တုံ့ပြန်ပုံလေးကတော့ ကျွန်မအသည်းကို စွဲနေစေပါတယ်။ သူ့ကို အဲလိုဆုံးမလမ်းညွှန်လိုက်တဲ့အခါမှာ သူပြန်ပြောတတ်တာက 'ကျွန်တော့်ကို ဆုံးမတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာမရယ်. . .' တဲ့လေ။

သူ့ဆီက အဲလိုတုံ့ပြန်စကားကို ကြားရစတုန်းက ကျွန်မ ဘာပြန်ပြောရမယ်မှန်း၊ ဘာလုပ်ရမယ်မှန်းတောင်မသိအောင် ဖြစ်သွားခဲ့ရဖူးပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်မဟာ သူ့ဆီက အဲလို တုံ့ပြန်သံလေးကို တစ်နေ့မှာ လေးငါးခါလောက် ကြားလာရတော့ နားယဉ်သွားပါတော့တယ်။

တစ်မနက်မှာတော့ ကျွန်မလည်း သူ့ကို စိတ်မရှည်နိုင်အောင် ဖြစ်သွားရပါတယ်။ မှဲ့ခ်က သူ့ထုံးစံအတိုင်း လေတွေလွှတ်ပေါ်နေတာကိုးသည်မှာတင်ကျွန်မလည်းမနေ့မနပ်ဆရာမတစ်ယောက် ကျူးလွန် နေကျ အမှားကို ကျူးလွန်မိပါတယ်။

အဲဒါကတော့ မှဲ့ခ်ကို တည့်တည့်ကြည့်ပြီး ပြောလိုက်မိတာပါ။

'မင်းဆီက နောက်ထပ် အသံကြားရလို့ကတော့ မင်းပါးစပ်ကို တိတ်(ပ်)နဲ့ကပ်ပြီး ပိတ်ရလိမ့်မယ်ဟေ့. . .'

မကြာပါဘူး။ ကျွန်မအဲသလို ပြောလိုက်ပြီး ဆယ်စက္ကန့်တောင် မကြာလိုက်ဘူးထင်တယ်။ ချပ်(ခ်)ဆိုတဲ့ကလေးဆီက အသံထွက်လာတယ်။

http://www.linhtet.com



'ဆရာမရေ. . . ဟောသည့်မှာ မာ့ခ် စကားပြောနေပြန်ပြီ'တဲ့။

ကျွန်မအနေနဲ့ မာ့ခ်ကို စောင့်ကြည့်ပေးဖို့ ဘယ်ကျောင်းသားကိုမှ ခိုင်းမထားပါဘူး။ ဒါပေမယ့် အတန်းရှေ့မှာ သူနောက်တစ်ခါစကား ပြောရင် ဘယ်လိုပြစ်ဒဏ်မျိုးနဲ့ အရေးယူမယ်လို့ အတိအလင်း ပြောမိထားမှတော့ ပြောတဲ့အတိုင်း လုပ်လိုက်ရပါတော့တယ်။

အဲသည့်နေ့က မြင်ကွင်းဟာ မနေ့တစ်နေ့ကဖြစ်ပျက်ခဲ့သလို ကျွန်မ မျက်စိထဲမှာ အခုထက်ထိ ထင်းထင်းကြီးစွဲနေပါသေးတယ်။ ကျွန်မက ကျွန်မရဲ့စားပွဲကိုသွားလိုက်တယ်၊ အံဆွဲကိုဖွင့်တယ်၊ ပြီးတော့အံဆွဲထဲကအထုပ်အပိုးထုပ်တဲ့အခါမှာကပ်တဲ့စက္ကူတိတ်ခွေကို ယူတယ်။ဘာတစ်ခွန်းမှ ပြောမနေတော့ဘဲ မာ့ခ်ရဲ့စားပွဲကိုသွားတယ်။ တိတ်ခွေထဲက အစနှစ်စ ဆွဲဖြတ်ထုတ်လိုက်ပြီး မာ့ခ်ရဲ့ပါးစပ်ပေါ်မှာ ကြက်ခြေခတ် အကြီးကြီး ခတ်ပြီး ပိတ်လိုက်တယ်။ ပြီးတာနဲ့ ကျွန်မလည်း အတန်း ရှေ့ကို ပြန်ထွက်ခဲ့ပါတယ်။

မာ့ခ်ဘာလုပ်သလဲလို့ ကျွန်မ အသာလှမ်းကြည့်လိုက်တဲ့အခါ ကိုရွှေမာ့ခ်က မျက်တောင်လေး ပေကလပ် ပေကလပ်နဲ့ ကျွန်မကိုပြန်ကြည့်နေတယ်။ ကျွန်မလည်း ဘယ်လိုမှမနေနိုင်တော့ဘူး။ ချက်ချင်းပဲ ရယ်ချလိုက်မိပါတော့တယ်။ အတန်းကလည်း အဲတော့ တအုံးအုံး ရယ်တော့တာပေါ့။

ကျွန်မလည်း မာ့ခ်ကို ပြန်သွားပြီး သူ့ပါးစပ်ကို ပိတ်ကပ်ထားတဲ့ တိတ်ကို ခွာပေးလိုက်မိပါတော့တယ်။

ပါးစပ်က တိတ်လည်း ကွာသွားရော သူပြောတဲ့စကားက. . .

'ကျွန်တော့်ကို အခုလို ဆုံးမပေးတာ ကျေးဇူးတင်ပါတယ် ဆရာမ ရယ်. . . 'တဲ့။

http://www.linhtet.com



စာသင်နှစ် ကုန်ခါနီးတော့ ကျွန်မဟာ အလယ်တန်းအတွက် အဆင့်မြင့်သင်္ချာဘာသာရပ်ကိုသင်ဖို့ တာဝန်အပေးခံရပြန်တယ်။ ဒါနဲ့ ကျွန်မလည်း မာ့ခ်တို့အတန်းကိုမသင်ရတော့ဘူးပေ့ါ။ ဒါပေမယ့်လည်း နှစ်တွေ ဘယ်လောက်တောင် ကြာသွားသလဲဆိုတာ ကျွန်မသတိမထားလိုက်မိခင်မှာဘဲမာ့ခ်ကလည်းတစ်တန်းပြီးတစ်တန်း တက်လာ ရင်းက ကျွန်မရဲ့အတန်းထဲကို ရောက်လာပါတော့တယ်။

ကြီးကောင်လေးဝင်လာတဲ့မာ့ခ်ဟာပိုချောလာသလိုအရင်အတိုင်း ရည်မွန်ယဉ်ကျေးနေဆဲပါပဲ။'သင်္ချာသစ်'အတွက် ကျွန်မရဲ့သင်ကြားမှု တွေကို ဂရုတစိုက် နားထောင်နေရတဲ့အတွက် သူဟာ သုံးတန်းတုန်း ကလို လေမပေါနိုင်ရှာတော့ပါဘူး။

သောကြာနေ့တစ်နေ့မှာတော့ တစ်တန်းလုံး စိတ်ပျက်လက်ပျက် ဖြစ်နေကြပါတယ်။ တစ်ပတ်လုံး သင်္ချာသဘောတရားသစ်တစ်ခုကို ခဲခဲယဉ်းယဉ်းသင်ယူပြီးကျေညက်အောင် တွက်ချက်နေခဲ့ရတဲ့အတွက် ကျွန်မကျောင်းသားတွေဟာ စိတ်ပင်ပန်းနေကြပြီး အကဲဆတ်နေကြပြီ ဆိုတာ ကျွန်မသတိထားမိနေပါတယ်။

ကျွန်မအနေနဲ့ အဲသလို အကဲဆတ်နေတဲ့ အနေအထားကို ဘာ ပြဿနာမှ မတက်ခင် ရှင်းသွားအောင် တစ်ခုခုလုပ်မှ ဖြစ်တော့မယ် ဆိုတာလည်း သိနေတယ်။

ဒါနဲ့ ကျွန်မလည်း တစ်ယောက်စီကို တစ်တန်းလုံးရဲ့နာမည်တွေ စာရွက်လွတ်ပေါ်မှာ ချရေးခိုင်းရပါတယ်။ ဘယ်ဘက်မှာ နာမည်တွေ ချရေးပြီးအဲသည့်နာမည်နဲ့တစ်တန်းတည်းညာဘက်မှာအဲသည့်အတန်း ဖော်ရဲ့ကောင်းကွက်လေးတွေကိုစဉ်းစားပြီးချရေးဖို့ခိုင်းလိုက်တာပါ။ အဲလိုနဲ့ ကျန်တဲ့အတန်းချိန် တစ်ချိန်လုံးမှာ သည်အလုပ်နဲ့ပဲ ပြီးသွား

http://www.linhtet.com



ပါတော့တယ်။ကျောင်းလည်းဆင်းရော ကျောင်းသားတစ်ယောက်စီက ကျွန်မကို သူတို့ရေးထားတဲ့ စာရွက်လေးတွေလာထပ်သွားကြပါတယ်။

မာ့ခ်ကတော့ 'ကျွန်တော်တို့ကိုစာသင်ပေးတဲ့အတွက် ကျေးဇူးတင် ပါတယ် ဆရာမ. . . 'လို့ ပြောရင်းနဲ့ သူ့စာရွက်ကလေး ထိုးပေးသွား ပါတယ်။

စနေနေ့ကျတော့ ကျွန်မလည်းစာရွက်တစ်ရွက်စီပေါ်မှာ ကျောင်းသားတစ်ယောက်စီရဲ့နာမည်ကိုရေး၊ ပြီးတော့ အဲသည့်ကျောင်းသားနဲ့ပတ်သက်လို့ တစ်တန်းလုံးက မှတ်ချက်ပေးထားသမျှကို ကူးရေးလိုက် ပါတယ်။

တနင်္လာနေ့ကျောင်းပြန်ဖွင့်တဲ့အခါကျတော့ သက်ဆိုင်ရာ ကျောင်းသားတစ်ဦးစီကိုအဲသည့်စာရွက်လေးတွေဝေပေးလိုက်ပါတယ်။ မကြာပါဘူး။ တစ်တန်းလုံး -ပဲ့နေတာကို ကျွန်မမြင်ရပါတော့တယ်။

ခပ်တိုးတိုးပြောတဲ့ အသံတွေကိုလည်း ကြားရတယ်။

'အံ့ဩစရာပဲနော်. . . '

'ဟယ်. . . ငါလုပ်လိုက်တုန်းကတော့အမှတ်မထင်ပါဟယ်. . . '

'ငါ့ကို သည်လောက် ခင်ကြမှန်း ငါမသိဘူးဟဲ့. . . 'ဆိုတဲ့အသံ တွေပါ။

ဒါပေမယ့် အဲသည့် စာရွက်တွေနဲ့ ပတ်သက်လို့ ဘယ်သူကမှ နောက်ပိုင်းမှာ စကားမစပ်မိကြတော့ပါဘူး။ သူတို့ချင်း ပြန်ပြောဖြစ် ကြသေးလား၊ ဒါမှမဟုတ်လည်း သူတို့မိဘတွေကို သည်အကြောင်း တွေပြောဖြစ်သလားဆိုတာတော့ကျွန်မဘယ်လိုမှမသိနိုင်တော့ပါဘူး။

သေချာတာတစ်ခုကတော့ ကျွန်မပေးလိုက်တဲ့လေ့ကျင့်ခန်းလေး ဟာ တော်တော်ထိရောက်သွားပါတယ်။ ကျောင်းသားတွေဟာ သူတို့

http://www.linhtet.com



ကိုယ်သူတို့ အတော်ကျေနပ်သွားကြသလို အချင်းချင်းလည်း ပိုလို့ ခင်မင် နားလည်လာကြတယ်လေ။

အဲလိုနဲ့ အဲသည့်အတန်းကလည်း နောက်အတန်းကို ဆက်တက်သွားပြီးတဲ့နောက်ကျွန်မလည်းနောက်ကတက်လာတဲ့အတန်းတွေကို ဆက်သင်ပေးနေခဲ့ပါတယ်။လေးငါးခြောက်နှစ်လောက်ကြာသွားပြီးတဲ့နောက် နွေရာသီကျောင်းပိတ်ရက်တစ်ခုမှာအနားယူအပန်းဖြေခရီးက ကျွန်မပြန်လာတဲ့အခါ ကျွန်မမိဘတွေက ကျွန်မကို လေဆိပ်မှာ လာကြို ကြတယ်။

လေဆိပ်ကနေ အိမ်အပြန်ကားပေါ်မှာ အမေကကျွန်မကိုကျွန်မ ရောက်ခဲ့တဲ့အရပ်ဒေသအကြောင်း၊ခရီးစဉ်အကြောင်းမေးနေကျမေးခွန်းတွေကို မေးနေတယ်။ ဒါပေမယ့် အမေဟာ တစ်ခုခုကို ပြောချင်လို့ စကား စနေမှန်းလည်း ကျွန်မသတိထားလိုက်မိတယ်။

ကျွန်မထင်တဲ့အတိုင်းပါပဲခရီးစဉ်အကြောင်းပြောလို့ဆိုလို့ပြီးသွားတဲ့အခါအမေက သူ့ဘေးမှာထိုင်နေတဲ့အဖေ့ကိုတစ်ချက်လှမ်းကြည့်ပြီး 'ကဲ. . . အဖေကြီးရေ. . .'လို့ ပြောလိုက်ပါတယ်။

အဖေကလည်း အရေးတကြီး ပြောစရာတစ်ခုခုရှိရင် သူလုပ်နေကျ အတိုင်းပါပဲ။ ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းလိုက်ပြန်ပါ တယ်။

'အက်ခ်လန်ဒ် မိသားစုက မနေ့ညက ဖုန်းဆက်တယ်. . .'

'ဟုတ်လားဖေဖေ၊ သူတို့နဲ့ မတွေ့တာ ဘယ်နှနှစ်တောင်ရှိပြီလဲ မသိဘူးနော်။ မာ့ခ်တစ်ယောက်ရော နေထိုင်ကောင်းရဲ့လား မသိဘူး'

အဖေက ညင်ညင်သာသာပဲ ပြန်ပြောပါတယ်။

'မာ့ခ် ဗီယက်နမ်မှာ ကျဆုံးသွားပြီသမီး။ မနက်ဖြန် မနက်ကျရင်

http://www.linhtet.com



ဈာပနရှိတယ်။ မာ့ခ်မိဘတွေက သမီးကို အသုဘရှုလာစေချင်သတဲ့'

အဖေကမာ့ခ်သတင်းကိုပြောလိုက်တဲ့လေဆိပ်ကနေမြို့ထဲအလာ လမ်းတစ်နေရာကို ကျွန်မဘယ်တော့မှ မေ့နိုင်တော့မယ်မထင်ပါဘူး။

ကျွန်မဘဝမှာ စစ်အခမ်းအနားနဲ့ အသုဘချတာကို တစ်ခါမှ မမြင်ဖူးခဲ့ဘူးအခုမြင်ရတဲ့ခေါင်းတလားထဲကမာ့ခ်ရဲ့ရုပ်အလောင်းဟာ တင့်တယ်လှပါတယ်။ မာ့ခ်ဟာ အင်မတန်ကို ချောမောပြီးရင့်ကျက်တဲ့ မာ့ခ်ဖြစ်နေပါပြီအဲသည့်အချိန်မှာကျွန်မရင်ထဲမှာဖြစ်နေတာကတော့ ကမ္ဘာပေါ်မှာရှိရှိသမျှထုပ်ပိုးရာမှာကပ်ဖို့သုံးတဲ့တိတ်ခွေတွေအားလုံးကို ကျွန်မရှာဖွေနိုင်ဦးတောင်မှ မာ့ခ်တစ်ယောက်ကတော့ကျွန်မကိုစကား တစ်ခွန်းမှပြောနိုင်တော့မှာမဟုတ်တော့ဘူးဆိုတဲ့အသိနဲ့ကြေကွဲနေတာပါ။

ဝတ်-ပရာ ဘုရားကျောင်းထဲမှာတော့ မာ့ခ်ရဲ့ သူငယ်ချင်းတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ ဈာပနနေ့မှာမှ ကွက်ရွာနေတဲ့ မိုးကိုလည်း ကျွန်မ မကျေနပ်နိုင်အောင်ဖြစ်နေတယ်။ မိုးကြောင့် မာ့ခ်အလောင်း မြှုပ်နှံမယ့်နေရာကိုကျွန်မတို့တော်တော့်ကိုခဲခဲယဉ်းယဉ်းသွားယူရတယ်။ ခရစ်ယာန်ဘုန်းတော်ကြီးကလည်း ရွတ်နေကျ သက်ပျောက် ဂါထာတွေ ရွတ်လို့၊ စစ်တီးဝိုင်းက ခရာသံတွေကလည်း တွတ်လို့။

မာ့ခ်ကိုချစ်ကြသူတွေအားလုံး တစ်ယောက်စီ၊ တစ်ယောက်စီက မာ့ခ်ရဲ့အခေါင်းဆီကိုသွားကြပြီး နောက်ဆုံးအနေနဲ့ ကြည့်ကြပါတယ်။ ကျွန်မကတော့ အဲသည့်အထဲမှာ နောက်ဆုံးပါပဲ။

ကျွန်မ အခေါင်းဘေးမှာ ရပ်လိုက်မိချိန်မှာ စစ်သားတစ်ယောက် က ကျွန်မအနားကို ကပ်လာပြီး မေးပါတယ်။

'ဆရာမက မာ့ခ်ရဲ့ သင်္ချာဆရာမပါလားခင်ဗျာ. . . '

ကျွန်မဟာ မာ့ခ်ရဲ့ရုပ်ကလာပ်စံမြန်းရာ အခေါင်းကို မမှိတ်မသုံ

http://www.linhtet.com



ကြည့်နေမိရင်းကပဲ သူ့ကို ခေါင်းညိတ်ပြလိုက်ပါတယ်။ သူက ဆက်ပြောနေသေးရဲ့။

'မာ့ခ်က ဆရာမအကြောင်း ပြောပြပါတယ်။'

ဈာပနအပြီးမှာတော့ မာ့ခ်ရဲ့ကျောင်းနေဖက်တွေဟာ ချပ်(ခ်)ရဲ့ အိမ်လေးဆီကို သွားကြပြီး နေ့လယ်စာ စားကြတယ်။ မာ့ခ်ရဲ့အမေနဲ့ အဖေကလည်းအဲသည့်နေ့လယ်စာဝိုင်းလေးကိုတက်ရောက်ကြတယ်။ သူတို့ကိုမြင်ရတဲ့အခါသူတို့ကျွန်မကိုစောင့်နေမှန်းတန်းသိလိုက်တယ်။

'ဆရာမကို ပြစရာရှိတယ်'လို့ မာ့ခ်အဖေက ပြောပြီး သူ့အင်္ကျီအိတ်ထောင်ထဲကပိုက်ဆံအိတ်လေးတစ်လုံးကို ဆွဲထုတ်လိုက်ပါတယ်။

'သူကျဆုံးသွားချိန်မှာ ဒါလေးကို သူ့ကိုယ်ပေါ်က ရလိုက်တာလို့ ပြောတယ် ဆရာမ။ ဆရာမ မှတ်မိလား မသိဘူး' တဲ့။

ဗလာစာအုပ်ထဲက ဆွဲ-ဖတ်ထားတဲ့စက္ကူ နှစ်ရွက်တွဲလေးကို မာ့(ခ်)ရဲ့အဖေကပိုက်ဆံအိတ်ထဲက ဂရုတစိုက်ဆွဲထုတ်လိုက်ပါတယ်။ အဲသည့် စာရွက်လေးက ခေါက်ရိုးတွေ ကျိုးနေပါပြီ။ ခဏခဏ ဖြန့်လိုက် ခေါက်လိုက်လုပ်ထားလို့ စုတ်တောင်စုတ်နေပြီမို့ တိတ်နဲ့တောင် ကပ် ထားတာ တွေ့ရပါတယ်။

စာရွက်ကို ယူမကြည့်ဘဲနဲ့ အဲသည့်စာရွက်ဟာ ဘာစာရွက်လဲ ဆိုတာ ကျွန်မချက်ချင်းသိလိုက်ပါတယ်။ သည်စာရွက်လေးဟာ မာ့ခ်ရဲ့အတန်းဖော်တွေကရေးထားသမျှမာ့ခ်ရဲ့ကောင်းကွက်လေးတွေကို ကျွန်မလက်နဲ့ ပြန်ကူးပေးခဲ့ဖူးတဲ့ စာရွက်ကလေးပါပဲ။

'ဒါလေးကို လုပ်ပေးခဲ့တဲ့အတွက် ဆရာမကို သိပ်ကျေးဇူးတင်ပါတယ် ဆရာမရယ်. . . 'လို့ မာ့ခ်ရဲ့ မိခင်က ပြောပါတယ်။ 'ဆရာမမြင်တဲ့အတိုင်းပဲ။သည်စာရွက်လေးကိုမာ့ခ်က အရမ်းကိုတန်ဖိုးထားရှာ

http://www.linhtet.com



တာ. . . 'လို့လည်း ဆက်ပြောလိုက်ပါသေးတယ်။

သည်အချိန်မှာ မာ့ခ်အတန်းဖော်တွေကလည်း ကျွန်မတို့ရဲ့ အနားမှာ ဝိုင်းနေပါပြီ။

ချာလီက -ပံ့ပြီးပြောတယ်။

'ကျွန်တော့်မှာလည်း သည်လိုစာရွက်မျိုးလေးအခုထက်ထိရှိသေးတယ် ဆရာမ။ ကျွန်တော့်စာရေးစားပွဲရဲ့ အပေါ် ဆုံးအံဆွဲထဲမှာ သိမ်းထားတယ်. . . '

ချပ်(ခ်)ရဲ့ ဇနီးက ကျပြန်တော့ 'ချပ်(ခ်)က အဲသည့်စာရွက်ကို ကျွန်မတို့လက်ထပ်ပွဲဓာတ်ပုံစာအုပ်ထဲမှာထည့်ပေးပါလို့ပြောထားတယ် ဆရာမရဲ့. . . 'တဲ့။

မာရီလင်(န်)ကလည်း 'ကျွန်မမှာလည်း သည်စာရွက်မျိုးလေး ရှိသေးတယ် ဆရာမ။ နေ့စဉ်မှတ်တမ်းထဲမှာ ညှပ်ထားတယ်'လို့ပြောလာသလို ဗှစ်ခီဆိုတဲ့ မာ့ခ်ရဲ့အတန်းဖော်နောက်တစ်ယောက်ကလည်း သူ့အိတ်ထဲက မှတ်စုစာအုပ်ကလေးကို ဆွဲထုတ်လိုက်ပြီး စာအုပ်လေးကြားမှာ ညှပ်ထားတဲ့ စက္ကူစလေးကို ဆွဲထုတ်လိုက်ပါတယ်။ ပြီးတော့ သူက ပြောတယ်။

'ကျွန်မလည်း သည်စာရွက်ကလေးကို သွားလေရာ သယ်သွားတယ် ဆရာမ။ ကျွန်မစိတ်ထင် ကျွန်မတို့တစ်တန်းလုံးဟာ အဲသည့်စာရွက်လေးတွေကို သေသေချာချာသိမ်းထားကြပါတယ် ဆရာမရယ်' တဲ့။

အဲသည့် စကားလည်းဆုံးရော ကျွန်မလည်း ငိုချလိုက်မိတော့တာပါပဲ။ ကျွန်မ ငိုတာက မာ့ခ်နဲ့ သူ့ကို ဘယ်တော့မှ ပြန်တွေ့ခွင့် မရတော့မယ့် သူ့သူငယ်ချင်းတွေအတွက်ရယ်ပါ။

http://www.linhtet.com



သည်တစ်ပတ်အတွက် ဇာတ်လမ်းလေးကတော့ သည်လောက်ပါပဲ။

သည်ဇာတ်လမ်းကို ပြောပြရခြင်းအကြောင်းကတော့ ကိုယ်ချစ်သူ၊ ကိုယ်ခင်သူတွေကို သူတို့ကို ဘာအတွက် ချစ်ကြောင်း၊ ခင်ကြောင်း ပြောဖြစ်အောင် နှိုးဆော်လိုက်ချင်လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်တို့ လူသားများဟာ ကျွန်တော်တို့ရဲ့ ချစ်ခင်မှု၊ လေးစားမှုကို ထုတ်ဖော် ပြသဖို့ တစ်ခါတစ်ရံများမှာ မေ့လျော့နေတတ်ကြပါတယ်။

ဘဝမှာ ကိုယ်-ပလိုက်တာက သေးသေးမွှားမွှားလေးပေမယ့် တစ် ဖက်သားအတွက် အများကြီး တာသွားနေတတ်တယ်။ စာဖတ်သူ လူကြီးမင်းများအနေနဲ့ မိမိချစ်တဲ့သူ၊ ခင်တဲ့သူတွေကို သူဟာ ကိုယ့် အတွက် ဘယ်လောက်အရေးကြီးတဲ့အကြောင်း၊ သူ့ကောင်းကွက်တွေက ဘာတွေဖြစ်တဲ့အကြောင်း မနှောင်းခင် ပြောပြလိုက်စေချင်တဲ့ စေတနာ လေးနဲ့ သည်ဇာတ်လမ်းလေးကို ပြောပြလိုက်ရပြန်တာပါပဲ။

**(အလင်းတန်းဂျာနယ်၊ ၂၆-၀၆-၀၀)**

# ပန်းသီးပင်

ဟိုးရှေးရှေးတုန်းက ပန်းသီးပင်ကြီး တစ်ပင်ရှိသတဲ့။

အဲသည့် ပန်းသီးပင်ကြီးဆီကို ကောင်ကလေး တစ်ယောက်က နေ့စဉ်လာလာကစားနေကျပေါ့။ အပင်ပေါ်တက်၊ ပန်းသီးတွေကို ဆွတ်ခူးစားသောက်၊သစ်ပင်ရိပ်မှာတမှေးအိပ်၊ ကောင်ကလေးအတွက် သစ်ပင်ကြီးဟာ အဖော်ကောင်းလို့ပဲ ဆိုကြပါစို့ရဲ့။ ကောင်ကလေးဟာ သစ်ပင်ကြီးကို သိပ်ချစ်သလို ပန်းသီးပင်ကြီးကလည်း ကောင်လေးကို အဖော်လုပ်ပေးနေရတာ သိပ်သဘောကျသပေါ့။

အဲလိုနဲ့ အချိန်တွေလည်း တရွေ့ရွေ့ကုန်သွားရောဆိုပါစို့။

ကောင်ကလေးကလည်းအရွယ်လေးမသိမသာရောက်လာတာနဲ့အတူ ပန်းသီးပင်ကြီးဆီကိုလည်း ခါတိုင်းလို နေ့စဉ်မရောက်ဖြစ်တော့ဘူး။

http://www.linhtet.com



တစ်နေ့ကျတော့ ကောင်ကလေးဟာ ပန်းသီးပင်ကြီးဆီကို မသာယာ လှတဲ့ မျက်နှာနဲ့ ရောက်လာတယ်။

'လာလေ. . . ကောင်လေး၊ ငါနဲ့ ကစားရအောင်ကွာ. . .'

ပန်းသီးပင်ကြီးက ကောင်ကလေးကို ခေါ်လိုက်ပါတယ်။

'ကျွန်တော် ကလေးမဟုတ်တော့ဘူးဗျ။ သစ်ပင်တွေနဲ့ကျွန်တော် မဆော့တတ်တော့ဘူး။ ကျွန်တော်က အရုပ်တွေ၊ ကစားစရာတွေနဲ့ပဲ ဆော့ချင်၊ ကစားချင်နေတယ်ဗျာ။ ခက်တာက ကျွန်တော့်မှာကလည်း အရုပ်တွေ၊ ကစားစရာတွေ ဝယ်ဖို့ ပိုက်ဆံမရှိဘူး'

'အေး. . .၊ ငါ့မှာလည်း ပိုက်ဆံတော့ မရှိဘူး ကောင်လေးရဲ့။ ဒါပေမယ့် ငါ့အသီးတွေ အားလုံးကိုခူးပြီး ပြန်ရောင်းမယ်ဆိုရင် မင်း လိုတဲ့ ပိုက်ဆံရမှာပေါ့ မောင်. . .'

သည်စကားလည်း ကြားရရော ကောင်ကလေးလည်း ပျော်သွား တယ်။ ဟုတ်သားပဲ၊ ပန်းသီးတွေ ခူးပြီးရောင်းလိုက်လို့ကတော့ ပိုက်ဆံ တွေဖြစ်လာမှာ သေချာတာပေါ့။ ဒါနဲ့ သူလည်း ပန်းသီးပင်ကြီးပေါ်မှာ သီးနေတဲ့ ပန်းသီးတွေအားလုံးကို ခူးဆွတ်ထွက်ခွာသွားပါတော့တယ်။

အဲသည့်နောက်မှာတော့ ကောင်ကလေးဟာ ပန်းသီးပင်ကြီးဆီကို တော်တော်နဲ့ ရောက်မလာပြန်တော့ဘူး။ ပန်းသီးပင်ကြီးကတော့ စိတ် မကောင်းဖြစ်နေတော့တာပေါ့လေ။

အဲလိုနဲ့ အကြာကြီးကြာခါမှ တစ်နေ့မှာ ကောင်ကလေးဟာ ပန်းသီးပင်ကြီးဆီကို ပြန်ရောက်လာတယ်။ ပန်းသီးပင်ကြီးကလည်း ကောင်ကလေးကို တွေ့ရရော ပျော်သွားတော့တာပေါ့။

'လာကွာ၊ မင်းနဲ့ မကစားရတာကြာပြီ၊ ကစားကြရအောင်. . .' ပန်းသီးပင်ကြီးက ဝမ်းသာအားရ ခေါ်လိုက်ပါတယ်။

http://www.linhtet.com



'ကျွန်တော့်မှာ ကစားဖို့ အချိန်မရှိဘူးဗျာ။ ကျွန်တော့် မိသားစု အတွက် အလုပ်လုပ်ရဦးမယ်ဗျို့။ မိသားစုနေဖို့အတွက် အိမ်တစ်လုံး လိုနေလို့ စိတ်ညစ်နေတာဗျ။ မကူညီနိုင်ဘူးလား'

'အင်း. . . ငါ့မှာ အိမ်တော့ ဘယ်ရှိမလဲ ကောင်ကလေးရဲ့။ ဒါပေ မယ့် မင်း ငါ့သစ်ကိုင်းတွေ ခုတ်ပြီး အိမ်ဆောက်မယ်ဆိုရင် မဖြစ်ဘူး လားကွဲ့။ ခုတ်ယူပါလား. . .'

ဒါနဲ့ ကောင်ကလေးကလည်း ပန်းသီးပင်ကြီးရဲ့သစ်ကိုင်းတွေကို အားရပါးရခုတ်ယူပြီး ပျော်ပျော်ရွှင်ရွှင် ထွက်သွားပြန်ပါရော။ ပန်းသီး ပင်ကြီးကလည်း ကောင်ကလေးပျော်နေတာမြင်တော့ သူပါ ပျော်သွား တော့တာပေါ့။ ဒါပေမယ့် ထုံးစံအတိုင်းပါပဲ၊ ကောင်ကလေး ပျောက် သွားပြန်ပါတော့တယ်။ ပန်းသီးပင်ကြီးကတော့ အထီးကျန်ဘဝမှာ ထိခိုက်ကြေကွဲနေရပြန်တော့တာပေါ့။

အဲလိုနဲ့ ပူပြင်းလှတဲ့ နွေတစ်ရက်မှာ ကောင်ကလေး ပြန်ပေါ်လာ ပြန်တယ်။ အပင်ကြီးကလည်း ဝမ်းသာအားရပဲပေါ့။

'လာကွာ၊ မင်းနဲ့ငါနဲ့ ကစားကြရအောင်. . .'

'မကစားနိုင်ပါဘူး ပန်းသီးပင်ကြီးရယ်၊ ကျွန်တော် စိတ်ညစ်နေ တယ်ဗျ။ အသက်ကလည်း ကြီးလာပြီလေ။ နားနားနေနေလေးနေချင် လိုက်တာဗျာ။ လှေကလေးတစ်စီးနဲ့ရွက်လွှင့်ရင်းအေးအေးလူလူ နား ချင်လိုက်တာ။ ကျွန်တော့်အတွက် လှေတစ်စီးလောက်ရှာမပေးနိုင်ဘူး လား'

'ငါ့ ပင်စည်ကိုခုတ်လှဲပြီး လှေလုပ်လိုက်ပါလားကောင်ကလေး ရယ်၊ ဒါပဲ ငါတတ်နိုင်တယ်လေ။ ဘာပဲဖြစ်ဖြစ်၊ မင်းကြိုက်တဲ့နေရာကို လှော်ခတ်သွားပြီး ပျော်နိုင်ပါလိမ့်မယ်ကွာ. . .'

http://www.linhtet.com



ဒါနဲ့ ကောင်ကလေးလည်း ပန်းသီးပင်ကြီးရဲ့ပင်စည်ကို ခုတ်ပြီး လှေတစ်စင်း လုပ်လိုက်တော့တာပေါ့။

လှေလည်းရရော ကောင်ကလေးကလည်း ပင်လယ်ပြင်ကျယ်ကြီး ထဲကို ရွက်လွှင့်သွားလိုက်တော့တာ တော်တော်နဲ့ကို ပြန်ရောက်မလာ တော့ပြန်ဘူး။

အဲသည်ကနေ နှစ်ပေါင်းများစွာကြာတဲ့အခါမှာတော့ ကောင်ကလေး ပြန်ရောက်လာပြန်ပါတော့တယ်။

'သည်တစ်ခါတော့ ငါ့မှာ မင်းကို ပေးစရာ ဘာမှမရှိတော့ဘူး ကောင်ကလေးရဲ့။ ပန်းသီးတွေလည်း ကုန်ပြီ. . .'

'ကျွန်တော့်မှာလည်း ပန်းသီးကိုက်နိုင်တဲ့သွားတွေမရှိတော့ပါဘူး ဗျာ. . .'

'မင်းတွယ်တက်ဖို့ သစ်ကိုင်းတွေလည်း ငါ့မှာ မရှိတော့ဘူး'

'ကျွန်တော်လည်း သစ်ပင်မတက်နိုင်တော့ပါဘူး၊ အိုပါပြီဗျာ'

'မင်းကိုပေးစရာ ငါ့မှာဘာဆိုဘာမှမကျန်တော့ဘူးကောင်ကလေး ငါ့ဆီမှာကျန်တာဆိုလို့သေတော့မယ့်အမြစ်တွေပဲရှိတော့တယ်နော်'

ပန်းသီးပင်ကြီးက ပြောရင်းနဲ့ မျက်ရည်လည်လာတယ်။

ကောင်ကလေးက ပြန်ပြောတယ်။

'ကျွန်တော်လည်း ဘာမှမလိုချင်တော့ပါဘူး ပန်းသီးပင်ကြီးရယ်။ ကျွန်တော်လိုချင်တာက နားခိုစရာနေရာလေးတစ်နေရာပါပဲ။ ကျွန်တော့် ဘဝမှာ သိပ်ကို ပင်ပန်းလှပါပြီ'

'ဒါဆို အတော်ပဲပေါ့၊ ကောင်ကလေးရဲ့။ သစ်ပင်အိုကြီးတွေရဲ့ အမြစ်ဆိုတာ မှီလို့အုံးလို့ကောင်းတဲ့ နားစရာနေရာအစစ်ပဲလေ။ ထိုင် ကွာ၊ ထိုင်၊ ထိုင်၊ ငါနဲ့အတူ ထိုင်ပြီး မင့်စိတ်တိုင်းကျ နားလိုက်စမ်း

http://www.linhtet.com



ကွာ. . .'

ကောင်လေးလည်း ပန်းသီးပင်ရဲ့အမြစ်တွေဘေးမှာ ထိုင်ချလိုက်ပါတယ်။ ပန်းသီးပင်ကြီးကလည်း မျက်ရည်တွေကြားကပဲ ကြည်ကြည်နူးနူး-ပံးလိုက်ပါတော့တယ်။

ပုံပြင်လေးကတော့ ဒါပါပဲ။

သည်ပုံပြင်လေးဟာ ကျွန်တော်တို့တွေ အားလုံးအတွက်ပါ။

ပန်းသီးပင်ကြီးဆိုတာက နိမိတ်ပုံလေ။

ပန်းသီးပင်ကြီးဆိုတာ ကျွန်တော်တို့ရဲ့မေမေ၊ဖေဖေပါ။ ငယ်တုန်းက မေမေတို့ဖေဖေတို့နဲ့ကစားခဲ့ရတာကို ကျွန်တော်တို့တွေ ဘယ့်ကလောက် ပျော်ခဲ့ကြသလဲ။

အဲ. . . အရွယ်လေးလည်းရောက်လာရော ကျွန်တော်တို့လည်း မေမေနဲ့ ဖေဖေကို ထားရစ်ခဲ့ကြတာပါ။ ကိုယ်လိုချင်တာလေးရှိမှ၊ ကိုယ့်မှာ ဒုက္ခနဲ့ကံရခါမျိုးကျတော့မှ မေမေတို့ ဖေဖေတို့ဆီ ပြန်ရောက်ရတော့တာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ မိဘဆိုတာကလည်း သူတို့မှာရှိရှိသမျှတွေကို ပေးရင်း ကိုယ့်သားသမီးလေးတွေ စိတ်ချမ်းသာ အောင် ဆောင်ရွက်ပေးကြတဲ့သူချည်းပါပဲ။

စာဖတ်သူ လူကြီးမင်းများအနေနဲ့ ပုံပြင်ထဲက ကောင်လေးဟာ ပန်းသီးပင်ကြီးအပေါ်မှာ တော်တော့်ကိုရက်စက်အားတယ်လို့ ထင်မိပါ လိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံးကရော၊ ကျွန်တော်တို့ရဲ့ အမိနဲ့အဘအပေါ်မှာ အဲလိုပဲ ဆက်ဆံဖြစ်ခဲ့၊ ရသမျှအကုန်ယူဖြစ်ခဲ့ကြ တာချည်းပဲ မဟုတ်ပါလား။

စာဖတ်သူလူကြီးမင်းရဲ့မိတ်ဆွေတွေကို သည်ပုံပြင်လေးကို လက်ဆင့်ကမ်း ပြောပြကြပါ။

http://www.linhtet.com



ပြီးရင် ကိုယ့်မိကိုယ့်ဘကို ရိုသေ ချေငံစွာ၊ ချစ်ခင်မြတ်နိုးစွာ ဆက်ဆံနိုင်ကြအောင် ကြိုးစားကြပါတော့. . .။

*(သည်စာကို ရေးတဲ့အတွက် ကျွန်တော့်မေမေက ကျွန်တော့်ကို ရယ်ပွဲဖွဲ့ကောင်းဖွဲ့ပါလိမ့်မယ်။ကျွန်တော်ဟာ မေမေ့အပေါ်မှာဘယ်တုန်းကမှမကောင်းခဲ့တဲ့သားမိုက်တစ်ဦး သာဖြစ်ပါတယ်။တစ်သက်လုံးထင်ရာစိုင်း၊ကိုယ်ဖြစ်ချင်တာ ပဲ ကိုယ်ကြည့်၊ ဘေးဘီကို လုံးလုံးမငဲ့တဲ့ ကျွန်တော့်ဉာဉ်ဟာ မေမေအပါအဝင် ကျွန်တော့် ပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်နာကျင်စေခဲ့မှာ အသေအချာပါပဲ။*

*ကနေ့အခါမှာကျွန်တော်ကိုယ်တိုင်လည်းပန်းသီးပင်ကြီး တစ်ပင် ဖြစ်လာခဲ့ပါပြီ။ ကြီးကောင်လေး ဝင်ခါစ သမီးက ဇလေးတွေပြလာတဲ့အခါ ကျွန်တော့်ရင်မှာ ရှုတတဖြစ်ရ ပါတယ်သားလေးကတော့ငယ်သေး၊နုသေးတဲ့အတွက် ပန်းသီးပင်ကြီးနဲ့ ကစားလို့ကောင်းတုန်းပါပဲ။ ဒါပေမယ့် သူလည်း နောင်မျှားမကြာခင်နှစ်မျှားအတွင်းမှာ ပန်းသီးပင် ကြီးကို စွန့်ခွာသွားဦးမှာဖြစ်ပါတယ်။ အဲသည့်အခါကျ ကျွန်တော့်ရင်မှာရှုတတဖြစ်ရဦးမှာပါဒါကိုပဲတချို့ကတော့ ဝဋ်လည်တယ်လို့ ပြောကောင်းပြောပါလိမ့်မယ်။ ကျွန်တော့် အမြင်မှာတော့ ဒါဟာရှောင်လွှဲလို့ မရတတ်နိုင်တဲ့ သဘာဝ တရားပါပဲ။*

*ဘယ်လိုပဲဖြစ်ဖြစ်၊ဘယ်တုန်းကမှ၊ဘယ်သူ့အပေါ်မှာမှ သိပ်မကောင်းခဲ့တဲ့ကျွန်တော်ဟာ စာဖတ်သူလူကြီးမင်းမျှား အတွက်ဆင်ခြင်စရာစာကောင်းလေးတစ်ပုဒ်ကိုတင်ပြနိုင်ခဲ့*

http://www.linhtet.com



*တယ်ဆိုရင်ဖြင့် အထိုက်အလျောက် ကျေနပ်စရာကောင်းသွားပါ လိမ့်မယ်။*

*တစ်ဆက်တည်းမှာပဲ၊ ကျွန်တော် စာရေးသူဖြစ်လာရာမှာ အဓိက လက်ဦးဆရာဖြစ်ခဲ့သူ မေမေ့ကိုသည်ဆောင်းပါးလေးနဲ့ လေးမြတ်ရိုကျိုးစွာ ရှိခိုးကန်တော့လိုက်ပါရစေခင်ဗျား။)*

**(အလင်းတန်းဂျာနယ်၊ ၂၃-၁၀-၀၀)**

# အေးအေးသာကြည်နည်းရဲ့ စွမ်းပကား

၂၀၀၁ခုနှစ် ဇွန်လ ၁၉ရက်နေ့က 'ပြူအာတိုရီကို တက္ကသိုလ်' (University of Puerto Rico)မှာ မဟတ္တမဂန္ဒီရဲ့မြေးဖြစ်သူ ဒေါက်တာ 'အေရန်ဂန္ဒီ'က သင်ကြားပို့ချခဲ့ပါတယ်။ အဲသည့် ပို့ချချက်ထဲက ဇာတ်လမ်းလေးတစ်ပုဒ်ကတော့သားသမီးတွေကို အပြစ်ပေးဒဏ်ခတ်တဲ့နည်းနဲ့ဆုံးမရင် ကလေးတွေလိမ္မာလာလိမ့်မယ်လို့ ယုံကြည်တတ်လေသူ မိဘများအတွက် နမူနာယူချင်စရာဖြစ်ရပ်လေးတစ်ခုပါပဲ။

'ဒေါက်တာ အေရန်ဂန္ဒီ'ရဲ့ ဟောပြောချက်အပြည့်အစုံကို ဖတ်ကြည့်လိုက်ကြပါစို့လား။

အဲတုန်းက ကျွန်တော် ၁၆နှစ်ပဲရှိပါသေးတယ်။ မိဘတွေနဲ့အတူ တောင်အာဖရိကနိုင်ငံရဲ့ 'ဒါဘန်'မြို့ပြင် ၁၈မိုင်မှာရှိတဲ့ ခြံဝိုင်းလေးမှာ နေနေတဲ့အချိန်ပေါ့ဗျာ။ အဲသည့်ခြံဝိုင်းလေးက ကျွန်တော့်အဘိုးတည်

http://www.linhtet.com



ခဲ့တဲ့ ခြံလေးပဲဗျ။

ခြံဝိုင်းလေးက ကြံစိုက်ခင်းတွေအလယ်မှာဆိုတော့တကယ့်တော ခေါင်ခေါင်ထဲရောက်နေသလိုပါပဲ။ အိမ်နီးနားချင်းဆိုလို့လည်း အနီး အနားမှာတစ်အိမ်မှမရှိဘူးအဲတော့ကျွန်တော်တို့မောင်နှမနှစ်ယောက် အတွက် မြို့တက်ရမယ့်အချိန်ကိုပဲ မျှော်နေရတာပေါ့။ မြို့ကိုတက်တော့ မှပဲ ကျောင်းနေဘက် သူငယ်ချင်းတွေနဲ့ တွေ့ရ၊ ရုပ်ရှင်လေး ဘာလေး ကြည့်ရနိုင်တာကိုး။

တစ်နေ့ကျတော့အဖေကသူ့ကိုကားလိုက်မောင်းပေးဖို့ပြောတယ်။ အဖေ့မှာ တစ်နေကုန် တက်ရမယ့် အစည်းအဝေးတစ်ခုရှိနေသတဲ့။ ကျွန်တော်လည်းအဖေ့ကိုလိုက်ပို့ရင်းမြို့ထဲသွားရမယ့်အခွင့်အရေးဆိုတော့ ပျော်သွားတယ်။

မြို့တက်မှာဆိုတော့အမေကလည်းအိမ်အတွက်ဝယ်ရခြမ်းရမယ့် စာရင်းတွေကျွန်တော့်လက်ထဲထည့်ပေးပါတယ်။ အဖေကလည်း မြို့မှာ ကျွန်တော်တစ်ယောက် တစ်နေကုန်နေနေရမယ့်အတူတူ ကားကြံ့ခိုင်ရေး လုပ်တာ၊ ရေဆေးဆီထိုးတာအပါအဝင် တခြားဗာဟီယလေးတွေလုပ် ထားခိုင်းပြန်တယ်။

အဲလိုနဲ့အဲသည့်နေ့မနက်ကအဖေသွားတဲ့အစည်းအဝေးခန်းမရှိရာ အဆောက်အအုံရှေ့ကို ရောက်သွားတော့ အဖေက ကားပေါ်က မဆင်းခင် ကျွန်တော့်ကို မှာသွားတယ်။

'ဖေဖေ့ကို ညနေ၅နာရီကျ ပြန်လာကြိုနော်၊ သား'တဲ့။

အဖေ့ကို အစည်းအဝေးမှာထားခဲ့ပြီးတော့ ကျွန်တော်လည်း အမေနဲ့အဖေတို့ခိုင်းထားတာတွေကိုခပ်သွက်သွက်လုပ်လိုက်ပါတယ်ပြီးတာနဲ့ အနီးဆုံး ရုပ်ရှင်ရုံကို ပြေးတော့တာပဲ။

http://www.linhtet.com



ရုပ်ရှင်ရုံထဲလည်းရောက်ရော ကျွန်တော်ကြိုက်တဲ့ဂျော်(န်)ဝေး(န်) ကားနဲ့ တိုးနေတယ်ဗျ။ ဂျော်(န်)ဝေး(န်)နဲ့လည်းတွေ့ရော အားလုံးကို မေ့သွားတော့တာပဲ ဆိုပါစို့ရဲ့။ အားလုံး မေ့ဆို၊ အချိန်ကိုပါ မေ့သွားတော့တာဗျ။

ရုပ်ရှင်ပြီးတော့ ၅နာရီခွဲ။ အဲတော့မှ ၅နာရီမှာ အဖေ့ကို ကြိုရမှာ သွားသတိရတယ်။ ကားကို ရေဆေးဆီထိုးရုံမှာ ထားခဲ့တာဆိုတော့ အဲသည့်ကို အပြေးသွားပြီး ကားပြန်ယူရသေးတယ်။ ပြီးမှ အဖေ့ကို သွားကြိုတော့အဖေကကျွန်တော့်ကိုစိတ်ရှည်လက်ရှည်စောင့်နေတယ်။ နာရီကြည့်လိုက်တော့ ၆နာရီထိုးခါနီးနေပြီ။

အဖေက ကျွန်တော့်ကို စိတ်ပူနေတဲ့အသံနဲ့ မေးတယ်။

'ဘာလို့ နောက်ကျနေတာလဲသား. . .'တဲ့။

အနောက်တိုင်း ရုပ်ရှင်ကားတစ်ကားကို ကြည့်နေတဲ့အကြောင်း အဖေ့ကို ပြောလိုက်ရမှာရှို့နေမိတာနဲ့ ပါးစပ်ထဲရှိသလို ဖြေလိုက်မိရပါတယ်။

'ကားရေဆေးဆီထိုးတဲ့နေရာမှာ သည်ကနေ့မှကားတွေများနေလို့ တန်းစီနေရတယ် ဖေဖေရဲ့'ပေါ့။

တကယ်တော့ ကျွန်တော်မသိလို့ပါအဖေကအဲသည့်ကားရေဆေးဆီထိုးတဲ့အလုပ်ရုံကိုတယ်လီဖုန်းဆက်ကြည့်ပြီးသားဆိုတာကို ကျွန်တော် မရိပ်မိခဲ့ဘူး။

အဖေက အဲသည့်ကိုလှမ်းဆက်ပြီးသားဆိုတော့ သူ့ကို ကျွန်တော် လိမ်မှန်း တန်းသိသွားမှာပေါ့။

သည်အခါ အဖေက ကျွန်တော့်ကို ဘာပြောတယ်မှတ်လဲ။

'အေးကွာ၊ အဖေနဲ့သား ပွင့်ပွင့်လင်းလင်း ဘာမဆိုအမှန်အတိုင်း

http://www.linhtet.com



ပြောရဲအောင်သားကိုတစ်သက်လုံးလေ့ကျင့်သင်ကြားပေးနိုင်ခဲ့တယ်လို့ ဖေဖေ ထင်ခဲ့တာ။ အခုကျတော့မှ ဖေဖေ့ဘက်က တစ်ခုခုမှားနေမှန်း သတိထားမိတော့တယ် သားရေ။ သားကို လိမ်တတ်ညာတတ်သူဖြစ်သွားအောင် ဖေဖေဘယ်နည်းနဲ့မှားလုပ်မိသွားခဲ့သလဲဆိုတာ စဉ်းစားလိုက်ဦးမယ်ကွာ။ အဲတော့ သည်လိုလုပ်၊ သားက ကားမောင်းပြီး ပြန်တော့ဖေဖေကတော့ဖေဖေဘယ်နေရာမှာမှားသွားသလဲဆိုတာ စဉ်းစားရင်းနဲ့သည်ဘဝမိုင်ကိုခြေလျင်ပဲလျှောက်တော့မယ်နော်'တဲ့. . . ။

အဲလိုနဲ့အစည်းအဝေးတက်တဲ့အဝတ်အစား၊အစည်းအဝေးတက်တဲ့အလှစီးခြေနင်းနဲ့အဖေဟာ အိမ်အပြန်လမ်းကို ခြေလျင်လျှောက်ပါတော့တယ်။ လမ်းကလည်း ချိုင့်တွေ၊ ကျင်းတွေ၊ ခလုတ်တွေ၊ ကန်သင်းတွေနဲ့။ လမ်းမီးကလည်း မရှိတော့ မှောင်နဲ့မည်းမည်း။

အဖေ့စိတ်ကိုသိနေတော့ ကားပေါ်တက်ပါ အဖေရယ်လို့လည်း မပြောရဲဘူး။ အဖေ့ကို တစ်ယောက်တည်းထားပြီးတော့လည်း ကားမောင်းပြီး မပြန်ရက်ဘူး။ အဲဒါနဲ့ ကျွန်တော်လည်း အဖေ့နောက်ကနေ တစ်လိမ့်ချင်းလိမ့်ရုံမောင်းပြီး လိုက်ခဲ့ရတော့တာပေါ့။ အဲသည့်နေ့က အိမ်ကိုရောက်ဖို့ ၅နာရီခွဲတိတိကြာတယ်။ ကျွန်တော့်ရဲ့မိုက်မဲစွာ လိမ်လည်ဖြီးဖြန်းမှုကြောင့် ကျွန်တော့်အဖေမှာ နာကျင်ထိခိုက်နေတာကို မြင်နေရတော့ ကျွန်တော့် ရင်ထဲမှာ ဘယ်လိုမှမချိတော့ပါဘူးအဲသည့်အချိန်ကစပြီး နောင်လွဲနောင်ခါ ဘယ်သောအခါမှ မလိမ်တော့၊ မညာ တော့ဘူးလို့လည်း ကျွန်တော် ဆုံးဖြတ်လိုက်မိရပါတော့တယ်။

သည်အဖြစ်အပျက်ကလေးကို ကျွန်တော် မကြာမကြာသတိရမိတယ်။ တကယ်လို့သာ ကျွန်တော့်အဖေဟာ'ငါ့သား မင်းငါ့ကိုလိမ်ရကောင်းလား'ဆိုပြီး သားသမီးတွေကိုကျွန်တော်တို့ဆုံးမနေကျ နည်း

http://www.linhtet.com



လမ်းတွေထဲက တစ်နည်းနည်းနဲ့သာ ကျွန်တော့်ကို အပြစ်ပေးခဲ့မယ် ဆိုရင် ကျွန်တော်အဲသလောက်မှတ်ပါ့မလားလို့လည်း စဉ်းစားမိတယ်။ ဟုတ်တယ်။ အဲလိုသာ အဖေက အပြစ်ပေးမယ်ဆိုရင် ကျွန်တော် ဘယ် သည်လောက် မှတ်ပါ့မလဲ။ အဖေပေးတဲ့အပြစ်ဒဏ်ကို နာကျင်စွာခံယူ လိုက်ပြီးတဲ့နောက် အလားတူပြစ်မှုကို လစ်ရင်လစ်သလိုကျူးလွန်ဖြစ် နေဦးမှာပါပဲ။

ဒါပေမယ့် ဘာအပြစ်မှ မပေးဘဲ အေးအေးဆေးဆေး၊ အသာ တကြည်နဲ့ အဖေလုပ်လိုက်တာလေးကတော့ သိပ်ကိုအစွမ်းထက်လွန်း အားကြီးလှပါတယ်။ဘယ့်ကလောက်များလဲဆိုရင်သည်အဖြစ်အပျက် ဟာ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလို ကျွန်တော့်ရင်ထဲမှာ အမြဲလတ် ဆတ်နေပြီးနောင်တစ်ကြိမ် မလိမ်ဖြစ်အောင်လည်းနေ့စဉ်နဲ့အမျှသတိ ပေးသလို ဖြစ်နေခဲ့ပါတော့တယ်။

သည်ဖြစ်ရပ်ဟာတကယ်တော့ အေးအေးသာကြည်နည်းရဲ့ စွမ်း ပကားပါပဲ။

စာဖတ်သူလူကြီးမင်းများခင်ဗျား. . .

ကျွန်တော့်ဆီရောက်လာတဲ့စာထဲမှာ ပါတဲ့ဇာတ်လမ်းလေးကတော့ သည်လောက်ပါပဲ။

တိုက်ဆိုင်တယ်လို့ဆိုရပါလိမ့်မယ်။ သည်စာကို ဩဂုတ်လ(၁၄) ရက်နေ့မှာရတာပါ။ ဩဂုတ်လ(၁၁)ရက်နေ့ညနေခင်းမှာတော့ လူရင်း တစ်ယောက်ရဲ့လိမ်လည်မှုတစ်ခုကြောင့် ကျွန်တော်ရင်ကွဲခဲ့ရပါသေး တယ်။လိမ်လည်သူလူရင်းကတော့ကျွန်တော့်ကိုထိခိုက်နစ်နာစေလိုတဲ့ ရည်ရွယ်ချက်လုံးဝမရှိဘူးလို့ ကျိန်တွယ်ပြောဆိုပါတယ်။ သည်အချက် ကို ကျွန်တော့်ဘက်ကလည်း နည်းနည်းမှသံသယမရှိပါဘူး၊ လက်ခံ

http://www.linhtet.com



နိုင်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာ ကျွန်တော့်အတွက် ဘက်ပေါင်းစုံကထိခိုက်နာကျင်လွန်းလှတာစာနဲ့တောင်ရေးမပြတတ်အောင်ပါဘဲ။

သည်ကိစ္စကိုပြောတဲ့အခါ မိတ်ဆွေလေးတစ်ယောက်က ကျွန်တော့်ကို လိမ်လည်သူ လူရင်းဘက်က ရှေ့နေလိုက်ပါတယ်။ လိမ်ညာဖုံးဖိရခြင်းရဲ့အကြောင်းရင်းကိုထောက်ညှာပေးဖို့ပါပဲ။ ကျွန်တော် ပြန်ရှင်းပြရပါတယ်။ မိသားစုတစ်ခုမှာဖြစ်စေ၊ မိတ်ဆွေရင်းချာများကြားမှာဖြစ်စေ၊လုပ်ငန်းခွင်တစ်ခုခု၊ အသင်းအဖွဲ့တစ်ခုခုအတွင်းမှာဖြစ်စေ၊ တခြားဆက်ဆံရေးတစ်ခုခုမှာဖြစ်စေ လိမ်ညာဖုံးဖိမှုတွေ ပေါ်ပေါက်ပြီဆိုတာနဲ့ယုံကြည်မှုပျက်ယွင်းသွားပြီး ဆက်ဆံရေးတစ်ရပ်လုံး ယိမ်းယိုင်ပြိုလဲသွားတတ်မြဲ သဘာဝကိုပါ။ တစ်နည်းပြောရရင် အတွင်းလှိုက်စားတဲ့ဆက်ဆံရေးဆိုတာ အဲလိုလိမ်ညာ ဖုံးဖိမှုတွေနဲ့ ပြည့်နှက်နေတဲ့ဆက်ဆံရေးမျိုးပါပဲ။ ဘာအကြောင်းကြောင့်ပဲဖြစ်စေ၊ လိမ်ညာဖုံးဖိတာဟာ ယုံကြည်မှုကို လျော့ပါးစေတဲ့အကျိုးဆက်ကို ဖြစ်ပေါ်စေတာချည်းပါပဲ။

တစ်ဆက်တည်းမှာမြန်မာစကားအမှတ်မှားနေတာတစ်ခုကိုလည်း စာဖတ်သူများအတွက် ထောက်ပြလိုက်ချင်ပါသေးတယ်။ 'မုသားမပါ၊ လင်္ကာမချော'လို့ အမှတ်မှားနေတာကိုပါ။ မူရင်းဆိုရိုးစကားအမှန်က 'မုတမပါ၊ လင်္ကာမချော'ပါ၊ 'မုတ'လို့ ပါဠိလိုခေါ်တဲ့၊ သိုးဆောင်းဘာသာစကားနဲ့ mood လို့ခေါ်တဲ့၊ အာရုံဝင်စားမှု (ဝါ) ခံစားချက်မပါရင် လင်္ကာမချောနိုင်ဘူးလို့ ဆိုလိုရင်းပါ။ အဲဒါကိုမှ လိမ်ညာပြောဆိုဖို့အထုံပါသူများက ကြားဖူးနားဝနဲ့လိုရာဆွဲပြီး 'မုတ'ကို'မုသား' လုပ်ထည့်ကာ လိမ်ညာဖုံးဖိတာပဲတရားသလိုလို၊ဘာလိုလို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်လိုက်ကြတာပါ။

http://www.linhtet.com



ကျွန်တော်ဟာ ကျွန်တော့်သားသမီးလေးတွေကို တစ်ခုပဲသင်ပါတယ်၊ မလိမ်ဖို့ပါဘဲ။ မှားတာကို ကျွန်တော် သည်းခံနိုင်ပါတယ်။ ပုထုဇဉ်မှန်သမျှ ဘယ်သူမှ အမှားမကင်းပါဘူး။ ဒါကြောင့် ကြိုက်သလောက် မှားလို့ရပါတယ်၊ ဒါပေမယ့် မလိမ်ပါနဲ့လို့တော့ ကျွန်တော် အထပ်ထပ်မှာထားပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ကျွန်တော့်မိသားစုကို ဘယ်တုန်းကမှ မလိမ်ခဲ့၊ မညာခဲ့ဖူးပါဘူး။ အားလုံးကို အမှန်အတိုင်းပြောခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ကလေးတွေကို လိမ်ညာတတ်အောင်၊ ဖုံးဖိတတ်အောင် လေ့ကျင့်ပေးသူများကလည်း မိဘများကိုယ်တိုင်သာဖြစ်တယ်ဆိုတာ သတိထားမိနေခဲ့တာကြာပါပြီ။ အမှန်အတိုင်းဝန်ခံလိုက်တဲ့အခါအပြစ်တင်လိုက်မယ်၊မောင်းမဲလိုက်မယ်၊အပြစ်ပေးလိုက်မယ်ဆိုရင်နောင်အခါကျအပြစ်တင်ခံရမှာ၊မောင်းမဲခံရမှာ၊အဆော်ခံရမှာကြောက်ပြီးအမှန်ကိုပြောဖို့ဝန်လေးကုန်တတ်တာ သဘာဝပါ။ ကျွန်တော့်ကလေးတွေကအမှန်အတိုင်းပြောလာရင်သူတို့ရဲ့အမှန်ကိုဝန်ခံရဲတဲ့သတ္တိကို နှုတ်နဲ့ ထုတ်ဖော်ချီးကျူးပါတယ်။ ဘယ့်လောက်ကြီးမားတဲ့အပြစ်ကိုဖြစ်စေခွင့်လွှတ်ပေးလိုက်ပါတယ်တစ်နည်းအားဖြင့်အမှန်ကိုပြောပြတဲ့အတွက်ဆုပေးလိုက်တဲ့သဘောပါပဲ။

သည်နည်းနဲ့ သူတို့တွေ အမှန်ကိုအခါခပ်သိမ်းပြောရဲလာပြီဆိုရင် မိသားစုဆက်ဆံရေးလမ်းကြောင်းလည်း ပွင့်ထွက်သွားပါပြီ။ ဒါဆိုရင် တခြားမိသားစုအရေးကိစ္စအားလုံးကိုအဆင်ပြေအောင်ဆောင်ရွက်နိုင်ဖို့ အလွန်အင်မတန် လွယ်ကူသွားပါတော့တယ်။

ကျွန်တော့်ကိုလိမ်ညာဖုံးဖိသူလူရင်းကို ပထမအကြိမ်ကတည်းက အပြင်းအထန်သတိပေးခဲ့ပါတယ်။နောင်တစ်ကြိမ်ဆိုရင်သေခန်းဖြတ်

http://www.linhtet.com



တဲ့အထိအရေးယူမယ်လို့တောင် မှာခဲ့တာပါ။ အဲဒါ ၁၉၉၇ခုနှစ်လောက် ကပါ။ အဲဒါ၂၀၀၀ပြည့်နှစ်မှာ ဒုတိယနဲ့တတိယအမှုတွေ ကံရပါတယ်။ ပထမအကြိမ်တုန်းက ကျွန်တော်သတိပေးခဲ့တဲ့အတိုင်းသာ အရေးယူရ မယ်ဆိုရင် နစ်နာမယ့်သူက သူတစ်ယောက်တည်း မဟုတ်တော့ပါဘူး။ ဒါကြောင့် ဘာမှ မတတ်နိုင်တော့ဘဲ လက်ပိုက်ကြည့်နေခဲ့ရတာမို့ တော် တော်ကြီးကို ကြိတ်မနိုင်ခဲမရဖြစ်နေခဲ့ပါတယ်။

အခု စာထဲက ဒေါက်တာအေရန်ဂန္ဒီရဲ့ ဇာတ်လမ်းလေးဟာဖြင့် ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း မြင်စေခဲ့ ပါပြီ။

စာဖတ်သူလူကြီးမင်းများလည်း သည်ဇာတ်လမ်းလေးကနေ ဆင့်ပွားစဉ်းစားစရာလေးတွေ ရလာလိမ့်မယ်လို့ မျှော်လင့်မိကြောင်းပါ ခင်ဗျား။

**(အလင်းတန်းဂျာနယ်၊ ၃၀-၁၀-၀၀)**

# မမြင်မကန်းနဲ့ ဆင်စမ်းတဲ့နည်း

မျက်မမြင်ပုဏ္ဏားဖြောက်ရဲ့ရှေ့မှောက်ကို ရောက်သွားတဲ့ဆင်ကြီးရဲ့ ပုံပြင်ဆိုတာ ကြားရလွန်းလို့ ရိုးတောင်နေပါပြီ။ ဆင်ကိုတစ်ခါမှမမြင် ဖူးတဲ့သူတွေပီပီ ခြေထောက်ကိုစမ်းမိသူက ဆင်ဆိုသည်မှာ တိုင်မကြီး ပါတကားလို့ဆိုလိုဆို၊ နှာမောင်းကိုစမ်းမိသူက မြွေလိုပါပဲလို့ ပြောလို ပြော၊ ကိုယ်ထည်ကို စမ်းမိသူက နံရံကြီးပါလို့ ငြင်းလိုငြင်းနဲ့ဆိုတာ ကျွန်တော်တို့အားလုံးကြားဖူးပေမယ့်ကြားဖန်များလို့လားတော့မသိဘူး၊ သိပ်ခေါင်းထဲမစွဲဘူးဖြစ်နေတယ်။

တကယ်တော့ မျက်မမြင်ပုဏ္ဏားဖြောက်ပြောတဲ့ဆင်ရဲ့သဘာဝ တွေဟာအမှန်တရားတော့မဟုတ်ဘူး။ ဒါပေမယ့် အမှန်မဟုတ်လို့မှား တယ်လို့ ယတိပြတ် ပြောလို့ကလည်း မရနိုင်ပြန်ဘူး။ တကယ်တော့ လောကမှာ ‘မှန်တယ်’ဆိုတဲ့၊ ဒါမှမဟုတ် ‘အမှန်တရား’ဆိုတဲ့ လူ

http://www.linhtet.com



အားလုံးက ခြွင်းချက်မရှိ အသာတကြည်လက်ခံနိုင်တဲ့အမှန်ဆိုတာ ရှိနိုင်ပါ့မလား။ သဘာဝဓမ္မတရားတွေကလွဲရင်ပြောပါတယ်။သဘာဝ တရားဆိုတာကြီးကတော့ အမြဲမှန်တဲ့အမှန်တရားတွေလေ။ နေဟာ အရှေ့အရပ်ကထွက်မယ်၊အနောက်အရပ်ကိုဝင်မယ်၊ဘယ်သူမှခြေကန် ငြင်းလို့မရဘူး။ လူဟာသေမျိုးပဲ၊ ဒါလည်း ဘယ်သူမှမငြင်းနိုင်ဘူး၊ ဘာလို့လဲ၊ အဲဒါတွေက သဘာဝတရားမို့လို့။

ဒါပေမယ့်အများသူငါကြားမှာရှိနေတဲ့အများအမှန်ဆိုတာကတော့ တော်တော့်ကို ပြဿနာကြီးတယ်။ လောကီမှာရှိနေတဲ့အမှန်ဆိုတာ ဘယ်သူကပြောတာလဲ၊ ဘယ်သူ့ကိုပြောလိုက်တာလဲ၊ဘယ်နားမှာပြော တာလဲ၊ ဘယ်အချိန်မှာပြောတာလဲ၊ ဘာ့ကြောင့်ပြောတာလဲ၊ဘယ်လို လေးပြောလိုက်တာလဲစတဲ့အခြေအနေအကြောင်းတရားများပေါ်မှာ အများကြီးတည်နေပါတယ်။ တစ်နည်းအားဖြင့်တော့ လူတစ်ဦးစီမှာ ရှိနေတဲ့ ယုံကြည်ချက်၊ ဒါမှမဟုတ် အယူအဆဆိုတာတွေအားလုံးဟာ မျက်မမြင်ပုဏ္ဏား၆ယောက်က ဆင်ကို မြင်သလိုမြင်တဲ့သဘောပဲလို့ သတ်မှတ်လို့ရပါတယ်။

လူဆိုတာ ဘာကိုပဲမြင်မြင်၊ ဘာကိုပဲ မှတ်သားမှတ်သား၊ ကိုယ့် ယုတ္တိဗေဒ၊ ကိုယ့်အကြောင်းပြချက်နဲ့ကိုယ် ခိုင်လုံနေတတ်ကြသူချည်း ပါပဲ။မိမိတို့ဘဝတစ်လျှောက်လုံးမှာရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့အတွေ့အကြုံ တွေကိုအခြေတည်ပြီးလူတိုင်းလူတိုင်းဟာကိုယ်ရင်ဆိုင်တွေ့ကြုံရသမျှ အရာဝတ္ထုတွေ၊ အဖြစ်အပျက်တွေ၊ လူပုဂ္ဂိုလ်တွေ၊ အကြောင်းချင်းရာ တွေကို သတ်မှတ်ဆုံးဖြတ်ယူကြတာပါ။

လူတစ်ဦးစီမှာကိုယ့်ယုတ္တိနဲ့ကိုယ်၊ ကိုယ့်အကြောင်းပြနဲ့ကိုယ်ခိုင် လုံနေကြလေတော့ကိုယ်ရင်ဆိုင်တွေ့ကြုံရတာတစ်ခုအပေါ်မှာဖြစ်ပေါ်

http://www.linhtet.com



လာတဲ့ကိုယ့်ရဲ့သုံးသပ်ချက်ဟာကိုယ့်အထွက်တော့သွေးထွက်အောင်မှန်နေမှာပဲ၊ နည်းနည်းလေးမှကိုမှားမှာမဟုတ်ပါဘူး။ ဒါပေမယ့်ဘဝမှာ အကြောင်းချင်းရာတစ်ခု၊ ဒါမှမဟုတ် အရာဝတ္ထုတစ်ခု၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ဦးတွက်အမှန်တရားဆိုတာတစ်မျိုးတည်းရှိနေဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လူချင်းကွဲနေတာနဲ့အမျှအမှန်တရားတွေလည်း ကွဲပြား နေမှာပါပဲ။

အလွယ်ဆုံးဥပမာပေးရရင် ငါးပိရေချို မကြိုက်တဲ့ ကျွန်တော့်အတွက် ငါးပိရေချိုကျိုနေတဲ့ရနံ့ဟာ ပျို့ချင်စရာဖြစ်နေမှာပေမယ့်ကြိုက်တတ်သူများအတွက်ကျတော့ထမင်းဆာချင်စရာရနံ့လေးဖြစ်နေမှာပါ။ သည်အတွက်ငါးပိရေချိုဟာ အော်ဂလီဆန်စရာကြီးပါဗျာလို့ကျွန်တော်ကပြောရင်အဲဒါကျွန်တော့်အတွက်ငါးပိရေချိုအမှန်တရား’ပဲ။ တစ်ဘဝလုံးဘယ်တုန်းကမှမခံနိုင်တဲ့ရနံ့ဆိုတော့ဒါဟာကျွန်တော့်အတွက်ပကတိအမှန်တရားဒါပေမယ့်ကြိုက်တတ်သူကျွန်တော့်အမေအတွက်တော့အဲသည့်ရနံ့ဟာမွှေးနေမယ်ဆိုတာလည်းအမေ့အတွက်အမှန်တရားဖြစ်နေတယ်အဲတော့ငါးပိရေချိုတစ်မျိုးတည်းမှာတင်အမှန်ဆိုတာ နှစ်ခုထွက်လာနိုင်တယ်။ သဘောကိုပြောနေတာပါ။

အဲတော့ကာ တစ်ခုခုကို မှန်ပါတယ်လို့ပြောဆိုသတ်မှတ်ဖို့ ယတိပြတ်ဆုံးဖြတ်ဖို့ဆိုတဲ့အလုပ်ဟာ တော်တော့်ကို မလွယ်တဲ့အလုပ်ပါ။ ဒါပေမယ့် ကျွန်တော်တို့ လူသားတွေအားလုံးဟာ ကိုယ်ယုံတာ၊ ကိုယ်မှန်တယ်ထင်တာကို ခြေကန်ပြီး အတည်-ပဖို့ တော်တော့်ကို အထုံပါနေတတ်ကြပါတယ်။ အမှန်က အဲလိုတစ်ခုခုနဲ့ပတ်သက်လို့ ကိုယ်ကသာမှန်ပါကြောင်း၊ကိုယ့်အယူအဆအဘယ်မျှခိုင်လုံပါကြောင်းငြင်းခုန်မယ့်အစား အဲသည့်တစ်ခုခုကို သိုင်းဝိုင်းခြုံရုံထားနိုင်ဖွယ်ရှိတဲ့ အမြင်

http://www.linhtet.com



အမျိုးမျိုး၊ ထောင့်အသွယ်သွယ်ကနေ ချဉ်းကပ်ကြည့်မယ်ဆိုရင် ကိုယ့်တစ်ဖက်သာမှန်ကန်ပါကြောင်း သက်သေထူတဲ့အလုပ်ကို တော်တော်နဲ့ လုပ်ဖြစ်တော့မှာမဟုတ်သလို အမြင်လည်းကျယ်၊ နားလည်မှုလည်း ကြီးလာတော့မှာ အမှန်ပါပဲ။

အာရုံ၆ပါးကိုခံစားရာမှသည် အမှန်တရားအတွက် သတ်မှတ်ဆုံးဖြတ်ထားတဲ့တန်ဖိုးဆိုတာ လူတစ်ဦးနဲ့တစ်ဦး ဘယ်လိုမှမတူနိုင်ပါဘူး။ အထက်မှာတင်ပြခဲ့တဲ့ ငါးပိရေချိုအမှန်တရားလိုပဲ တစ်ယောက်နဲ့ တစ် ယောက်ကြားမှာ အမှန်တရားတွေခြားနားနေမှာပါ။ ဘဝကိုရှုမြင်သုံးသပ်ကြရာမှာလည်း တစ်ယောက်နဲ့တစ်ယောက်မတူကြတဲ့အတွက် အယူအဆတစ်ခုရဲ့အလေးအပေါ့၊အတိမ်အနက်ကိုချိန်စက်ရာမှာလည်း ဘယ်လိုနည်းနဲ့မှ တူမျှမနေနိုင်ပါဘူး။

အကြောင်းအရာတိုင်းအတွက် လူတစ်ဦးစီဟာ သူ့အမြင်နဲ့သူ၊ သူ့ရှုထောင့်နဲ့သူမှန်တယ်လို့သတ်မှတ်နိုင်တဲ့အယူအဆတစ်ခုစီရှိနေတတ်တယ်။ အယူအဆတွေကွဲပြားခြင်းဟာ ယူတတ်မယ်ဆိုရင် အင်မတန့်ကို အကျိုးများနိုင်ပါတယ်။ များပြားတဲ့အယူအဆတွေကို အခြေခံပြီးအားလုံးကိုပိုလို့နက်နက်နဲနဲနားလည်နိုင်တဲ့အကျိုးတရားကို ဖြစ်ပေါ်စေ နိုင်တာမို့ပါ။

ရှုပ်များသွားလားမသိဘူး။ စာအစမှာဖော်ပြခဲ့တဲ့မျက်မမြင်ပုဏ္ဏား ၆ယောက်ရဲ့ဆင်အပေါ် ရှုမြင်သုံးသပ်ပုံတွေကိုပေါင်းစပ်လိုက်ရင်ဆင်ကို နံရံအဖြစ်သုံးမယ်ဆိုလည်းသုံးနိုင်မယ်၊ တိုင်မကြီးတစ်ခုလိုလည်း သုံးနိုင်မယ်၊မြွေတစ်ကောင်လိုလည်းသုံးနိုင်မယ်၊ပေါက်ချွန်းလိုလည်း သုံးနိုင်လာပါတော့မယ်။ တစ်နည်းအားဖြင့်ဆင်ရဲ့သဘာဝကို ပိုလို့ ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ်သိလာနိုင်ပါတယ်။

http://www.linhtet.com



အဲတော့ကာ လောကီနယ်ပယ်မှာရှိတဲ့အမှန်တရားဆိုတာတွေမှာ တစ်ဦးစီရဲ့အယူအဆဆိုတာက အမြဲတန်းကပ်ပါနေပါတယ်လူအများ မှာအယူအဆများစွာရှိတဲ့အတွက်အမှန်ဆိုတာလည်းတစ်ခုမကများစွာ ရှိနေနိုင်ပါတော့တယ်။ ဆိုကြပါစို့ သစ်ပင်ခုတ်ဖို့ကိစ္စလေးတစ်ခုမှာပဲ ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့အယူအဆနှစ်ရပ်ကွဲပြီးထွက်လာနိုင် ပါတယ်။

မကောင်းဘူးလို့ ပြောတဲ့သူ့အတွက်က သစ်ပင်ခုတ်တယ်ဆိုတာနဲ့ ငှက်ကျေးတိရစ္ဆာန်တို့ရဲ့အသိုက်အ-မံကိုပျက်စီးစေနိုင်တယ်၊ လွင်တီး ခေါင်ဖြစ်သွားပြီး ပူလောင်နိုင်တယ်ဆိုတဲ့ အယူအဆက ရှိနေမှာပါ။ ကောင်းတယ်လို့ပြောမယ့်သူကတော့သစ်ပင်ခုတ်တဲ့အတွက်လူအများ အတွက်အိမ်ရာတွေ၊ပရိဘောဂတွေ၊အသုံးအဆောင်တွေဖြစ်လာစေနိုင် တဲ့အတွက် လူတွေကို အကျိုးပြုတယ်ဆိုတဲ့အယူအဆနဲ့ဖြစ်မှာပါ။

အယူအဆနှစ်ရပ်စလုံးကို မှားတယ်လို့မဆိုနိုင်ပါဘူး။ သူ့အမြင်နဲ့ သူသန်သလို သူမှန်နေတော့မှာပါပဲ။ တစ်ယောက်အယူအဆက မှန် တယ်လို့ကောက်ချက်ဆွဲလိုက်တာနဲ့တစ်ပြိုင်နက် ကျန်တစ်ယောက်ရဲ့ အယူအဆကို မှားတယ်လို့ပြောလို့မရပါဘူး။ သစ်ပင်ကနေ စက္ကူဖြစ် လာနိုင်သလို၊လှေသင်္ဘောတွေလည်းဖြစ်လာနိုင်တယ်၊ဆေးဝါးလည်း ဖြစ်ချင်ဖြစ်သွားနိုင်သေးတယ်အဲသည့်အယူအဆအတွေးအမြင်ကိုရော မှားတယ်လို့ ဘယ်ပြောလို့ရပါတော့မလဲ။

ဒါပေမယ့် သဘာဝတရားအရတော့သစ်ပင်ဟာသစ်ပင်ပါပဲ။လူ တစ်ဦးစီရဲ့ချဉ်းကပ်ပုံ၊ရှုမြင်ပုံနဲ့အသုံးချပုံအမျိုးမျိုးအပေါ် မှာမူတည်ပြီး အဲသည့်သစ်ပင်ရဲ့တန်ဖိုးဟာလည်းအမျိုးမျိုးပြောင်းလဲနေတာသာဖြစ်ပါ တယ်။

http://www.linhtet.com



အလားတူပဲ၊နတ်ဒေဝတာများရှိတယ်ဆိုတဲ့အယူအဆ၊မရှိဘူးဆိုတဲ့အယူအဆဟာလည်း ယုံသူနဲ့မယုံသူများကြားမှာအငြင်းပွားနေတဲ့ကိစ္စပါပဲ။ထင်ရှားတဲ့ဒဿနိကဗေဒပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ Soren Kierkegaard က သည်ကိစ္စနဲ့ ပတ်သက်လို့ပြောဖူးပါတယ်။ 'တကယ်လို့သာနတ်ဒေဝတာတွေမရှိဘူးလို့ပြောမယ်ဆိုရင်မရှိကြောင်းသက်သေပြဖို့ တော်တော်ခက်လိမ့်မယ်။ အဲလိုပဲ၊ ရှိပါတယ်လို့ ပြောမယ်ဆိုရင်လည်း ရှိကြောင်းသက်သေထူဖို့က ခက်နေပြန်ရောဗျ'တဲ့။

နတ်ဒေဝတာရှိခြင်း၊ မရှိခြင်းကိုပြောဆိုနေကြခြင်းရဲ့အကျိုးဆက်ကတော့ ယုံကြည်မှု၊ မယုံကြည်မှုအတွက် ယုတ္တိခိုင်လုံအောင်ဆောင်ရွက်နေကြတဲ့သဘောပဲဖြစ်ပါတယ်။ တကယ်ရှိ၊ မရှိ သက်သေထူဖို့အတွက် မဟုတ်တာကို သေချာစဉ်းစားရင် မြင်သာပါလိမ့်မယ်။

Soren Kierkegaard ကပဲဆက်ပြောပါသေးတယ်။'နတ်ဒေဝတာတွေနဲ့ သူတို့ရဲ့လုပ်ရပ်တွေကြားထဲမှာအဆက်အစပ်ကတော့ တိတိပပရှိနေတယ်ဗျ။ အဲဒါကတော့ ဘာနတ်၊ဘာနတ်သမီးဆိုတာထက်အယူအဆဆိုတဲ့သဘောက ပိုလို့ပေါ်လွင်နေတယ်ဆိုတဲ့ အဆက်အစပ်ပဲ။ ဆိုလိုတာက ဗျာ၊ ဒါကတော့ မိစ္ဆာ၊ နတ်ဆိုး၊ ဒါကဖြင့် နတ်ကောင်းနတ်မြတ်စသဖြင့်ပေ့ါ'တဲ့။

လူတွေနဲ့ နတ်တွေကြားက အဆက်အစပ်ဟာ အယူအဆပါပဲလို့ သူကဆိုလိုက်တာပါ။'နတ်ဒေဝတာတွေရဲ့လုပ်ရပ်ဆိုတာတွေကလည်း နတ်ဒေဝတာတွေမှပဲ လုပ်နိုင်စွမ်းတာမျိုးကလား'လို့လည်း သူက ဆက်ပြောပါသေးတယ်ဆိုလိုတာကလူသားတွေအနေနဲ့နတ်ဒေဝတာတွေရဲ့ဆောင်ရွက်ချက်တွေဟာအစစ်အမှန်တွေပါလို့ဘယ်သူကမှပုံသေကားချသက်သေမပြနိုင်ဘူး။ဆိုလိုတာကမောင်ဘကိုဖြင့်နတ်မတာ၊မောင်ဝ

http://www.linhtet.com



ကိုဖြင့် ခိုက်တာလို့ပြောမယ့်သာ ပြောနေကြတယ်၊ မ,ကြောင်း၊ ခိုက်ကြောင်း ခိုင်လုံအောင်တော့ ဘယ်သူကမှ သက်သေမပြနိုင်ပါဘူး။

အဲသည့်ကြားထဲကပဲ၊ ယုံကြည်ရာ၊ ယုံကြည်ရာ အုပ်စုတချို့က ကိုယ်ယုံတာကိုအများသူငါပါ လိုက်ယုံလာအောင် ဇွတ်အတင်းနည်းနဲ့ရော၊ အဓမ္မနည်းနဲ့ပါ စည်းရုံးခဲ့ဖူးတယ်။ သည်လိုနဲ့ အနောက်ကမ္ဘာမှာ ဘာသာရေးစစ်ပွဲဆိုတာတွေအထိပေါ်ပေါက်ခဲ့ရတာ၊ပေါ်ပေါက်နေတာဟာ ကမ္ဘာ့သမိုင်းမှာအထင်အရှားပါပဲ။ ဘာသာတစ်ခုက မိမိတို့ ယုံကြည် ကိုးကွယ်နေသော ဘာသာသည်သာ 'အမှန်တရား'လို့ ကြွေးကြော်လိုက် တာနဲ့ ပြဿနာတွေ တန်းစီပြီး တက်ရတော့တာပါ။

ဆိုတော့ လူအများက သူတို့မှန်တယ်ထင်ရာကို စိတ်လွတ် ကိုယ်လွတ်ယုံကြည်နေတာကို လက်မခံနိုင်ဘဲ ကိုယ်ယုံကြည်တာကိုပဲအမှန်တရားအဖြစ် ဇွတ်အတင်းသွပ်သွင်းယူတဲ့အခါမှာတော့ လူအများမှာ စိတ်ညစ်၊ စိတ်ပျက်ကုန်ကြတယ်။ သည်ကမှတစ်ဆင့် သည်းမခံနိုင်လောက်အောင်ဖြစ်ကုန်ကြရတယ်၊အဲလိုနဲ့ရန်လိုကုန်ကြရာကစစ်မက်ဖြစ်ပွားခဲ့ရတဲ့အထိ ဖြစ်ကုန်ကြတော့တာပါပဲ။ ဒါဘာလဲ၊ အယူအဆ၊ ယုံကြည်မှုဆိုတာအပေါ်မှာ ထားရှိတဲ့ 'အမှန်တရား'ဆိုတာကြောင့်ဖြစ် လာရတာတွေပါပဲ။

လူတစ်ယောက်အနေနဲ့ရုပ်မြင်သံကြားကြည့်တာဟာကလေးတွေအတွက် အကျိုးယုတ်တယ်လို့ မြင်နိုင်တယ်။ အချိန်ကုန်တယ်၊ မမြင်သင့်တာတွေ၊ မကြားသင့်တာတွေ အရွယ်မတိုင်ခင် မြင်ကုန်၊ ကြားကုန်နိုင်တယ်၊ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလာနိုင်တယ်လို့ ပြောမယ်။ တခြားတစ်ယောက်ကတော့ရုပ်သံကြည့်တာကလေးတွေအတွက်ပညာရတယ်လို့ပြောမယ်အားလုံးကိုမြင်တွေ့ကြားသိနေတဲ့အတွက်အကောင်း

http://www.linhtet.com



အဆိုး ခွဲခြားတတ်လာမှာပါလို့ သူက ဆင်ခြေကန်မယ်။

နှစ်ယောက်စလုံးမှန်တယ်လို့ပြောနိုင်ပေမယ့် အဲသည့်အယူအဆ တစ်ခုနဲ့တစ်ခုဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာတော့အမှန်ပါပဲ။ အဲလိုဆန့်ကျင်နေတဲ့အတွက် အဲသည့်အယူအဆနှစ်ခုမှာ တစ်ခုကပဲ မှန်တယ်လို့ဘယ်ပြောလို့ဖြစ်ပါ့မလဲ။ နှစ်ခုစလုံးမမှားတဲ့အပြင် တန်ဆေး၊ လွန်ဘေးဆိုတဲ့ နောက်ထပ်အယူအဆသစ်၊ အမှန်တရားသစ်တစ်ခုကို တောင် ထူထောင်လိုက်နိုင်ပါသေးတယ်။

တကယ်လို့သာ မျက်မမြင်ပုဏ္ဏား၆ယောက်ထဲက တစ်ယောက်စီ ဟာ ကိုယ့်အယူအဆမှန်ကန်ပါကြောင်း အာပေါင်အာရင်းသန်သန်နဲ့ ငြင်းခုန်ရင်း အချိန်ကုန်ခံမယ့်အစား ဆင်တစ်ကောင်လုံးကို ဘက်စုံ ထောင့်စုံက စမ်းသပ်ကြည့်ရင်း ဘက်ပေါင်းစုံကမြင်နိုင်အောင်ကြိုးစား ယူမယ်ဆိုရင် ဆင်ဆိုတာကြီးကို ပိုလို့ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် သိလာမှာ မလွဲဧကန်ပါပဲ။ အဲလိုသာဆိုရင် ဆင်တစ်ကောင်ဟာ တစ်ချိန်တည်းမှာဖြစ်ဖြစ်၊တစ်ချိန်စီမှာဖြစ်ဖြစ်၊တိုင်မကြီးဖြစ်လိုက်၊မြွေကြီး ဖြစ်လိုက်၊နံရံကြီးဖြစ်လိုက်ဆိုတာ ပုဏ္ဏားတွေအားလုံးသိသွားပါလိမ့် မယ်။ ဒါတင်မက သေးဘူး၊ ဆင်ဟာ နံရံလည်းမဟုတ်၊ တိုင်ကြီးလည်း မဟုတ်၊ ပေါက်ချွန်းကြီးမဟုတ်ဘူးလို့လည်း သူတို့တွေ သုံးသပ်ချင် သုံးသပ်နိုင်သွားပါလိမ့်မယ်။

လောလောဆယ်မှာရှိနေတဲ့အမြင်အမျိုးမျိုး၊နောက်မှရှိလာနိုင်တဲ့ ရှုထောင့်အထွေထွေကို လက်ခံလိုက်နိုင်ပြီဆိုတာနဲ့တစ်ပြိုင်နက်ပုဏ္ဏား တို့ရဲ့ အယူအဆတွေဟာလည်း အမြဲတစေ ရှင်သန်ဖွံ့ဖြိုးတိုးတက် ကောင်းမွန်နေတော့မှာလည်းအသေအချာပါသည်အခါမှာဆင်ကြီးက တော့မပြောင်းမလဲရှိနေမှာမှန်ပေမယ့်ဆင်နဲ့ပတ်သက်တဲ့အတွေးအမြင်

http://www.linhtet.com



အယူအဆတွေကတော့ အမျိုးစုံပြောင်းလဲနေရင်း ကိုယ်လိုသလို တစ်မျိုး ပြီးတစ်မျိုး ပြောင်းလဲအသုံးချသွားနိုင်တော့မှာလည်းပဲဖြစ်ပါတယ်။

**(အတွေးသစ်ဂျာနယ်၊ ၀၆-၀၂-၀၁)**

# လက်သမားဆရာတွေ

နာမည်ကျော် အိမ်ဆောက်လုပ်ငန်းကြီးတစ်ခုမှာ အလုပ်လုပ်နေတဲ့ လက်သမားဆရာကြီးတစ်ယောက်ဟာ အသက်အရွယ်ကြီးလာတဲ့အတွက် အလုပ်က အနားယူတော့မလို့ ပြင်ဆင်နေလေသတဲ့။

ဒါနဲ့ ဆရာကြီးဟာ သူ့အလုပ်ရှင် ကန်ထရိုက်တာကြီးကို အကျိုးအကြောင်း ပြောပြပါတယ်။ အိမ်ဆောက်တဲ့လုပ်ငန်းကို စွန့်ခွာပြီး မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နားနားနေနေ နေဖို့ စိတ်ကူးထားတဲ့ အကြောင်းပေါ့။

ပိုက်ဆံတော့ အရင်ကလို ဝင်တော့မှာမဟုတ်မှန်း သိပေမယ့် အသက်ကကြီးလာတော့ နားချင်ပြီလို့လဲ သူက ဆိုတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် စုထားဆောင်းထားတာလေးတွေနဲ့တော့ အဆင်ပြေမှာပါလို့လဲ အလုပ်ရှင်ကန်ထရိုက်တာကြီးကိုလက်သမားဆရာကြီးကပြောပါတယ်။

http://www.linhtet.com



သည်စကားကို ကြားရတော့ ကန်ထရိုက်တာကြီး အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်။ တကယ်တော့ သူ့လုပ်ငန်းမှာ သည် လက်သမားဆရာကြီးက အခရာပဲ။ အင်မတန် လုပ်ရည်ကိုင်ရည်ရှိတဲ့ လက်သမားကြီးပါ။ လက်ရာလည်း အင်မတန်ကောင်းတဲ့သူဆိုတော့ နှမြောလှပေါ့အေးလေ. . . ဒါပေမယ့်သူလည်းအသက်ကြီးပြီဆိုတော့ နားချင်မှာပေါ့။သူ့ဘက်ကကြည့်ရင်တရားပါတယ်လို့ ကန်ထရိုက်တာကြီးက တွေးပါတယ်။

ဒါနဲ့အနားမယူခင်မှာအိမ်တစ်လုံးတော့မဖြစ်ဖြစ်အောင်ဆောက်ပေးပါဦး ဆရာကြီးရယ်၊ကျွန်တော့်ကိုကူညီတဲ့အနေနဲ့ပါလို့ ကန်ထရိုက်တာကြီးကလက်သမားဆရာကြီးကိုတောင်းတောင်းပန်ပန်ပြောလာတော့တာနဲ့ လက်သမားဆရာကြီးကလည်း ခေါင်းညိတ်လိုက်ပါတယ်။

အဲ. . . အိမ်ကိုလည်းစဆောက်ရောလက်သမားဆရာကြီးရဲ့စိတ်နှလုံးဟာအလုပ်ထဲမှာမရှိလှဘူးဆိုတာတော်တော့်ကိုသိသာနေပါတယ်။ အင်မတန်သပ်ရပ်တဲ့လက်သမားဆရာကြီးလို့ နာမည်ကြီးလှပေမယ့် သည်အိမ်ကိုကျတော့ဖြစ်ကတတ်ဆန်း၊ပြီးစလွယ်ပဲဆော်ထည့်လိုက်တယ်။ သုံးထားတဲ့သစ်ဝါးတွေ၊တခြားပစ္စည်းတွေကလည်း ခပ်ညံ့ညံ့။ အင်မတန်လက်ရာကောင်းလှပါတယ်၊သပ်ရပ်လှပါတယ်ဆိုတဲ့နာမည်တစ်လုံးကို အလုပ်က နားတော့မယ်ကြံတော့မှ အဆုံးခံရတော့မယ့်လက်ရာ ဖြစ်နေ ပါရောလား။

အိမ်လည်း အပြီးသတ်သွားတဲ့အခါ ကန်ထရိုက်တာကြီးက အိမ်ကိုလာပြီးကြည့်တယ်ပြီးတော့အိမ်တံခါးသော့နဲ့တကွအိမ်ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေကို လက်သမားဆရာကြီးလက်ထဲ အပ်လိုက်ပြီး အခုလို ပြောလိုက်ပါတယ်။

http://www.linhtet.com



'သည်အိမ်က ဆရာကြီးအတွက် အိမ်ပါဗျာ၊ ဆရာကြီး အနားယူတဲ့အခါ နားနားနေနေ နေနိုင်အောင် ကျွန်တော် ကျေးဇူး-ပတာပါ'တဲ့။

လက်သမားဆရာကြီး ကြက်သေသေသွားတယ်။

သွားပြီ. . .

ဟာ. . . တကယ်လို့သည်အိမ်ဟာသူ့အတွက်ဆိုတာမှန်းစောစော စီးစီးကတည်းက ကြိုသိခဲ့ရင် ဘယ်. . . သည်လိုဖြစ်ကတတ်ဆန်း ဆောက်ခဲ့မိမှာတုန်း။ သေသေချာချာ ကျကျနန အပံ့စားဖြစ်အောင် ဆောက်လိုက်မိမှာပေါ့။

ခုတော့. . .

ခုတော့. . .

ပုံပြင်လေးကတော့ သည်လောက်ပါပဲ။

ကျွန်တော်တို့တွေကလည်း အဲသည့်လက်သမားဆရာကြီးလိုပဲ မဟုတ်ပါလား။ စဉ်းစားကြည့်စေချင်ပါတယ်။

ကျွန်တော်တို့ဘဝတွေကို ကျွန်တော်တို့ကိုယ်တိုင် တည်ဆောက်နေကြပါတယ်။ တစ်နေ့တစ်ခါ ဆောက်နေတာပါ။ အဲလို ဆောက်နေတုန်းမှာ ကိုယ်လုပ်နိုင်တာထက် အများကြီးလျှော့ပြီးဖြစ်ကတတ်ဆန်း၊ ပေါ့တီးပေါ့ဆ ဆောက်မိသွားတာကလည်း ခဏခဏပါ။

သည်လိုနဲ့ ကိုယ်ဆောက်ထားတဲ့အိမ်ထဲမှာ ကိုယ်နေရတော့မယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာတော့ ကျွန်တော်တို့တွေလည်း လက်သမားဆရာကြီးလိုပဲ ကြက်သေသေမိရတာလည်း အကြိမ်ကြိမ်။ အဲသည့်အခါကျမှငါ့နှယ့်နော်. . . အစကသာသည်လိုမှန်းသိရင်သည်လို မလုပ်မိပါဘူးလို့ ကြိတ်ပြီး ရေရွတ်မိတာလဲ များလှပြီ။

http://www.linhtet.com



တကယ်တော့ ကျွန်တော်တို့လူသားတွေအားလုံးဟာ လက်သမားတွေပါပဲ။ နေ့စဉ် သံချောင်းလေးတွေရိုက်လိုက်၊ ရွှေပေါ်လေးထိုးလိုက်၊ ကော်ပတ်လေးစားလိုက်၊ နံရံလေးထောင်လိုက်နဲ့ ဘဝကို တည်ဆောက် နေကြတဲ့လက်သမားတွေပါ။ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာ ပါ ဆိုတဲ့စကားလေး အထင်အရှား ရှိပါတယ်။

ကနေ့မှာရှိနေတဲ့ကိုယ့်သဘောထားနဲ့ကိုယ့်ရွေးချယ်မှုဟာ မနက်ဖန် ကိုယ်နေရမယ့် အိမ်ကိုဆောက်လိုက်တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဘာလေးပဲဖြစ်ဖြစ်၊ ဘယ်လောက်သေးမွှားတာလေး အတွက်ပဲဖြစ်ဖြစ်မမေ့သင့်တဲ့အချက်ကတော့ ကိုယ်လုပ်သမျှဟာ ကိုယ် နေမယ့်အိမ်အတွက် သံလေးတစ်ချောင်း နှက်သွင်းလိုက်တာ၊ ရွှေပေါ် လေး ထိုးလိုက်တာ၊ ကော်ပတ်လေးနဲ့ ပွတ်လိုက်တာ၊ တိုင်လေး တစ် ချောင်း ထူလိုက်တာ၊ အရောင်တင်ဆီလေး ပွတ်လိုက်တာတွေ ဖြစ်နေ တယ်ဆိုတာပါပဲ။

အားလုံး စဉ်းစားနိုင်ကြမယ် ထင်ပါတယ်။

**(အတွေးသစ်ဂျာနယ်၊ ၂၀-၀၃-၀၁)**

# ပိုက်ဆံရဲ့သဘောထားအမှန်

မနက်က ကျွန်တော့်ရည်းစားဟောင်း တစ်ယောက်ဆီကဓာတ်ချော့စာဝင်လာတယ်။သူက ကျွန်တော်ပိုက်ဆံ မစုတာကို တစ်ချိန်လုံး မကျေမနပ်ဖြစ်နေတာ၊ အားမလိုအားမရဖြစ်နေတာ။

ကျွန်တော်က လူမိုက်ပေ့ါ။ ကျွန်တော်ကပြည်တွင်းမှာပဲအိုးမကွာ၊ အိမ်မကွာ ဒေါ်လာစားလာတာ၁၁နှစ်တောင်ရှိနေပြီကနေ့အထိတိုက်ခန်းလေးတစ်ခန်းတောင်အပိုင်မဝယ်နိုင်သေးဘဲအိမ်ငှားနေရတဲ့အတွက် သူတင်မဟုတ်ပါဘူး၊ ကျွန်တော့်ပတ်ဝန်းကျင်တစ်ခုလုံးကပါ ကျွန်တော့် ကို အားမရကြဘူး။

ကျွန်တော်ကတော့ပန်းချီကိုမှတ်သုန်ပြောနေကျစကားလို‘ဘ၀ကို ုချောင်ထိုးထားတဲ့သူပါ’ဖန်တရာတေနေတဲ့ကလီရှေး(cliché)ကိုသုံးရရင်တော့နေသလိုမဖြစ်တဲ့လောကမှာဖြစ်သလိုနေလိုက်တာအကောင်းဆုံးလို့

http://www.linhtet.com



အောက် မေ့လိုက်ရုံပါပဲ။

ကျွန်တော့်အသက် ၄၀ကျော်ပြီ၁၉နှစ်သားကတည်းကပိုက်ဆံရှာတဲ့ အလုပ်ကိုလုပ်ခဲ့တာ။ ကျောင်းတစ်ဖက်နဲ့ အငှားယာဉ်မောင်းတဲ့ အလုပ်က စလာလိုက်တာ အခုအခါမှာတော့ စားပွဲနဲ့ ကုလားထိုင်နဲ့ လေအေးစက်နဲ့ ကွန်ပျူတာနဲ့ ဓာတ်ချောပို့စနစ်နဲ့ အသံသွင်းချောပို့စနစ်နဲ့ စတိုင်ကျကျအလုပ်တစ်ခုမှာ ရောက်နေတယ်။ အကြီးတန်းအရာရှိဆိုတဲ့ဂုဏ်ပုဒ်တစ်ခုလည်းရှိတယ်။ လစာအနေနဲ့ကလည်း တစ်လ ကို ၃သိန်းလောက် ဝင်နေတာ။

ဒါပေမယ့် အဲသည့်အလုပ်ကနေထွက်ဖို့ ကြံနေမိပြီ။ ဒါဖြင့်မင့်မှာ တခြားဘာအလုပ် ရှိလို့လဲဆိုရင် ဘာမှမရှိဘူး။ ခပ်တည်တည်ပဲ၊ လုပ်နေရတဲ့အလုပ်မှာ မပျော်ပိုက်တော့တဲ့အတွက် ထွက်ဖို့ စိတ်ကူးတော့တာ။ပိုက်ဆံဆိုတာလေးရလို့မှုတစ်ခုအတွက်ကျွန်တော့်စိတ်ချမ်းသာမှုကို မစတေးချင်တော့တာ။

အားလုံးကတော့ ကျွန်တော့်ကိုလူမိုက်တဲ့။ ကျွန်တော့်အိမ်သူအပါအဝင် ကျွန်တော့်ကို နားလည်သူ၊ ကျွန်တော်နဲ့အယူအဆချင်းတူသူတချို့က လွဲရင်ပေါ့။

ဟိုးလွန်ခဲ့တဲ့ နှစ်၂၀လောက်က မိတ်ဆွေတစ်ယောက်ပြောဖူးတဲ့ စကားကိုသတိရတယ်။

ဆီဦးထောပတ်ကိုလာကျွေးတဲ့အခါဇွန်းနဲ့ဖြစ်ဖြစ်၊လက်နဲ့ဖြစ်ဖြစ် စားခွင့်မရှိဘဲနှုတ်သီးနဲ့ထိုးဟပ်ပြီးစားရမယ်ဆိုလို့ကတော့နတ်သုဒ္ဓာလောက်ကောင်းနေစေဦးတော့ မစားသင့်ဘူးတဲ့။

ကျွန်တော်သိပ်သဘောကျတဲ့စကား။ လူ့သိက္ခာနဲ့လူ့မာနကိုအထိပါးခံပြီး ခွေးလိုဟပ်ရမှတော့ အဲသည့်စားစရာက နတ်သုဒ္ဓာပင်ဖြစ်နေ

http://www.linhtet.com



စေဦးတော့ဘယ်အရသာရှိပါတော့မလဲဒါပေမယ့်လည်းလောကမှာ လူ့သိက္ခာ လူ့မာနကို တန်ဖိုးမထားဘဲ စားရဖို့လေးကိုပဲ မဲနေတတ်တဲ့ သူတွေကလည်း အများသားဆိုတော့ ကျွန်တော်က လူမိုက်ပေါ့။

အခုလည်းရည်းစားဟောင်းကြီးကကျွန်တော်အားကျစေချင်ဇောနဲ့ ရေးလာတယ်။ သူ့လင်တော်မောင်ကနိုင်ငံခြားမှာအလုပ်သွားလုပ်တာ စနှစ်ရှိပြီတဲ့။ သူတို့က အခု ရန်ကုန်ဆင်ခြေဖုံးမှာတိုက်ဆောက်နေတဲ့ အကြောင်း၊ မြေကွက်ကိုကသိန်း၉၀လောက်တန်တဲ့အကြောင်း၊နောက် ထပ်မြေတစ်ကွက်၊ တိုက်ခန်းနှစ်ခန်းနဲ့ ကားတစ်စီးလည်းရှိနေပြီဖြစ်တဲ့ အကြောင်းတွေကို ရိုးရိုးလေး ရေးထားပါတယ်။

ရိုးရိုးလေးဆိုတာက သူတမင်အကြွားတိုက်နေတာမဟုတ်တာကို ပြောလိုရင်းပါ။ သူ့သဘောကို ကျွန်တော်သိပါတယ်။ ကျွန်တော့်မှာက သမီးနဲ့သားနဲ့၊ သူ့မှာက သားသမီးတစ်ယောက်မှမထွန်းကားဘူး။ ဆိုလို တာက ကျွန်တော်က သူ့ထက်ပိုလို့ စုသင့်ဆောင်းသင့်တယ်လို့ သူက ယူဆပါတယ်။

အခုလောက်စုမိနေတာတောင်သူကအခုလည်းဆက်စုနေတုန်းပဲ လို့ရေးလိုက်တာပါ။ သူ့စာထဲမှာ တခြားဘာမှမပါဘူး။ ဒါလေးပဲ ပါ တာ။ သူကတော့ အားကျစေချင်လို့ပေါ့။

ကျွန်တော်က အခု အများလို မတွေးတော့တာ သူမသိဘူး။

အဲဒါနဲ့ သူ့ကို တစ်ခုခုပြန်ရေးလိုက်ဖို့ စဉ်းစားတဲ့အခါ တစ်ခါက ရေးပြဖူးတဲ့ 'ကိုယ့်မြေ'ဆိုတဲ့ ပုံပြင်လေးကို သတိရသွားတယ်။ အဲဒါ လေးကို ပြန်ရှာရင်းနဲ့ကဗျာလေးတစ်ပုဒ်ကိုတွေ့ရပြန်တဲ့အခါ စာဖတ်သူ လူကြီးမင်းများအတွက် ပြန်ဆိုပေးချင်သွားမိရပြန်တယ်။

ဖတ်ကြည့်ကြပါဦး. . .

http://www.linhtet.com



*ပိုက်ဆံရှိရင် အိမ်ဝယ်လို့ရတယ်၊*
*ဒါပေမယ့် နားခိုရာကိုတော့ ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် နာရီဝယ်လို့ရတယ်၊*
*ဒါပေမယ့် အချိန်ကို ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် စာအုပ်ဝယ်လို့ရတယ်၊*
*ဒါပေမယ့် ပညာကို ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် သွေးဝယ်လို့ရတယ်၊*
*ဒါပေမယ့် အသက်ကို ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် အပျော်ရှာလို့ရတယ်၊*
*ဒါပေမယ့် အချစ်ကို ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် အာမခံထားလို့ရတယ်၊*
*ဒါပေမယ့် လုံ-ခြုံမှုကို ငွေနဲ့ဝယ်လို့မရဘူး။*

*ပိုက်ဆံရှိရင် ခုတင်ဝယ်လို့ရတယ်၊*
*ဒါပေမယ့် အိပ်ပျော်အောင် ငွေနဲ့လုပ်လို့မရဘူး။*

*ပိုက်ဆံရှိရင် စားစရာဝယ်လို့ရတယ်၊*
*ဒါပေမယ့် ခံတွင်းလိုက်အောင် ပိုက်ဆံပေးပြီး လုပ်လို့မရဘူး။*

*ပိုက်ဆံရှိရင် ဆေးဝယ်လို့ရတယ်၊*
*ဒါပေမယ့် ကျန်းမာအောင် ငွေနဲ့လုပ်လို့မရဘူး။*

*ပိုက်ဆံရှိရင် လူရာဝင်တယ်၊*
*ဒါပေမယ့် လူရိုသေအောင် ငွေနဲ့လုပ်လို့မရဘူး။*

http://www.linhtet.com



*တွေ့တယ်နော်?*
*ငွေရှိရင် ဘာမဆိုဖြစ်တယ်ဆိုတာ ဟုတ်လို့လား?*
*ခင်ဗျားမှာ ထားစရာမရှိအောင် များနေရင်*
*ကျုပ်ကို နည်းနည်းပါးပါး ပေးလိုက်ပါတော့လား။*

ကဗျာလေးကတော့ ဒါပါပဲ။ ကျွန်တော် ပြန်တတ်သလို ပြန်ဆိုထားတာပါ။ စာဖတ်သူများအတွက်တော့စဉ်းစားစရာလေးတွေ အထိုက် အလျောက်ပေါ်လာတန်ကောင်းတယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ ပြန်ဆိုတင်ပြ လိုက်ရပြန်တာပါပဲခင်ဗျား။

**(အတွေးသစ်ဂျာနယ်၊ ၂၇-၀၃-၀၁)**

http://www.linhtet.com

## မွေခံထိုက်စေ

အခုရေးမှာကတော့ရှေ့ကဆွေးနွေးခဲ့တဲ့ 'ပိုက်ဆံရဲ့သဘောထားအမှန်' ရဲ့အဆက်ပါပဲ။

ကျွန်တော့်မှာ သားသမီးတွေရှိတဲ့အတွက် ရှာတာနဲ့အမျှ စုသင့်တယ်ဆိုတဲ့ အကြံပေးတိုက်တွန်းချက်တွေနဲ့ပတ်သက်ပြီး တွေးမိထားသမျှ ကို စာအဖြစ် ချရေးမိရပြန်တာပါ။

သားတွေသမီးတွေအတွက် ဘာအမွေထားခဲ့မလဲဆိုတာကို စဉ်းစား ကြည့်မိတယ်။

မိဘတိုင်းကတော့ သားသမီးကိုချစ်ကြသူချည်းပါပဲ၊ စေတနာ ထားချင်ကြသူချည်းပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ စဉ်းစားကြည့်ရအောင်. . .

ကိုယ်ချစ်တဲ့သားသမီးအတွက်စည်းစိမ် ဥစ္စာရတနာအဖြာဖြာကို ထားရစ်ခဲ့တာဟာ ဘာအတွက်လဲလို့။

http://www.linhtet.com



ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာသက်ဝင်ယုံကြည်တယ်ဆိုရင်တော့ အဲသလိုထားခဲ့တာဟာ သားသမီးကိုသံသရာဝဋ်ဆင်းရဲက မကျွတ်မလွတ်အောင် နှောင်ကြိုးတွေနဲ့ ရစ်ပတ်ချည်နှောင်တာပဲဆိုတာ အထူး ပြောစရာမလိုပါဘူး။

လောကီစည်းစိမ်ချမ်းသာဆိုတာဟာ သံသရာမှာ ပိုမိုပျော်မွေ့ယစ်မူးသာယာလာအောင် စွမ်းဆောင်ပေးနိုင်တဲ့အရာတွေပါ။

နောက်တစ်ချက်က ဘယ်လောက်ကြီးပဲ ထားခဲ့ထားခဲ့၊ သားသမီးမှာ အဲဒါကို တိုးပွားအောင်လုပ်နိုင်တဲ့အစွမ်းမရှိဘဲ ဖြုန်းအားသာကောင်းနေမယ်ဆိုရင် အဲသည့်စည်းစိမ်တွေရဲ့ အနိစ္စဟာလည်း မြန်ဆန်နေမှာပါဒါလည်းဗာရာဏသီပြည်ကသူကြွယ်သားပုံပြင်ထဲမှာ ဖန်တရာတေအောင်ပါပြီးသားမို့ ချဲ့ထွင်ရှင်းပြစရာမလိုပြန်ဘူး။

ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူ ကျွန်တော်က အဲဒါကိုစဉ်းစားမိတော့ သည်လိုတွေးတယ်။

လောကမှာမိမိသားသမီးကိုပေးနိုင်တဲ့ အကောင်းဆုံးအမွေဆိုတာ ရှိကိုရှိတယ်။ အဲသည့်အမွေထက်ကောင်းတဲ့အမွေဆိုတာ မရှိတော့ဘူး လို့ကို အခိုင်အမာပြောနိုင်တယ်။

သားသမီးကို တကယ်ချစ်ရင် လူအဖြစ်ကို ရတုန်းရခိုက်မှာ သံသရာက လွတ်ရာလွတ်ကြောင်းအတွက် အပတ်တကုတ်အားထုတ်သွားနိုင်အောင် လေ့ကျင့်ပံ့ပိုးလမ်းညွှန်ပေးနိုင်တဲ့အမွေထက် မြတ်တဲ့အမွေဟာသည်လောကမှာ ရှိကိုရှိတော့မှာမဟုတ်ပါဘူး။ သည်အချက် ကို ဗုဒ္ဓဘာသာကို လေးလေးနက်နက်သက်ဝင်သူတိုင်း လက်ခံနိုင်ပါ လိမ့်မယ်။

အဲတော့သံသရာရှည်ရာရှည်ကြောင်းဖြစ်တဲ့လောကီစည်းစိမ်တွေ

http://www.linhtet.com



အပေါ်မှာ စိတ်ယိမ်းမသွားအောင် ကလေးတွေငယ်နုစဉ်ကတည်းက ပျိုးထောင်လေ့ကျင့်ပေးသင့်တယ်။ ကျွန်တော့်မှာဆို အဲသည့်အသိ ရတာ နောက်ကျသွားပြီ။

စားစရာဆိုလည်း ကောင်းပေ့မှကျွေး၊ ဝတ်စရာဆိုလည်း ညွန့်ပေ့မှဆင်၊နေစရာဆိုလည်းသက်သာပေ့မှထားတာတွေအားလုံးဟာ ကလေးတွေလောကီကိုခင်တွယ်အောင်လုပ်ပေးမိသလိုတွေဖြစ်နေခဲ့ပြီ။

သမီးကို တရားထိုင်ရအောင်လို့ ခေါ်ဖို့ခက်သွားပြီ။ မြဝတီရုပ်သံက ပြနေတဲ့ တရုတ်၊ ဂျပန်ဇာတ်လမ်းတွဲက သမီးရဲ့အာရုံမှာ တရားထက် ပိုမြဲနေခဲ့ပြီ။

သားကို ဘုရားသွားရအောင်လို့ခေါ်တဲ့အခါ မလိုက်တော့ဘူးတဲ့။ သူက အိမ်မှာနေခဲ့ပြီး ဗီဒီယိုဂိမ်းကစားဦးမှာလေ။

ကဲ. . . ဘယ့်နှယ့်လဲ၊ ကျွန်တော်နောက်ကျသွားပြီဆိုတာ တွေ့ကြ ရဲ့လား။

ဒါတွေကိုရေးနေတဲ့ ကျွန်တော်ကိုယ်တိုင်ကရော ဘာတွေလုပ်နေလဲ။ ဘီယာဆိုင်လေး သွားထိုင်လိုက်၊ ရည်းစားဟောင်းတွေဆီ စိတ်ရောက်လိုက်၊ သီချင်းလေး ဆိုလိုက်၊ သားဆော့နေတဲ့ ဗီဒီယိုဂိမ်းကို သားထသွားတဲ့အခါ ဝင်ဆော့လိုက်၊ ဂစ်တာလေး ထတီးလိုက်၊ နိုင်ငံခြားဇာတ်ကားလေးတွေကြည့်လိုက်၊ကျွန်တော့်အိမ်သူနဲ့ရန်တွေဖြစ်လိုက်၊ ချော့လိုက်၊ တည့်လိုက်၊ ချစ်လိုက်၊ အော်ဂင်လေးထတီးရင်းသီချင်းတွေ အော်ဆိုလိုက်၊ ကားမောင်းရင်းစိတ်တိုလာတဲ့အခါပြတင်းပေါက်ကနေ ခေါင်းထုတ်ပြီး စည်းမဲ့ယာဉ်မောင်းတွေကို ပါးစပ်နဲ့တစ်လုံး ကလော်တုတ်လိုက်။

မနက် အိပ်ရာထတုန်းကတော့ ဟုတ်လို့။ တစ်နေ့လုံးသတိလေးနဲ့

http://www.linhtet.com



နေမယ်လို့ကိုယ့်ကိုယ်ကိုယ်မောင်းတင်လိုက်မိသေးတယ်ဒါပေမယ့် အဲသည့်သတိကအဲလိုမောင်းတင်နေခိုက်မှာတောင်မှပဲကိုယ်နဲ့ ပူးတုံခွာတုံ။ မျက်နှာသစ်နေခိုက်လေးမှာပဲ အဲသည့်သတိက ရှိနေတာ။

အဝတ်အစားလဲတဲ့အခါမှာတော့ ပြဿနာတွေက တက်လာပြီ။ မနေ့က ခါးပတ်ကို ဘယ်မှာချွတ်ခဲ့မှန်း မမှတ်မိတော့တာ၊ အဝတ်စင်ပေါ်မှာ ခြေအိတ်အဆင်သင့်မရှိတာ၊ ကိုယ်ဝတ်မယ့်အင်္ကျီနဲ့လိုက်ဖက်မယ့် ဘောင်းဘီကို စဉ်းစားတာတွေက ကိုယ့်သတိကို နှုတ်ယူသွားပြီ။

ကားပေါ်တက် စက်နှိုးတဲ့အချိန်မှာ သတိ သတိဆိုပြီး သတိက ပြန်ကပ်လာတယ်။ အိမ်ထဲက ထွက်တဲ့အထိလည်း ဟုတ်လို့။ အဲ. . . လမ်းပေါ်ရောက်ပြီးမကြာခင်မှာတော့ အဲသည့်သတိက လွင့်ပြီ၊ ပြေးပြီ။ ညနေမိုးချုပ်တဲ့အထိ ပြန်ကိုလည်မလာတော့ဘူး။

အနှစ်၄ဝကျော်လုံး ထားချင်ရာထားခဲ့တဲ့ ကလေကလွင့်စိတ်ကို သတိရှိသင့်တယ်ဆိုတဲ့ ‘အသိ’လေးနဲ့ ထိန်းဖို့ကြိုးစားနေလို့ကတော့ တစ်နှစ်၊ နှစ်နှစ်လောက်နဲ့ ဘယ်ရပါလိမ့်မလဲ။

လေလွင့်ကျင့်က ပါနေပြီလေ။ သတိနဲ့နေတဲ့အကျင့်ကိုလည်း တော် တော့်ကိုလုပ်ယူရဦးမှာဆိုတာတွေးနေရင်းနဲ့ပဲ ကလေကလွင့်စိတ်ဆီ ပြန် ပြန်ရောက်နေတယ်။

အဲတော့ ကိုယ်က ကိုယ့်သားသမီးတွေကိုလည်း လောကီစည်းစိမ်တွေမှာပဲ အာရုံတွေ များသထက်များလာအောင် ဖန်တီးပေးမိသလို တွေချည်းဖြစ်နေတော့တယ်။

အမြတ်ဆုံးအမွေကိုဖြင့် ပေးနိုင်ပါ့မလားလို့ စဉ်းစားမိရင်းနဲ့ ကယောင်ခြောက်ခြားဖြစ်လာတယ်။

ဒါနဲ့ တစ်ဆင့်လျှော့စဉ်းစားကြည့်တယ်။

http://www.linhtet.com



ကိုယ့်သားသမီးကိုချစ်တယ်၊ ဒါပေမယ့် အမြတ်ဆုံးအမွေကိုတော့ ကိုယ်ကိုယ်တိုင်ကမှ သိပ်အဟုတ်မဟုတ်လှတော့ ပေးနိုင်စွမ်းရှိဖို့ သိပ်မသေချာတော့ဘူး။ ပထမဆုကို မရနိုင်ဘူးဆိုရင် ဒုတိယဆုလောက်ကိုတော့ မှန်းဦးမှ. . .

ဒုတိယဆုကိုတွေ့လိုက်တဲ့အခါအမယ်. . . သည်ဒုတိယဆုကလည်း တယ်ဟုတ်ပါလားလို့ စဉ်းစားမိသွားရတယ်။

စာဖတ်သူလူကြီးမင်းများလည်း စဉ်းစားကြည့်ပါ။

ကိုယ့်သားသမီးကိုတကယ်ချစ်ရိုးမှန်ရင် သူတို့ခြေထောက်ပေါ်မှာ သူတို့ဘာသာ အမှီအတွယ်အလျဉ်းမပါဘဲ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်တဲ့ စွမ်းရည်နဲ့ရပ်တည်ရဲတဲ့သတ္တိကိုပေးအပ်ထားနိုင်ဖို့လိုပါတယ်။အဲသည့် စွမ်းရည်နဲ့သတ္တိဟာကျွန်တော်တို့မိဘများအနေနဲ့သားသမီးများအပေါ်မှာပေးအပ်နိုင်တဲ့အကောင်းဆုံးလောကီအမွေလို့ဆိုရပါလိမ့်မယ်။

သံသရာအနေနဲ့တွက်ရင်တော့ ပထမတင်ပြခဲ့တဲ့ 'လူအဖြစ်ကို ရခိုက်မှာသံသာရာဝဋ္ဋကလွတ်ရာလွတ်ကြောင်း ကျင့်ကြံအားထုတ်နိုင်စွမ်း'ကို ပေးနိုင်မယ်ဆိုရင် အမြတ်ဆုံးအမွေကို ပေးရာရောက်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒါမျိုးက ပုထုဇဉ်များအနေနဲ့ ဖြစ်နိုင်ခက်ခဲလှနေတဲ့အတွက်ဒုတိယဆုအဖြစ် သည်အချက်ကို တွေးဆမိသွားရပါတယ်။

ဒုတိယဆုလို့ပင်ဆိုလင့်ကစား လောကီအနေနဲ့တွက်ရင်တော့ ဒါဟာ အကောင်းဆုံးဖြစ်တဲ့အတွက် လောကီပထမဆုလို့လည်း ဆိုနိုင်ပါတယ်။

စည်းစိမ်ဥစ္စာများနဲ့အတူမိမိခြေထောက်ပေါ် မိမိဘာသာရပ်တည်နိုင်စွမ်းကိုပါ ပေးနိုင်ခဲ့မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒါပေမယ့် အဲသည့်အစွမ်းသတ္တိမပါဘဲစည်းစိမ်ဥစ္စာချည်းသက်သက်ထား

http://www.linhtet.com



ရစ်ခဲ့ကြမယ်ဆိုလို့ကတော့ ကျန်ရစ်သူသားသမီးများအတွက် ဘာဆိုဘာမှ အကျိုးမရှိတော့တဲ့ သာဓကတွေ အများကြီးရှိပါတယ်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရဲရဲပိုင်ပိုင်ရပ်တည်နိုင်တဲ့အစွမ်းကို ပေးအပ်နိုင်ခဲ့ပြီဆိုရင်တော့ စည်းစိမ်ဥစ္စာတွေ မပါလည်းဘဲ သားသမီးများရဲ့ နောင်ရေးအတွက် စိတ်အေးနိုင်ပြီ လို့ဆိုနိုင်ပါတယ်။

ကျွန်တော် တွေးမိတာ ဒါပါပဲ။ ကိုယ့်သားသမီး ကိုယ်ချစ်ရင်၊ ကိုယ့်တပည့်လေးတွေကို ကိုယ်ချစ်ရင်၊ ကိုယ့်မိတ်ဆွေကို ကိုယ်ချစ်ရင်၊ ကိုယ့်အိမ်ထောင်ဖက် ကိုယ့်ချစ်သူကို ကိုယ်ချစ်ရင်၊ သူတို့ကို ကိုယ့်အမီအတွယ်မပါဘဲ လူ့လောကမှာ ရဲရဲတင်းတင်း၊ ခိုင်ခိုင်မတ်မတ်ရပ်တည်နိုင်တဲ့အစွမ်းအစတွေရှိလာအောင် ဖန်တီးပေးသင့်တယ်။ အဲသလိုပဲ ကျွန်တော်မြင်တယ်၊ ယုံတယ်။

စာဖတ်သူလူကြီးမင်းများလည်း စဉ်းစားကြည့်ပါဦး။ ကျွန်တော်ပြောတာ နည်းလမ်းကျရဲ့လားလို့။

**(အတွေးသစ်ဂျာနယ်၊ ၀၃-၀၄-၀၁)**

# ခါထုတ်နင်းတက်

တစ်ရံရောအခါကပေါ့. . .

လယ်သမားကြီးတစ်ယောက်မှာ နွားအိုကြီးတစ်ကောင်ရှိသတဲ့။

တစ်နေ့မှာတော့ အဲသည့်နွားအိုကြီးဟာ ရေခမ်းနေတဲ့ ရေတွင်းနက်ကြီးတစ်တွင်းထဲကို ချော်ကျသွားပါလေရောတဲ့။ နွားကြီးခမျာ နာကျင်တာကတစ်ကြောင်း၊ တွင်းထဲကနေ ပြန်မတက်နိုင်တော့တာမို့ ထိတ်လန့်လာလို့တစ်ကြောင်းတို့ကြောင့် ငယ်သံပါအောင် အော်တော့တာပေါ့။

နွားကြီးရဲ့အော်သံကိုလည်း ကြားရရော လယ်သမားကြီးလည်း အပြေးရောက်လာပြီး ကြည့်လိုက်တဲ့အခါ ရေတွင်းထဲကျနေတဲ့ သူ့နွားကြီးကို တွေ့ရပါတယ်။ ခက်တာက တွင်းကလည်းအနက်ကြီး၊ နွားကြီးရဲ့ခန္ဓာကိုယ်ကလည်း အလေးကြီးဖြစ်နေတာပဲ။ ဖြစ်နိုင်မယ်ဆိုဦး

http://www.linhtet.com



တောင်မှ သည်နွားကြီးကို တွင်းထဲကနေ မပြီး ပြန်ထုတ်ဖို့ဆိုတာ တော်တော်တော့ မလွယ်ဘူးလို့ လယ်သမားကြီးက တွေးလိုက်မိသတဲ့။

ဒါနဲ့ လယ်သမားကြီးက စဉ်းစားတယ်။

နွားကြီးလည်း အိုလှပြီ။ ရေတွင်းကလည်း ခမ်းခြောက်နေပြီ။ ဘယ်ဟာမှ သုံးမရတော့ဘူး။ အဲတော့နွားကြီးကိုရေတွင်းထဲမှာပဲအရှင်လတ်လတ် သင်္ဂြိုဟ်လိုက်တာက သာအကောင်းဆုံးပဲလို့ လယ်သမားကြီး က တွေးသတဲ့။

ဒါမှလည်း ပြဿနာနှစ်မျိုးကိုရှင်းပြီးသားဖြစ်သွားမှာပေါ့။ တစ်ခုက နွားကြီးရဲ့ဒုက္ခကို တစ်နည်းတစ်ဖုံဖြေရှင်းပေးရာရောက်သလို သုံးမရတော့တဲ့ ရေတွင်းဟောင်းလည်း တစ်ခါတည်းဖို့ပြီးသားဖြစ်သွားမှာလေ။

ဒါနဲ့ လယ်သမားကြီးလည်း အနီးဝန်းကျင်က လူတွေကို အကူအညီသွားတောင်းလိုက်သတဲ့။ ပတ်ဝန်းကျင်ကလူတွေကလည်း အားတက်သရောပါပဲ၊ ဝိုင်းကူကြတယ်။

သည်လိုနဲ့ မြေကြီးတွေကိုကော်ပြားတွေနဲ့ကော်ပြီး တွင်းထဲကို ဖို့ကြတဲ့အခါ နွားကြီးရဲ့ကျောပေါ်ကို မြေတွေတဖုတ်ဖုတ်ကျလာတော့တာပေါ့။ လူတွေ ဘာလုပ်နေမှန်းသိသွားတဲ့အခါ နွားကြီးလည်း တော်တော့်ကို ဆောက်တည်ရာမရဖြစ်သွားတော့တယ်။

အဲလိုဆောက်တည်ရာမရဖြစ်နေတဲ့ကြားကပဲ နွားကြီးရဲ့ခေါင်းထဲမှာ အကြံတစ်ခုက လက်ခနဲပေါ်လာသတဲ့။ ဒါနဲ့ အပေါ်က လူတွေက သူ့ကျောပေါ်ကို မြေကြီးတစ်ကော် ထိုးချလိုက်တိုင်း၊ ထိုးချလိုက်တိုင်း သူက ကျောပေါ်က မြေကြီးတွေကို ခါထုတ်လိုက်ပြီး သူ့ခြေထောက်အောက်ကို ရောက်သွားတဲ့ မြေကြီးပေါ်ကို တက်တက်ရပ်လေသတဲ့။

http://www.linhtet.com



သည်လိုနဲ့ကြာလာတဲ့အခါ နွားကြီးလည်း တစ်ကိုယ်လုံးကိုပေရေ ညစ်ပတ်ပြီး နုံးချိနေတော့တာပေါ့။ ဒါပေမယ့် အသက်ကတော့ ရှင်မြဲ ရှင်လျက်ပဲ။ မြေကြီးတွေ ကျောပေါ် ကျလာလိုက်၊ ခါထုတ်လိုက်၊ ခြေ ထောက်အောက် ရောက်သွားတဲ့ မြေကြီးတွေကို နင်းပြီးတက်လိုက်နဲ့ လုပ်လာလိုက်တာ နောက်ဆုံးမှာတော့ တွင်းနှုတ်ခမ်းကိုရောက်သွားပြီး အသက်လည်း ချမ်းသာရာ ရသွားပါတော့သတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ။

ဒါပေမယ့်ပုံပြင်လေးကပေးလိုက်တဲ့စိတ်အခံလေးကတော့ကျွန် တော်တို့လူသားတွေအနေနဲ့ဘဝမှာရင်ဆိုင်ရဲဝံ့စရာအချက်အလက်သစ် တစ်ခုပါပဲ။ အဲသည့်စိတ်အခံကတော့ 'ခါထုတ်ပြီးနင်းတက်မယ်'ဆိုတဲ့ သဘောထားလေးပါ။

ကျွန်တော်တို့တွေဟာ တစ်ခုခုကိုဆိုရင် ကြိတ်မနိုင်ခဲမရနဲ့ စိတ် ထဲမှာ မပြီးနိုင်မစီးနိုင်ဖြစ်နေတတ်တာ ခဏခဏပါပဲ။တစ်ချို့ဟာတွေ ဆို တစ်ပတ်လောက်ကို တနုံ့နုံ့၊ တချို့ကျတော့တစ်လလောက်၊ တစ် ချို့ဆိုရင် နှစ်နဲ့ကို ချီလို့။ ခေါင်းထဲကကို ဖျောက်မရနိုင်၊ ခါမထုတ်နိုင် တာများလေ။

ဦးနှောက်စားတယ်ဆိုတာ အဲဒါမျိုးပေါ့။ ကျွန်တော်တို့ရဲ့အပျော် တွေ၊ စိတ်ချမ်းသာမှုတွေ၊ စိတ်အေးချမ်းမှုတွေနဲ့ ပေးဆပ်နေရတာတွေ ပါ။ အတိတ်က နာကျင်ခံစားမှုတွေဟာ ခါးသီးမှု၊ အမုန်းတရား၊ အမျက်ဒေါသနဲ့ အာဃာတများကို ဖန်တီးနေတာပဲ မဟုတ်ပါလား။

ကျွန်တော်တို့ဟာ အဲသည့် ခါးသီးမှု၊ အမုန်း၊ အမျက်နဲ့အာဃာတ ဆိုတဲ့ နာကျင်ခံစားမှုမြေကြီးတွေကို ကျွန်တော်တို့ကျောပေါ် ကို နေ့စဉ် လိုပဲအကျခံနေကြရပါတယ်။ အဲဒါတွေကို သည်အတိုင်းငြိမ်ခံနေမယ်

http://www.linhtet.com



ဆိုရင်တော့ ကျွန်တော်တို့လည်း တွင်းထဲမှာ အရှင်လတ်လတ် သင်္ဂြိုဟ် ခံလိုက်ရသလိုပဲနေတော့မှာပါ။ဆက်ဆံရေးတွေမှာလည်းတစ်ယောက်နဲ့ တစ်ယောက်ကြား နံရံကြီးတွေထူဖြစ်သွားမယ်၊ တစ်ယောက်နဲ့တစ်ယောက်မဆုံဖြစ်အောင်ရှောင်နေမယ်၊သည်လိုနဲ့မှခေါ် နိုင်မပြောနိုင်ဖြစ်ကုန်တဲ့အထိ၊ ကွဲတဲ့ကွာတဲ့အထိ၊ ပြတ်တဲ့တောက်တဲ့အထိ၊ စစ်အေးတိုက်ပွဲတွေဖြစ်တဲ့အထိ ဖြစ်ကုန်ပါတော့မယ်။

ဒါပေမယ့် လူရယ်လို့ဖြစ်လာရသမျှထဲမှာ တန်ဖိုးအရှိဆုံး အရာတစ်ခု ရှိတာကို ကျွန်တော်တို့တွေ မေ့နေကြတယ်။

အဲဒါကတော့ကျွန်တော်တို့လူသားတွေမှာ 'ရွေးချယ်ခွင့်'ရှိနေတာပါပဲ။ နာကျင်ခံစားမှုတွေကို ကိုယ့်ကိုယ်တွင်းမှာ မွေးမြူသိမ်းဆည်းထားမလား၊ ဒါမှမဟုတ် အဲဒါတွေကို ခါထုတ်ပြီး နင်းတက်မလား၊ ကိုယ့်ဘာသာရွေးချယ်ရုံပါပဲ။

စာဖတ်သူလူကြီးမင်းများ ခင်ဗျား. . .

ကြိုးစားကြည့်ကြစမ်းပါ။ ခါထုတ်ပြီး နင်းတက်ရအောင်လား။

တစ်ဖက်သားက ပြောလိုက်ပြီးတဲ့စကားတွေ၊ -ပလိုက်ပြီးတဲ့အမှုတွေကို ခါထုတ်ပြီး နင်းတက်လိုက်ကြပါစို့။ ဒါမှမဟုတ်လည်း ကိုယ်ပြောလိုက်မိတဲ့စကား၊ ပြုလိုက်မိတဲ့အမှုတွေအတွက်လည်း တနုံ့နုံ့ဖြစ်မနေတော့ဘဲ အားလုံးကို ခါထုတ်ပြီးနင်းတက်ကြရအောင်။ တစ်ယောက်ယောက်က ရိုင်းရိုင်းစိုင်းစိုင်းပြောလိုက်တာ၊ ဒါမှမဟုတ် ကိုယ့်ရဲ့အတိတ်ကအမှားအယွင်းတစ်စုံတစ်ရာ၊ ဘာကိုပဲဖြစ်ဖြစ်၊ လစ်လျူရှုလိုက်မယ်ဆိုတာနဲ့ တစ်ပတ်အတွင်းမှာ စိတ်ချမ်းသာသွားတော့မှာသေချာလို့နေပါတယ်။

ပြန်စဉ်းစားကြည့်ပါ။

http://www.linhtet.com



ကျွန်တော်တို့တွေရဲ့ဘဝတွေမှာ အဲဒါတွေကပဲ တစ်ချိန်လုံးကြီးစိုးနေတာ မဟုတ်လား။ တစ်ခါတလေများဆို နာကျင်ခံစားမှုတွေကို ပိုးမွေး သလိုတောင် မွေးထားမိရဲ့။ အချိန်တွေကြာလာတဲ့အခါ ပျောက်ပျက် မသွားတဲ့အပြင် တနုံ့နုံ့နဲ့ ပြန်စဉ်းစားရင်းက ပိုလို့တောင် နာကျင်နေ၊ ခံစားမိနေရသေးတာတွေလည်း မနည်းဘူး။

ဒါတင်မကသေးဘူး၊ တစ်ခါတလေ ကိုယ့်နာကျင်မှုကို မကြာမကြာ 'အစမ်းလေ့ကျင့်'နေတာက ရှိသေးတယ်။ ကိုယ်ခံစားရတာကို လူတကာကိုလယ်ပြောတာဟာ ကိုယ့်ခံစားမှုက ကိုယ့်ရင်ထဲမှာ အသား မသေသေအောင် အစမ်းလေ့ကျင့်ရာရောက်နေတာပဲပေ့ါ။

အကောင်းဆုံးကတော့ဘာပဲဖြစ်လာလာ၊ အသာတကြည်လက်ခံလိုက်ဖို့ပါပဲ။ ဖြစ်လာတာကို သေချာသုံးသပ်၊ သင်ခန်းစာယူဖို့ပဲလိုပါတယ်။ပြီးရင်တော့ခါထုတ်လိုက်ပြီး အဲသည့်သင်ခန်းစာတွေအပေါ်မှာ နင်းတက်နိုင်ဖို့ပါပဲ။

ခါထုတ်လိုက်နိုင်ပြီဆိုတာနဲ့တစ်ပြိုင်နက် စိတ်လက်ပေ့ါပါးလွတ်လပ်သွားပါပြီ။ ဒါဆိုရင် နင်းတက်ဖို့လည်း လွယ်ကူသွားပါပြီ။ ဒါဆိုရင် အတိတ်အရိပ်ဆိုတဲ့တွင်းနက်ကြီးထဲမှာ အရှင်လတ်လတ် သင်္ဂြိုဟ်ခံရ မယ့်အရေးကလည်း ဝေးသထက်ဝေးသွားတော့မှာပါ။

တွင်းနှုတ်ခမ်းပေါ် မားမားမတ်မတ် ပြန်ရောက်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် တစ်ခုမဟုတ်တစ်ခု လုပ်နိုင်တော့မှာလည်း သေချာပါတယ်။

ကိုယ့်ဘဝကို ဘယ်လိုထူထောင်မယ်၊ ဘယ်လမ်းကိုသွားမယ်ဆိုတာ လူတိုင်းလူတိုင်း ကိုယ့်ဘာသာဆုံးဖြတ်ကြရတာချည်းပါပဲ။

နာကျင်ခံစားမှုတွေကြောင့် ခါးသီးသူတစ်ယောက်အဖြစ်ခံမလား၊

ရင့်မာခိုင်ကျည်တဲ့စိတ်ဓာတ်နဲ့ ရဲဝံ့ရင်ဆိုင်နိုင်သူတစ်ယောက်အဖြစ်ခံ မလားဆိုတာကိုလည်း ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ကြရမှာပါပဲ။

ဆိုခဲ့သလိုပဲ၊ လူဖြစ်ရတာအင်မတန်ကံကောင်းပါတယ်။ လူဖြစ်နေ တဲ့အတွက် ရွေးချယ်ခွင့်တွေ ရှိနေတယ်မဟုတ်လား။

အဲ. . . အဲသည့်ရွေးချယ်ခွင့်ကိုအကောင်းဆုံးအသုံးချနိုင်ဖို့ကတော့ ကျွန်တော်တို့အားလုံးရဲ့အသိဉာဏ်နဲ့ပဲသက်ဆိုင်လိမ့်မယ်လို့ ကျွန်တော် ကတော့ ယုံပါတယ်။

စာဖတ်သူလူကြီးမင်းရော. . . ဘယ်လိုသဘောရပါသလဲ?

**(အတွေးသစ်ဂျာနယ်၊ ၂၄-၀၄-၀၁)**

# တီကောင်နဲ့လိပ်ပြာ

ဆရာတော်တစ်ပါးရဲ့စာအုပ်အသစ်တစ်အုပ် ထွက်လာပါတယ်။

ဘာစာအုပ်၊ဘယ်ဆရာတော်ဆိုတာကိုညွှန်းဆိုဖော်ပြလိုက်ချင်လှပေမယ့် ဆရာတော်ကိုယ်တိုင်က ကျွန်တော့်ကို စာနဲ့ပေနဲ့အတိအလင်းတားမြစ်ထားတာမို့ မဖော်ပြနိုင်တော့ပါဘူး။

စကားစပ်လို့ပြောရရင် ဆရာတော့်စာတွေ၊ မိန့်ကြားချက်တွေကို ကျွန်တော့်ရဲ့ဗီဒီယိုဇာတ်ညွှန်းတစ်ပုဒ်မှာ လိုင်လိုင်ကြီးထည့်သွင်းအသုံးပြုခဲ့မိပါတယ်ဇာတ်ကားရိုက်ကူးပြီးတဲ့နောက်ဆရာတော့်ထံခွင့်ပြုချက်တောင်းခံရာမှာ ဆရာတော်က သူ့စာတွေ၊သူ့မိန့်ကြားချက်တွေကိုးကားသုံးစွဲတာကိုလုံးဝမကန့်ကွက်သော်လည်းပဲ ဆရာတော့်နာမည်ကို ရည်ညွှန်းအသုံးပြုခွင့်ကိုတော့ လုံးဝမပေးဘူးဆိုတဲ့အကြောင်းကျွန်တော့်ကို

http://www.linhtet.com



စာနဲ့ပေနဲ့ တိတိကျကျ မိန့်မှာတော်မူခဲ့ပါတယ်။

စကားကြုံလို့ပြောရရင် ဆရာတော့်မိန့်ကြားချက်က မှတ်သားစရာ ကောင်းလှပါတယ်။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို အားပေးရာရောက်တဲ့ကိစ္စမျိုးဖြစ်တာမို့ ဆရာတော့်ဘွဲ့တော်ကို ဘယ်လိုနည်းနဲ့မှရည်ညွှန်းခွင့်မပြုနိုင်ဘူးလို့ အတိ အလင်းမိန့် ကြားတာပါ။ တရားပြန့်ပွားရေးအတွက် ဆရာတော့် တရားတွေစာတွေမိန့်ကြားချက်တွေကိုကောက်နုတ်အသုံးပြုတာကိုတော့ ခြွင်းချက်မရှိ ခွင့်ပေးတော်မူခဲ့ပါတယ်။

အခုလည်းဆရာတော့်စာအုပ်သစ်ထဲမှာပါလာတဲ့အကြောင်းအရာ လေးတစ်ခုကို ဖတ်မိရာကနေ တွေးမိတဲ့အတွေးကိုရေးချင်လာရပြန်တဲ့ အခါ တားမြစ်ချက်ကို ချက်ချင်းသတိရလိုက်မိခြင်းနဲ့အတူ ဆိုင်ရာ စာအုပ်အမည်နဲ့ဘွဲ့တော်များကိုညွှန်းဆိုဖော်ပြဖို့အခက်အခဲတွေ့သွားရ ပါတော့တယ်။ သည်အတွက် စာဖတ်သူ လူကြီးမင်းများအားလုံးကို ကျွန်တော်ကပဲ တောင်းပန်လိုက်ပါရစေ။

စာအုပ်ထဲမှာပါလာတာကရောက်နေတဲ့ဘဝနဲ့ရှုမြင်သုံးသပ်ပုံများ တည်မီနေပုံကို ဥပမာပေးလိုက်တာလေးတစ်ခုပါ။

တီကောင်လေးတစ်ကောင်နဲ့လိပ်ပြာလေးတစ်ကောင်ရဲ့အမြင်ဟာ တူနိုင်ပါ့မလားလို့ဥပမာတင်စားထားတဲ့စာပိုဒ်လေးတွေကိုဖတ်မိရင်း က သည်ဆောင်းပါးကို ရေးချင်စိတ်ပေါ်လာရတာပါပဲ။

တီကောင်လေးတစ်ကောင်ရဲ့အမြင်အာရုံမှာအလင်းနဲ့အမှောင်ကို ရေးတေးတေးလေး၊ သိတယ်ဆိုရုံလောက်လေးပဲ သိပါတယ်။ အနံ့ကို မခံစားနိုင်၊ အရသာဆိုရင်လည်း မြေကြီးရဲ့အရသာလောက်ကိုပဲသိပါ တယ်။ အမြင့်ဆိုတာလည်း တီကောင်အတွက် မြေကြီးအောက်ကို

http://www.linhtet.com



တိုးဝင်တဲ့အမြင့်လောက်ပဲ သိတယ်။

အဲသည့်တီကောင်လေးကို လိပ်ပြာလေးကသာ စကားပြောနိုင်ခဲ့မယ်ဆိုရင်ပေါ့၊ 'ကြည့်လိုက်စမ်းပါကွာ၊ ပန်းကလေးတွေလှလိုက်တာ' ဆိုတာမျိုးများ ပြောလာရင် တီကောင်လေးက 'ဘာတွေလာပြောနေတာလဲ၊ ပန်းဆိုတာ ဘာလဲ၊ ငါမသိဘူး'လို့ပြန်ပြောတော့မှာပါ။ ပန်းဝတ်ရည်လေးတွေရဲ့ချိုမြပုံကိုပြောပြော၊ ပန်းရနံ့လေးတွေရဲ့ထုံသင်းပုံကိုပြောပြော၊ အမြင့်ကကြည့်တဲ့အခါ မြင်လိုက်ရတဲ့ဩကာသလောကကြီးရဲ့ သာမောတင့်တယ်မှုကိုပဲ ပြောပြော၊ တီကောင့်အတွက် ဘာအဓိပ္ပာယ်မှရေရေရာရာမရှိတဲ့အကြောင်းအရာတွေဖြစ်နေပါလိမ့်မယ်။

တီကောင့်ဘဝအနေအထား၊ တီကောင့်ဘဝအဆင့်အတန်းအရ လိပ်ပြာလေးပြောသမျှဟာဘယ်လိုမှလက်ခံချင်စရာကောင်းနေတော့မှာမဟုတ်ပါဘူး။

အလားတူပဲ၊ လိပ်ပြာလေးနဲ့ ငှက်ကလေးနဲ့ကျရင်ကောတူမလိုလိုနဲ့ကွဲပြားနေမှာပါ။ လိပ်ပြာက သက်တမ်းမရှည်ဘူး၊ သူ့ထက်စာရင် ငှက်ကလေးတွေက သက်တမ်းရှည်ရှည်နေရတယ်။ သည်အခါမှာ ငှက်ကလေးတွေဟာ လိပ်ပြာလေးထက် ဘဝအတွေ့အကြုံတွေ ပိုလို့ပြည့်စုံ နေတော့မှာ အသေအချာပဲပေါ့။

သည်ကမှတစ်ဆင့် ကြောင်ကလေးတွေ၊ ခွေးကလေးတွေ၊ ဆင်ကြီးတွေအထိချဲ့ကားစဉ်းစားရင်းကနေလူဆိုတာအထိရောက်လာတယ်။ လူတွေမှာလည်း လူတစ်ဦးစီရဲ့ဘဝအနေအထား၊ ဘဝအဆင့်အတန်းပေါ်လိုက်ပြီး ရှုမြင်သုံးသပ်မှုတွေက ကွာခြားနေတော့မှာ အသေအချာပါပဲတစ်မအေတည်းကပေါက်ပွားတစ်ချိန်တည်းမှာမွေး၊တစ်ကျောင်းတည်းမှာနေ၊ တစ်မြို့တည်းမှာကြီးပြင်းခဲ့သူချင်းပင်ဖြစ်လင့်

http://www.linhtet.com



ကစားမိမိရဲ့ဘဝအနေအထား၊ဘဝအဆင့်အတန်းရဲ့အဓိကမောင်းနှင်အားဖြစ်တဲ့ အသိဉာဏ်အတိမ်အနက်ပေါ် လိုက်ပြီး ရှုမြင်သုံးသပ်ပုံတွေကွဲပြားနေတော့မှာပါ။

အနီးစပ်ဆုံး ဥပမာတစ်ခုကို ရေးပြပါရစေဦး။

တစ်နေ့က ဂျာနယ်ထုတ်ဝေသူတစ်ဦးနဲ့တွေ့ပါတယ်။ သူ့ဂျာနယ်ကဂျာနယ်လောကမှာ သံမဏိသက်တမ်းရှည်ကြာလှပြီဖြစ်တဲ့ဂျာနယ်ပါ။အခုပလူပျံနေတဲ့ဂျာနယ်တွေမပေါ် ခင်ပဝေသဏီ၊ဆယ်စုနှစ်ပေါင်း ၃-၄-၅ခုလောက်ကတည်းက ထုတ်ဝေခဲ့တဲ့ဂျာနယ်ဖြစ်ပါတယ်။

ကျွန်တော်နဲ့သူနဲ့ခင်နေခဲ့တာကလည်း နှစ်ပေါင်း၂၀ကျော်အစိတ်လောက်တောင်ရှိခဲ့ပြီပေါ့။ တစ်နေ့က ဆုံဖြစ်တော့ 'ဘယ့်နှယ့်လဲ၊ ရောင်းရေးဝယ်တာအဆင်ပြေပါရဲ့လား' ဆိုတဲ့စကားမျိုးနဲ့ပဋိသန္ဓာရလိုက်မိသွားပါတယ်။

သူကဂျာနယ်များအရောင်းကျလာတဲ့အကြောင်းကိုပြောပါတယ်။ အဲလိုအရောင်းကျလာတာဘာဖြစ်လို့လဲလို့မေးတော့ အခုထွက်နေတဲ့ဂျာနယ်တချို့မှာ 'စည်း'မရှိကြလို့ဖြစ်ရတာလို့ ဆိုပါတယ်။ ကျွန်တော်သဘောမပေါက်လှတာနဲ့ သူ့ကို အကျယ်ရှင်းခိုင်းရပါတယ်။

သူပြောတော့လည်း ရှင်းရှင်းလေးပါ။ ဂျာနယ်တို့ရဲ့'စည်း'ဆိုတာထွက်ရက်နဲ့ ပတ်သက်တဲ့စည်းကို သူပြောနေတာပါ။ ဥပမာအားဖြင့်ကကြီးဂျာနယ်က တနင်္လာနေ့မှာ ထွက်မယ်၊ ခကွေးဂျာနယ်က အင်္ဂါနေ့မှာ၊ ဂငယ်က ကြာသပတေး၊ ဃကြီးက သောကြာစသဖြင့် စတင်ထုတ်ဝေတဲ့အချိန်ကတည်းကဘယ်နေ့ဘယ်ရက်ထွက်မယ်ဆိုတဲ့ထွက်ရက်ကို အတိအလင်းကြေညာထားရစမြဲဖြစ်ပါတယ်။ ဒါမှလည်း ပရိသတ်က ဘယ်နေ့ကျ၊ ဘယ်ဂျာနယ်ဝယ်ဖတ်လိုက်ဦးမှဆိုပြီး ပြင်ဆင်

http://www.linhtet.com



ထားနိုင်မှာပါ။

ဒါပေမယ့်အခုကာလမှာတော့အင်္ဂါနေ့ထွက်မယ့်ဂျာနယ်က တနင်္လာနေ့မှာဖြန့်ချိလိုက်တဲ့အခါအားလုံးကသောင်းကနင်းဖြစ်ကုန်ပါတော့တယ်။ တနင်္လာနေ့ထွက်မယ့် ကကြီးဂျာနယ်ကို ဝယ်ဖတ်ဖို့ကြံထားသူများအနေနဲ့ တနင်္လာနေ့မှာ ကကြီးရော၊ ခကွေးပါ ပြိုင်တူတွေ့ရတဲ့အခါကျတော့ ထွေကုန်ပါတော့တယ်။အလားတူပဲ၊လက်ပွေ့လည်ရောင်းသူများအနေနဲ့ကျတော့လည်း တနင်္လာနေ့ရောက်လာတဲ့အခါ ခါတိုင်းလို ကကြီးဂျာနယ်ချည်းပဲ အစောင် ၂၀ယူပြီးရောင်းဖို့ တွန့်သွားပါပြီ။ ခကွေးဂျာနယ်ကိုပါ မျှယူရမယ်ဆိုတဲ့အသိနဲ့ဖြစ်လာတဲ့အခါ ကကြီးကို လျှော့ဖို့ သူတို့တွေးရတော့မှာပါ။

သည်လိုနဲ့စည်းတွေမထားကြတော့တဲ့အခါ ဂျာနယ်တစ်လောကလုံး ဖရိုဖရဲနဲ့ အရောင်းကျကုန်တော့တာပဲလို့ ကျွန်တော့်မိတ်ဆွေက သုံးသပ်ပြပါတယ်။

ပြီးတော့ သူဆက်ပြောတဲ့စကားလေးက ပိုလို့ စိတ်ဝင်စားစရာကောင်းပါတယ်။

'သည်မောင်တွေကိုလည်း အပြစ်မဆိုသာဘူးဗျ။ သူတို့တွေက ကျွန်တော်တို့နဲ့မတူဘူးလေ။ ကျွန်တော်တို့က ကျွန်တော်တို့ဂျာနယ်ရဲ့ သက်တမ်းနဲ့ဂုဏ်သိက္ခာကို တန်ဖိုးထားတယ်။ သူတို့အတွက်ကျတော့ ဒါမလိုအပ်ဘူးသည်ဂျာနယ်အလုပ်မဖြစ်ရင်နောက်ဂျာနယ်တစ်စောင် ပြောင်းလုပ်လိုက်ရုံပဲ၊ ကိုယ်လုပ်နေတဲ့ဂျာနယ်သက်တမ်းရှည်ရေး၊ ဂျာနယ်နာမည်ထွက်ရေးဆိုတာထက်မြန်မြန်ငွေပေါ်ရေးကိုဦးစားပေးနေကြရတာဆိုတော့ လုပ်ချင်သလိုလုပ်နေတာ သူတို့ဟာနဲ့ သူတို့တော့ ဟုတ်နေမှာပေါ့ဗျာ'တဲ့။

http://www.linhtet.com



ကျွန်တော်သူ့ကို လေးစားသွားပါတယ်။ တစ်ဖက်သားကို ငဲ့ညှာ စဉ်းစားပေးတတ်တဲ့နေရာမှာ သူကျွန်တော့်ထက် အပုံကြီး သာနေပါလားဆိုတာကို တွေးမိရတာနဲ့အတူ သူ့သုံးသပ်ပုံများကို နမူနာယူလိုက်မိ ရပါတယ်။

သည်အချိန်မှာမှ တီကောင်နဲ့လိပ်ပြာကို စာအုပ်ထဲမှာ သွားဖတ်လိုက်မိတာပါပဲ။

ကျွန်တော့်မိတ်ဆွေဂျာနယ်ဆရာကလိပ်ပြာလိုတွေးလိုက်တာဖြစ်ချင်ဖြစ်နေပါလိမ့်မယ်၊ယနေ့ဂျာနယ်လောကထဲကပေါ်ပင်ဂျာနယ်ဆရာတွေက တီကောင်လေးတွေပေါ့။ ဒါပေမယ့် လိပ်ပြာကတီကောင်လေးတွေဟာ လိပ်ပြာလို မမြင်ရကောင်းလားလို့ ဒေါသဖြစ်မနေဘူး၊ ကရုဏာလည်း သက်မနေဘူး။ သူတို့ဟာ တီကောင်လေးတွေပဲ၊ တီဟာ တီလိုပဲ တွေး၊ တီလိုပဲနေ၊ တီလိုပဲကျင့်မှာပေါ့ဆိုပြီး အသာတကြည်နှလုံးသွင်း လက်ခံလိုက်တာပါ။

ကျွန်တော်ကိုယ်တိုင်ကတော့ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလို့ထင်တဲ့အခါလည်းရှိရဲ့၊ငှက်ကျေးလို့ တွေးတဲ့အခါလည်းရှိရဲ့၊ ဆင်လို့မြင်တဲ့အခါလည်းရှိရဲ့။ ဘဝင်အပြည့်နဲ့ ပုထုဇဉ်မို့ပါလို့ ဆင်ခြေကန်ပြီး ပြောရမယ်ဆိုရင်ပေါ့။

သည်အခါမှာ တီကောင်လေးတွေကို တီလိုတွေးရကောင်းလား၊ တီလိုကျင့်ရကောင်းလား၊ တီလိုမြင်ရကောင်းလားဆိုပြီး ကရုဏာတစ်ကျပ်သားနဲ့ ဒေါသတစ်ပိဿာရောထားတဲ့ ကရုဏာဒေါသောတွေ ဖြစ်ပြီးရင်းဖြစ်နေမိတတ်ခဲ့ပါတယ်။

အခုကျတော့ ကျွန်တော်ဟာလည်းတစ်ခါတလေ တီကောင်လေးလောက်ပဲမြင်နေတာဖြစ်ချင်ဖြစ်နေမယ်ဆိုတာကိုတွေးမိလာရပါတယ်။

http://www.linhtet.com



ဒါမှမဟုတ် ကျွန်တော်က လိပ်ပြာလို တွေးမြင်မိတယ်ဆိုရင်လည်းတီကောင်ရဲ့ဘဝအခြေအနေ၊ဘဝအဆင့်အတန်းအရကျွန်တော့်အမြင်ကို ငြင်းပယ်တာ၊ ကျွန်တော့်အမြင်နဲ့ ဖီလာဖြစ်နေတာအတွက် တီကောင်လေးတွေအပေါ် ဒေါသော နှောတဲ့ကရုဏာတွေမဖြစ်သင့်တော့ဘူးဆိုတာ မြင်လာမိရပါတယ်။

ယာဉ်မောင်းတစ်ယောက်ကခြေလျင်လျှောက်သူများရဲ့ဗျာပါဒကို မြင်ဖို့ခဲယဉ်းပါတယ်။ခြေလျှင်လျှောက်သူတစ်ဦးကလည်းယာဉ်မောင်းတွေရဲ့ဖိစီးမှုကို မြင်နိုင်ဖို့ မလွယ်ပါဘူး။ အလားတူပဲ၊ သာမန်လူတစ်ယောက်ဆယ်လျူလာဖုန်းကိုင်နေသူတွေကိုမျက်မုန်းကျိုးပြီးအလကားဟိတ်ထုတ်နေတဲ့သူတွေပါလို့မြင်တဲ့အတွက်လည်းအပြစ်မဆိုသာဘူး။ သူ့အနေနဲ့ ဆယ်လျူလာသမားရဲ့ဝဋ်ကြီးပုံကို ဘယ်လိုနည်းနဲ့မှ နားလည်ပေးနိုင်မှာမဟုတ်ဘဲကိုး။

ဆန့်စဉ်းစားမယ်ဆိုရင် အများကြီးရှိပါတယ်။

ကျွန်တော်ကတော့ 'တီကောင်နဲ့လိပ်ပြာ'ဆိုတဲ့စာတန်းလေးကို တောင် ခပ်ကြီးကြီးလေးရေးပြီး အိမ်မှာ၊ ရုံးမှာ၊ ကားထဲမှာစသဖြင့် မြင်သာတဲ့နေရာအားလုံးမှာ ကပ်ထားရင်ကောင်းမလားလို့တောင်စဉ်းစားနေမိရပါတယ်။ဒါမှလည်းတစ်ခုခုဆိုရင် ဒါလေးမှမသိရကောင်းလား၊ ဒါလေးမှ မကျင့်ရကောင်းလားဆိုပြီး တစ်ဖက်သားအပေါ် ဒေါသောမိနေတဲ့ ကရုဏာအပိုင်းအစ အလေအလွင့်တွေ နည်းပါးသွားနိုင်မှာဖြစ်သလိုတစ်ဖက်သားက ကိုယ့်ဘဝင်နဲ့မဟပ်တာတွေပြောဆိုကျင့်ကြံလာတဲ့အခါမျိုးမှာလည်း ကိုယ်ဟာ တီကောင်လေးလောက်ပဲ သိနိုင်သေးသူလား၊တစ်ဖက်သားကလိပ်ပြာအမြင်နဲ့တင်နေတာလားဆိုတာတွေကို ထည့်သွင်းစဉ်းစားပြီးသကာလ ကိုယ်သဘောမမျှသည့်တိုင်

http://www.linhtet.com



နားထောင်နိုင်တဲ့နားရွက်ကလေးတစ်စုံတော့ပိုင်ဆိုင်လာနိုင်တော့မှာပါ။

စာဖတ်သူများလည်း စဉ်းစားကြည့်ပါဦး။

ကျွန်တော် အခုတင်ပြလိုက်တာကလည်း တီကောင်လေးတစ်ကောင်ရဲ့အမြင်လောကနဲ့ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ စာဖတ်သူလူကြီး မင်းတွေထဲမှာ လိပ်ပြာလိုမြင်နိုင်သူတွေ၊ ကျေးငှက်လိုမြင်နိုင်သူတွေ၊ ဆင်လိုမြင်နိုင်သူတွေ အုံနဲ့ကျင်းနဲ့ရှိနေမှာလည်း အသေအချာပါပဲ။

**(အတွေးသစ်ဂျာနယ်၊ ၀၁-၀၅-၀၁)**

http://www.linhtet.com

# ထင်သလောက် မဆိုးတဲ့ လောကပါခင်ဗျား

ဖတ်လိုက်ရတာလေးထဲက သဘောကျတာလေးတစ်ခု တွေ့မိရပြန်လို့ စာဖတ်သူများကို မျှဝေပေးချင်မိရပြန်တယ်။

တကယ်လို့သာ ကမ္ဘာ့လူဦးရေကို လူတစ်ရာပဲအတိအကျရှိနေတဲ့ ရွာကလေးတစ်ရွာအဖြစ်လျှော့ချလိုက်မယ်ဆိုရင် အခုလက်ရှိ အနေအထားမှာရှိတဲ့ လူအချိုးအစားက သည်လိုဖြစ်မယ်တဲ့။

လူတစ်ရာမှာ အာရှတိုက်သားက ၅၇ယောက်၊ ဥရောပတိုက်သားက ၂၁ယောက်၊ အနောက်တိုင်းသားက ၁၄ယောက်နဲ့ အာဖရိကတိုက်သားက ၈ယောက် ရှိနေပါလိမ့်မယ်။

အဲ. . . အဲသည့်တစ်ရာမှာအမျိုးသမီးက၅၂ယောက်နဲ့အမျိုးသားက ၄၈ယောက်အချိုးရှိနေပြန်သတဲ့။ လူဖြူက၃၀ပဲရှိပြီး လူဖြူမဟုတ်တဲ့

http://www.linhtet.com



လူမည်းတွေ၊ ကျွန်တော်တို့အာရှတိုက်သားတွေလို အညိုတွေအဝါတွေက ကျတော့ ၇ဝတောင်ရှိမယ်။ အလားတူပဲ၊ ခရစ်ယာန် ဘာသာဝင်က၃ဝဖြစ်ပြီးခရစ်ယန်မဟုတ်ဘဲ တခြားဘာသာအသီးသီးကိုကိုးကွယ်ယုံကြည်သူက၇ဝရှိမယ်လို့လည်းကိန်းဂဏန်းတွေကပြဆိုနေပြန်တယ်။

အဲ. . . လိင်ကွဲကိုမှ စုံမက်တတ်သူ (ယောက်ျားက မိန်းမကိုပဲကြိုက်တာ၊ မိန်းမကလည်းယောက်ျားကိုပဲ ကြိုက်တာ)က ၈၉ယောက်ရှိနေမှာဖြစ်ပြီး လိင်တူချင်းမှအကြိုက်ကျသူ (မိန်းမလျှာ၊ ယောက်ျားလျှာ)က ၁၁ယောက် ရှိနေပါတယ်။

အဲသည့်တစ်ရာထဲကမှ ၆ယောက်ဟာ ကမ္ဘာ့ကြွယ်ဝမှုရဲ့ ၅၉ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားမှာဖြစ်ပြီး အဲသည့်၆ယောက်စလုံးဟာ အမေရိကန်နိုင်ငံကဖြစ်နေသတဲ့။ အယောက် ၈ဝကတော့ အိမ်နဲ့ယာနဲ့ကျကျနနနေနိုင်သူတွေမဟုတ်ဘဲတော်ရိရော်ရိမှာဖြစ်သလိုနေနေသူတွေတဲ့။

တစ်ရာမှာ လူ၇ဝဟာစာမဖတ်တတ်ဘူးပြီးတော့၅ဝကအာဟာရဓာတ်ချို့တဲ့နေတယ်၊အစာရေမစာမဝလင်ဘူးတဲ့တစ်ရာမှာတစ်ယောက်ကသေလုမျောပါးဖြစ်နေသလို နောက်တစ်ယောက်ကလည်း မီးဖွားမယ့် ဆဲဆဲ ဖြစ်နေပြန်တယ်။

ပြီးတော့ တစ်ရာမှာမှ တစ်ယောက်ဆိုတစ်ယောက်တည်းဟာ တက္ကသိုလ်ပညာရေးကို ဆည်းပူးခွင့်ရနေပါတယ်။ ပြီးတော့တစ်ရာမှာ တစ်ယောက်တည်းကသာကွန်ပျူတာကိုပိုင်ဆိုင်ပါတယ်တဲ့။

ဒါဟာ ကနေ့ ကမ္ဘာ့လက်ရှိလူဦးရေနဲ့ သက်ဆိုင်ရာ ကိန်းဂဏန်းများ အချိုးအစားပါ။ တစ်ရာနဲ့ချိန်ပြောရင် အဲသည့်အတိုင်းပဲ ထွက်ပါတယ်။

အဲလိုကျကျနန စဉ်းစားကြည့်လိုက်တဲ့အခါ လက်ခံနိုင်ဖို့ နား

http://www.linhtet.com



လည်ပေးနိုင်ဖို့နဲ့ ပညာကိုတန်ဖိုးထားဖို့ဆိုတဲ့အရေးကိစ္စတွေဟာ အင်မတန် အရေးကြီးတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

ဒါတင်မကသေးပါဘူး၊ အောက်ပါအချက်အလက်တွေကလည်း တော်တော့်ကို စဉ်းစားစရာကောင်းလာပါလိမ့်မယ်။

တကယ်လို့ စာဖတ်သူဟာ ကနေ့မနက်မှာ မာမာချာချာကြီးနဲ့ အိပ်ရာကနိုးထလာခဲ့သူဖြစ်နေရင်ခင်ဗျားဟာသည်တစ်ပတ်အတွင်းမှာ သေဆုံးသွားရတော့မယ့် ကမ္ဘာပေါ်က လူတစ်သန်းထက် အများကြီး ပိုကံကောင်းနေတာ မဟုတ်ဘူးလား။

စာဖတ်သူဟာ စစ်ဘေးစစ်ဒဏ်ကိုတစ်ခါမှမခံစားဖူးဘူး၊ အကျဉ်းစံဘဝမှာလည်းမနေဖူးဘူး၊နှိပ်စက်ညှဉ်းပမ်းမှုဒဏ်ကိုလည်းမခံစားခဲ့ဖူးဘူး၊ဒါမှမဟုတ်ငတ်မွတ်မှုကိုလည်းမခံစားဖူးဘူးဆိုရင်ခင်ဗျားဟာအဲသည့်ဒဏ်တွေကိုခံစားခဲ့၊ခံစားဆဲကမ္ဘာ့လူဦးရေသန်းပေါင်း ၅၀၀ထဲမှာမပါတဲ့ကံထူးရှင်တစ်ယောက်ပါပဲလို့အောက်မေ့နိုင်ပါတယ်။

ဘုရား၊ကျောင်းကန်၊စေတီပုထိုး၊ခရစ်ယန်၊ဟိန္ဒူဘုရားကျောင်း၊ ဝတ်ပြုဆောင်၊ခန်းမ၊ဗလီစတာတွေကို စိတ်အေးလက်အေးသွားနေနိုင်တယ်၊ အဲလိုသွားတဲ့အတွက် အဖမ်းခံရမှာ၊အနှိပ်စက်ခံရမှာ၊ အသတ်ခံ ရမှာ လုံးလုံးစိုးရိမ်စရာမရှိဘူးဆိုရင် စာဖတ်သူဟာ ကမ္ဘာမှာအဲဒါမျိုး ကိုစိုးရိမ်တကြီးဖြစ်နေရရှာတဲ့ လူပေါင်း၃ကုဋေ့ထက် ပိုကံကောင်းနေ ပါတယ်။

စားစရာတွေက မီးဖိုချောင်ထဲမှာ၊ကြောင်အိမ်ထဲမှာ သူ့ဟာလေးနဲ့သူရှိနေတယ်၊ခါးပေါ်မှာအဝတ်လည်းရှိနေတယ်၊အမိုးအကာအောက်မှာကျောခင်းစရာနေရာလေးတစ်နေရာရှိနေတယ်ဆိုရင်စာဖတ်သူဟာ ကမ္ဘာ့လူဦးရေရဲ့ ၇၅ရာခိုင်နှုန်းထက် ပိုပြီး ချမ်းသာနေပါတယ်လို့

http://www.linhtet.com



မှတ်ယူနိုင်ပါတယ်။

ဘဏ်တိုက်ထဲမှာ ငွေလေးကြေးလေးရှိတယ်၊ ဒါမှမဟုတ် အိတ်ကပ်ထဲမှာ ငွေစကြေးစလေးတွေရှိနေတယ်၊ အိမ်ထဲမှာလည်း ပိုက်ဆံအနည်းအကျဉ်းရှိတယ်ဆိုရင်စာဖတ်သူဟာကမ္ဘာ့မရှိမရှားလူတန်းစားစရာခိုင်နှုန်းထဲမှာ ပါတယ်လို့ မှတ်ယူနိုင်ပါတယ်။

သည်အထဲမှာမှမိစုံဖစုံလည်းရှိသေးတယ်၊အမေနဲ့အဖေနဲ့ကလည်း အခုချိန်အထိ ပေါင်းနေကြသေးတယ်ဆိုရင်တော့ ကမ္ဘာရှား စာရင်းထဲမှာတောင် စာဖတ်သူ ပါသွားပါပြီ။

အခု ကျွန်တော်ရေးတဲ့စာကို ဖတ်နေနိုင်ပြီဆိုရင် စာဖတ်သူဟာ ကမ္ဘာမှာရှိတဲ့စာမရေးတတ်၊ မဖတ်တတ်ရှာတဲ့ လူပေါင်း ၂ကုဋေထက်ကံကောင်းတဲ့သူဖြစ်နေတာ အသေအချာပါ။

ကျွန်တော်ဖတ်လိုက်ရတဲ့စာပိုဒ်ကလေးကိုဘာသာပြန်ပြလိုက်တာပါ။

အဲလိုစဉ်းစားကြည့်ရင် လောကကြီးဟာ ထင်သလောက်မဆိုးဘူးဆိုတာ တွေးနိုင်လာကြမယ်ထင်ပါတယ်။

အားလုံး စိတ်ချမ်းသာစေချင်လို့ ပြန်ဆိုတင်ပြလိုက်တာပဲဖြစ်ပါတယ်ခင်ဗျား။

**(အတွေးသစ်ဂျာနယ်၊ ၀၈-၀၅-၀၁)**

http://www.linhtet.com

# ဆိုင်းဆရာလေး သုံးယောက်နဲ့ အဖိုးကြီး တစ်ယောက်

တစ်ခါတုန်းက အင်မတန်ညဏ်အမြော်အမြင်ကြီးမားလှတဲ့အဖိုးကြီး တစ်ယောက်ရှိလေသတဲ့။

သည်အဖိုးကြီးဟာ အလုပ်ကနေ အငြိမ်းစားယူတဲ့အခါကျတော့ ဆိပ်ငြိမ်ရပ်ကွက်တစ်ခုထဲက မူလတန်းကျောင်းလေးတစ်ကျောင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ အိမ်လေးတစ်လုံးကို ဝယ်လိုက်ပါသတဲ့။

အဲသည့်အိမ်ကိုပြောင်းပြီးစမှာတော့ အဖိုးကြီးဟာ ဆိတ်ငြိမ်ရပ်ကွက်လေးရဲ့အရသာကို ကောင်းကောင်းကြီး ခံစားပြီး နားအေးပါးအေး နေနိုင်နေတာပေါ့။

နောက်တော့ နွေကျောင်းပိတ်ရက် ကုန်ဆုံးလို့ စာသင်နှစ်အသစ်လည်း စလာပါတော့တယ်။

http://www.linhtet.com



အဲ. . . ကျောင်းပြန်ဖွင့်ပြီးနောက်တစ်ရက်မှာပဲနုနယ်လန်းဆန်းပြီး တက်ကြွဖျတ်လတ်တဲ့ကောင်လေးသုံးယောက်ဟာကျောင်းဆင်းလို့အိမ် အပြန်လမ်းတစ်လျှောက်မှာတွေ့တွေ့သမျှ အမှိုက်ပုံးတွေကိုတဘုံးဘုံး ရိုက်ပြီးမှ ပြန်ကြတာနဲ့ ကြုံရပါတော့တယ်။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ကျောင်းဆင်းချိန်တိုင်း အဖိုးကြီးအိမ်ရှေ့လမ်းက ပြန်ရင်းနဲ့ မောင်မင်းကြီးသားလေး သုံးယောက်ဟာ အမှိုက်ပုံးတွေကို တဝုန်းဝုန်းထုပြီး ပျော်နေကြတယ်။

ကြာတော့ အဖိုးကြီးလည်းတစ်ခုခုလုပ်မှဖြစ်တော့မယ်လို့ဆုံးဖြတ် လိုက်ရတော့သတဲ့။

သည်လိုနဲ့ နောက်တစ်ရက်ကျောင်းဆင်းချိန်မှာ သူကလည်း အိမ်ပြင်ကိုထွက်ပြီး အမှိုက်ပုံးတွေကို တပျော်ကြီး ထုလာတီးလာကြတဲ့ ဗုံဆရာလေးသုံးယောက်ကိုစောင့်နေလိုက်တယ်ကိုယ်တော်လေးတွေက လည်း အစဉ်အလာမပျက်ပါပဲ၊ အမှိုက်ပုံးတွေကို ထုလာ၊ တီးလာကြ ရင်းနဲ့ အဖိုးကြီးနားရောက်လာတဲ့အခါ အဖိုးကြီးက သူတို့ကို အခုလို ဆီးပြောလိုက်သတဲ့။

'ကိုရင်လေးတို့ကို ကြည့်ရတာ ပျော်စရာကောင်းလိုက်တာကွာ။ မောင်တို့အပျော်တွေကအဘဆီတောင်ကူးလာတယ်။ အဘငယ်ငယ်၊ မောင်တို့အရွယ်တုန်းကလည်း အခုလိုပဲ လုပ်ဖူးတယ်။ သည်လိုလုပ် ကြပါလားကွာ။ မောင်တို့ အဲလို လမ်းဘေးကအမှိုက်ပုံးတွေကို ဗုံလို တီးလာတာလေးဟာနားထောင်လို့ကောင်းလွန်းလို့အဘကမောင်တို့ကို ဆုချချင်သကွ။အဲတော့. . . ညနေကျောင်းဆင်းလာတဲ့အခါအမှိုက်ပုံး တွေကို ထုလာရင်း အဘအိမ်ရှေ့ရောက်ရင် အဘဆီက တစ်ယောက် တစ်ဒေါ်လာဝင်ယူသွားကြ။ မောင်တို့ဆိုင်းတီးခအဘပေးမယ်နေ့တိုင်း

http://www.linhtet.com



လာယူကြနော်. . .'

သည်စကားလည်းကြားရရောချာတိတ်တွေလည်းအရမ်းသဘောကျသွားတော့တာပေါ့။ သည်လိုနဲ့ သူတို့ကလည်း အမှိုက်ပုံးတွေကိုကျောင်းအပြန်မှာနေ့တိုင်းထု၊ ပြီးရင် အဖိုးကြီးဆီက ပိုက်ဆံတစ်ဒေါ်လာစီ ဝင်ယူပြီး လမ်းမှာတွေ့သမျှ အမှိုက်ပုံးတွေကို ဆက်ထုသွားကြပြန်တယ်။

အဲလိုနဲ့နေလာလိုက်တာ ၄-၅-၁၀ရက်နေတော့ အဖိုးကြီးက ချာတိတ်တွေကိုပြောပြန်တယ်။ သည်တစ်ခါကျတော့ အဖိုးကြီးမျက်နှာက ဝမ်းနည်းပြုံးကြီးနဲ့၊ စိတ်မကောင်းတဲ့မျက်နှာကြီးနဲ့။

'အေးကွာ. . . အဘက အငြိမ်းစားလည်းဖြစ်၊ အဘရဲ့လုပ်ငန်းကိုင်ငန်းတွေကလည်း တယ်အဆင်မပြေလှဘူး ကိုရင်လေးတို့ရယ်။ အဲတော့ အဘအနေနဲ့ ကိုရင်လေးတို့ကို နေ့တိုင်း တစ်ဒေါ်လာစီတစ်ဒေါ်လာစီ ပေးချင်ပေမယ့် မပေးနိုင်တော့ဘူး။သည်နေ့တော့တစ်ဒေါ်လာစီယူသွားကြဦး။ ဒါပေမယ့် နက်ဖန်ခါက စပြီးတော့တော့ အဘကိုရင်လေးတို့ကို ငါးမူးစီပဲ ပေးနိုင်တော့မယ်ဆိုတာ ခေါ်ပြောရတာ'

တစ်နေ့တစ်ဒေါ်လာရတာကိုကျေနပ်နေကြတဲ့ချာတိတ်တွေလည်း ငါးမူးပဲရတော့မယ်ဆိုတော့ သိပ်မကြည်လင်ကြတော့ဘူး။ ဒါပေမယ့် သုံးယောက်စလုံးက ငါးမူးလည်းငါးမူးပေါ့ဆိုတဲ့အသိနဲ့ လက်ခံလိုက်ကြ ပြီး သူတို့ရဲ့ အမှိုက်ပုံးကို ဗုံလုပ်တီးတဲ့အလုပ်ကို ဆက်လုပ်နေဖြစ်ကြ ပြန်တယ်။

အဲလိုနဲ့ နောက်ထပ် ၄-၅-၁၀ရက်နေပြန်တဲ့အခါမှာ အဖိုးကြီးက သူတို့ကို သည်လိုပြောလိုက်ပြန်သတဲ့။

'စိတ်မကောင်းပါဘူးကိုရင်လေးတို့ရယ်၊ အဘလည်းအခုတလော

http://www.linhtet.com



ကောင်းကောင်းနေမကောင်းတာနဲ့ အခုထက်ထိ ပင်စင်လစာကို မထုတ် ရသေးဘူး။ အဲတော့ အဘ ကနေ့ကစပြီး ကိုရင်လေးတို့ကို တစ်နေ့ ငါးမူးတောင်ပေးနိုင်တော့မှာမဟုတ်ဘူး။ တစ်မတ်စီပဲ ယူကြပါတော့ ကွယ်နော်၊ အဘ တောင်းပန်ပါတယ်. . . '

'ဗျာ. . . တစ်မတ်၊ ဟုတ်လား. . . '

ကောင်လေးသုံးယောက်ထဲကဆိုင်းခေါင်းဆောင်လုပ်တဲ့ကောင်လေး က အဖိုးကြီးကို ပြန်ပြောလိုက်တယ်။

'ဟာ. . . တစ်မတ်ကတော့ နည်းလွန်းတယ် အဘရာကျွန်တော် တို့မှာငွေလေးတစ်မတ်နဲ့အချိန်ကုန်ခံ၊လက်အနာခံပြီးအမှိုက်ပုံးတွေကို မထုနိုင်ဘူးဗျ။ တော်ပြီ၊ တော်ပြီ၊ ကျွန်တော်တို့ မထုတော့ဘူး. . . '

အဲလိုနဲ့ ဇာတ်ပေါင်းတော့ ဉာဏ်အမြော်အမြင်ကြီးတဲ့ အဖိုးကြီး လည်း နားအေးပါးအေးနဲ့ အသက်ထက်ဆုံးနေနိုင်သွားပါတော့သတဲ့။

ကျွန်တော့်ဆီကို နေ့တိုင်းရောက်လာတဲ့ ဟာသအတိုအထွာလေး တွေထဲက ပုံပြင်လေးတစ်ပုဒ်ပါ။ တစ်နေ့တာအတွက် ရယ်စရာဆိုတဲ့ ပင့်ကူအိမ်စာမျက်နှာ (Web Page) ကိုလှမ်းပြီးကိုယ့်ခေတ်ချောလိပ်စာ လေးပေးထားရင် ရယ်စရာအတိုအထွာလေးတွေက ကိုယ့်ခေတ်ချော စာတိုက်ပုံးထဲနေ့စဉ်ရောက်ပါတယ်အဲဒါလေးကိုလုပ်ထားတာအတော် တောင် ကြာနေပြီ။ ဟာသအတိုအထွာတွေကတော့ ကိုယ့်ဘာသာ ပြုံး ဖြစ်ရုံလောက်မို့ တကူးတက ဘာသာမပြန်ဖြစ်ပါဘူး။

အခုပုံပြင်လေးကတော့ ဟာသလေးပေမယ့်စဉ်းစားစရာလေးတွေ လည်းပါတာမို့စာဖတ်သူများအတွက်ပြန်ဆိုတင်ပြလိုက်ရပြန်ပါတယ်။

ပုံပြင်ထဲက အဖိုးကြီးဟာ တကယ်လို့သာ ဒေါ်နဲ့မောနဲ့ ထွက်တဲ့

http://www.linhtet.com



ပြီး 'ဟော့ကောင်တွေ၊ မင်းတို့ကွာ၊ လမ်းဘေးမှာ သူ့ဘာသာရှိနေတဲ့ အမှိုက်ပုံးလည်း မနေရဘူး။ နားညည်းတယ်ကွ၊ နောက်မတီးကြနဲ့၊ တီးရင်မင်းတို့နဲ့ ငါနဲ့အတွေ့ပဲ' ဘာညာစသဖြင့် မြည်တွန်တောက်တီးမယ်၊ ကြိမ်းမောင်းမယ်၊ ဆဲဆိုမယ်၊ ခြိမ်းခြောက်မယ်ဆိုရင် သူလိုချင်သလို ဖြစ်ဖို့လွယ်ပါ့မလား။ စဉ်းစားကြည့်ဖို့ ကောင်းနေပါတယ်။

ကျွန်တော်ဆို ခဏခဏစဉ်းစားကြည့်ဖူးတယ်၊ သူခိုးသူဝှက်တစ်ယောက်ကို ပြစ်ဒဏ်ပေးလိုက်ရုံနဲ့ ပြစ်ဒဏ်က လွတ်တဲ့အခါ သည်လူ ပြန်မခိုးတော့ပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ အလားတူပဲ၊ ကျွန်တော်ငယ်ငယ်ကဆေးလိပ်ခိုးသောက်တာမိသွားတဲ့အခါအဖေက ကြိမ်စကြာနဲ့ဆော်ပလော်တီးလို့ 'နောက်မသောက်တော့ပါဘူးခင်ဗျ' လို့ အဖေ့စိတ်ကြိုက် အော်လိုက်ခဲ့ဖူးတာ တစ်ခါ မကပါ။ ဟော. . . အခုကျတော့ ကျွန်တော် ဆေးလိပ်ချိုးကပ်နေပါပြီ။ အဖေ့တုတ် ထိရောက်မှု ရှိမရှိ သိသာစေတဲ့ ဥဒါဟရုဏ်ပါ။

စာဖတ်သူလူကြီးမင်းရဲ့ဘဝမှာရော လူကြီးသူမ ဆိုဆုံးမတဲ့အခါ၊ နားပူတဲ့အခါ၊ ကြောက်ရွံ့တဲ့အခါမှာ ပြီးစလွယ်ထားပြီး နောက်မလုပ်တော့ပါဘူးလို့ပြောခဲ့ရင်းက လစ်ရင်လစ်သလို ပြန်လည်ကျူးလွန်ဖြစ်နေတဲ့အမှုသေး၊ အမှုကြီးတွေ ဘယ်နှစ်မှုလောက်ရှိမယ်ထင်ပါသလဲ။ ကိုယ့်ကိုယ်ကိုယ် မညှာတမ်း ဆန်းစစ်ကြည့်ကြစေချင်လှပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ကိုယ်တိုင်လူကြီးဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့ ဖြစ်စေချင်သလိုဖြစ်လာဖို့အတွက် နည်းပေါင်းစုံကို သုံးကြတဲ့အခါ ဗျစ်တောက်နည်း၊ မြည်တွန်နည်း၊ အော်ဟစ်နည်း၊ ခြိမ်းခြောက်နည်းတွေနဲ့သာ လုံးချာလိုက်နေတတ်စမြဲပါပဲ။

ကိုယ်လိုချင်သလိုတကယ်ထိထိရောက်ရောက်ဖြစ်လာအောင်လုပ်

http://www.linhtet.com



ယူဖို့အတွက် ပုံပြင်ထဲက အဖိုးကြီးလို ဦးနှောက်ကို လွှာသုံးတတ်မယ် ဆိုရင်ကျွန်တော်တို့လည်း စိတ်ချမ်းသာ၊ ကျွန်တော်တို့ဖြစ်စေချင်သလို လိုက်လုပ်ရသူတွေကလည်း လုပ်ပေးရလို့ ပေးရမှန်းမသိဘဲ ပျော်ပျော် ပါးပါး လုပ်ပေးသွားကြမှာကို ကျွန်တော်တော့ ယုံကြည်နေမိရပြန်ပါ တယ်။

စာဖတ်သူ လူကြီးမင်းရော. . . ဘယ်လိုသဘောရပါသလဲ?

**(အတွေးသစ်ဂျာနယ်၊ ၁၅-၀၅-၀၁)**

http://www.linhtet.com

# မင်္ဂလာရှိတဲ့ အချိန်

သူငယ်ချင်းဟာ သူ့မိန်းမရဲ့ဗီရိုကိုဖွင့်လိုက်ပြီး ဗီရိုထဲက တစ်ထောင့်တစ်နေရာမှာ ကျကျနနသိမ်းထားတဲ့အထုပ်ကလေးတစ်ထုပ်ကိုဆွဲယူလိုက်ပါတယ်။ အထုပ်ကလေးက စက္ကူအိတ်ကောင်းကောင်းလေးနဲ့ ကျကျနန ထုပ်ထားတဲ့ အထုပ်ကလေးပါ။

'တခြားမဟုတ်ပါဘူး၊ ဒါ ပိုးချိတ်ထဘီလေးပါ. . . '

သူငယ်ချင်းက ပြောရင်းနဲ့အထဲက ချိတ်ထဘီလှလှလေးကို ဆွဲထုတ်လိုက်ပြီး ထုပ်ထားတဲ့စက္ကူအိတ်ကိုတော့ လုံးချေလွှင့်ပစ်လိုက်ပါတယ်။ ပြီးတော့ ပိုးသားထဘီလေးကို ဖြန့်တဲ့ပြီး လှပတဲ့ အဆင်အသွေးကို သေချာကြည့်နေလေရဲ့။

'သည်ထဘီလေးကို ကျွန်တော်တို့တွေ မန္တလေးကို ပထမဆုံးအကြိမ် သွားကြတုန်းကဝယ်ခဲ့တာလေ၊ ၉နှစ်၊ ၁၀နှစ်လောက်တောင်

http://www.linhtet.com



ရှိပြီပေါ့၊ တစ်ခါမှကို မဝတ်ရသေးဘူး၊ ကျွန်တော့်အမျိုးသမီးက တကယ့်ပွဲနေပွဲထိုင်ကျမှ ဝတ်မယ်ဆိုပြီး သိမ်းထားတာ၊ အခုတော့ တကယ့်ပွဲနေပွဲထိုင် ဖြစ်သွားပြီပေါ့လေ. . . '

ပြောပြောဆိုဆိုနဲ့သူငယ်ချင်းဟာ သူ့တို့အိပ်ရာခုတင်ဆီကို သွားလိုက်ပြီး ထဘီလေးကိုသချႋုင်းကိုယူသွားမယ့်တခြားပစ္စည်းတွေနဲ့အတူ ထားလိုက်ပါတယ်။

ဟုတ်ပါတယ်. . . သူ့ဇနီးက မနေ့ကပဲ ဆုံးသွားခဲ့ပါပြီ။

သူက ကျွန်တော့်ဘက်ကို လှည့်ပြီး ပြောလိုက်ပါသေးတယ်။

'ဘာကိုပဲဖြစ်ဖြစ် ပွဲနေပွဲထိုင်ကျမှသုံးမယ်၊ မင်္ဂလာယူတဲ့အခါမှ သုံးမယ်ဆိုပြီး သိမ်းသိမ်းမထားနဲ့ဗျာ၊ နေ့တိုင်းဟာ ကိုယ့်အတွက် ပွဲနေပွဲထိုင်ပဲ၊ မင်္ဂလာရှိနေတာပဲလို့သာ အောက်မေ့တာ အကောင်းဆုံးပါပဲ. . . 'တဲ့။

ကျွန်တော် သူ့စကားကို စဉ်းစားနေမိတာ သူ့အိမ်ကပြန်လာပြီးတဲ့နောက် အတော်ကြာတဲ့အထိပါပဲ။

သူ့စကားက ကျွန်တော့်ဘဝကို ပြောင်းလဲသွားစေခဲ့ပါတယ်။အခုဆို ဗွီဒီယိုကြည့်ဖို့ထက် စာဖတ်ဖို့၊ တရားရှုမှတ်ဖို့ ပိုအချိန်ပေးနေမိပြီ။ ဒါမှမဟုတ်လည်း ဩကာသလောကရဲ့သာယာတင့်မောပုံတွေကို ရုပ်မြင် သံကြားက ဇာတ်လမ်းတွဲတွေထက် ပိုခံစားမိနေခဲ့ပြီ။

အလုပ်တွေနင်းခွလုပ်ဖို့ထက်မိသားစုနဲ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့နေတဲ့အချိန်ကို ပိုပေးနေမိပြီ။ဘဝဆိုတာဟာအသက်ရှင်နေတာ တစ်ခုတည်းအတွက်မဟုတ်ဘူး၊ဆက်တိုက်ရင်ဆိုင်ရတဲ့ဘဝအတွေ့အကြုံအထွေထွေကိုခံစားဖို့ပဲဆိုတာကိုလည်း သဘောပေါက်လာခဲ့ပြီ။ ပြီးတော့ ဘာကိုမှလည်းဘယ်တော့ကျမှထုတ်သုံးလိုက်မယ်၊ ထုတ်ဝတ်

http://www.linhtet.com



လိုက်မယ်၊ ထုတ်စားလိုက်မယ်ဆိုပြီး တကူးတကန့်သိမ်းမနေတော့ဘူး။

တစ်ချိန်က မှန်ဘီရိုထဲမှာ အလှပြထားတဲ့ ဖန်ခွက်အကောင်းစားတွေ၊ ပန်းကန်ခွက်ယောက်တွေကိုလည်း အခုတော့ နေ့တိုင်းချသုံးဖြစ်နေခဲ့ပြီ။ ဘာဖြစ်တုန်း၊ ကွဲသွားလည်း၊ ပစ္စည်းသခၤါရ၊ လူသခၤါရလို့ တွေးရဲလာပြီ။ ဟိုနားသည်နားသွားတဲ့အခါမှာလည်း ဝတ်ချင်စိတ်ပေါက်လာတဲ့ အကောင်းစားတွေ ချဝတ်တယ်။ နွမ်းသွားတော့၊ ရော်သွားတော့ရော ဘာဖြစ်သေးလဲ၊ ပစ္စည်းသခၤါရ၊ လူသခၤါရ။

'တစ်နေ့ကျရင်'ဆိုတဲ့ဝေါဟာရလည်း ကျွန်တော့်အဘိဓာန်ထဲမှာ မရှိတော့ဘူး။တကယ်လို့များကျွန်တော့်သူငယ်ချင်းရဲ့ဇနီးသည်အနေနဲ့ အများနည်းတူ သူမျှော်လင့်စောင့်စားနေခဲ့တဲ့နေ့တစ်နေ့မှာသူအသက်ရှင်လျက် ရှိမနေနိုင်ဘူးဆိုတာ ကြိုများသိခဲ့မယ်ဆိုရင်ဘယ်လိုတွေများ လုပ်ဖြစ်ခဲ့မလဲဆိုတာ စဉ်းစားကြည့်မိတယ်။ သူ့ဆွေမျိုးတွေ၊ ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်းတွေကိုပဲတွေ့ဖြစ်ခဲ့လေမလားဒါမှမဟုတ်လည်း မကျေမလည်ဖြစ်ခဲ့တဲ့မိတ်ဟောင်းဆွေဟောင်းတွေကို တွေ့ပြီး တောင်းပန်စကားတွေ၊ ခွင့်လွှတ်စကားတွေပဲပြောဖြစ်သွားလေမလား။ ဒါမှမဟုတ်လည်း သူအင်မတန်ကြိုက်တဲ့ အုန်းထမင်းနဲ့ ကြက်သားဟင်းလေးပဲ ချက်စားဖြစ်ခဲ့လေမလား။

ကျွန်တော်သာဆိုရင်လည်းသေခါနီးနောက်ဆုံးအချိန်မှာအဲသလို ဘာမဟုတ်တာလေးတွေနဲ့ပဲစိတ်အနှောင့်အယှက် ဖြစ်နေမိမှာပေါ့။

တစ်နေ့နေ့ကျရင် အဆက်အသွယ်လုပ်မယ်ဟဲ့လို့ တွေးထားဖြစ်ရက်ကနဲ့ မတွေ့ဖြစ်နိုင်ခဲ့တဲ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့တွေ့ခွင့်မရလိုက်တာလေးတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်ချင်ဖြစ်နေမယ်။ တစ်နေ့နေ့ကျရင် ရေးလိုက်ဦးမယ်လို့ တေးထားပြီး ကနေ့ထက်တိုင်

http://www.linhtet.com



မရေးဖြစ်နိုင်သေးခဲ့လို့ ဘယ်တော့မှလည်း ရေးဖြစ်တော့မှာမဟုတ်တဲ့ စာတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်ချင်ဖြစ်နေမယ်။

အဆိုးဆုံးကတော့ ဝိပဿနာတရားဆိုတာကို ကြားဖူးပင်ကြားဖူးခဲ့လင့် ကစားအာရုံအမျိုးမျိုးနောက်ကောက်ကောက်ပါခဲ့ရင်း တစ်နေ့ကျ အားထုတ်မယ်လို့ တေးထားခဲ့မိရာက အခုကျတော့မှ ဘာမှလုပ်လို့ မရတော့မှာ၊ သံသရာမပြတ်တော့မှာကို တွေးမိပြီး စိတ်အနှောင့် အယှက် ဖြစ်ရတာနေမှာပါပဲ။

ဒါတွေကို တွေးမိလာရတဲ့အခါ ရက်ရွှေ့တဲ့အလုပ်၊ ဆိုင်းငံ့တဲ့အလုပ်ကို မလုပ်မိအောင် ကြိုးစားနေမိရတော့တယ်။ နေ့တိုင်းလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြောနေမိတယ်။ ဒီနေ့ဟာ ကိုယ့်အတွက် မင်္ဂလာ ရှိတဲ့နေ့ပဲလို့။

နေ့တိုင်း၊ နာရီတိုင်း၊ မိနစ်တိုင်းဟာ မင်္ဂလာရှိတာချည်းပါပဲ။

**(အတွေးသစ်ဂျာနယ်၊ ၂၉-၀၅-၀၁)**

http://www.linhtet.com

# လူမိုက်လာဥ၊ လူကြွက်ဥနဲ့ လူလက်ဖက်ခြောက်

တစ်ခါက ဤမဟာဘဒ္ဒကမ္ဘာရဲ့တစ်နေရာမှာ သားအဖနှစ်ယောက်ရှိလေသတဲ့. . .

တစ်နေ့မှာ သမီးလုပ်တဲ့သူက ဖအေကိုတိုင်တည်တယ်သူ့ဘဝမှာ အဆင်မပြေတာတွေကများနေတယ်ပေါ့ဘာလုပ်လုပ်အဆင်မပြေတာတွေချည်းမို့အားကပျက်နေပြီးအရာရာကိုလက်လျှော့လိုက်ချင်စိတ်ကပေါက်နေပြီဖေဖေရယ်။ တိုက်ရခိုက်ရတာ၊ ရုန်းရကန်ရတာလည်းသမီးမှာ မောလှပါပြီ၊ ပန်းလှပါပြီရှင်။ ပြဿနာတစ်ခု ပြေလည်သွားလို့မှ မနားရသေးဘူး၊ နောက်ထပ်ပြဿနာတစ်ခုကထပ်တက်လာနဲ့ဘဝဆိုတာဒုက္ခတွင်းကြီးထဲစောက်ထိုးဆင်းနေရသလိုပါပဲ ဖေဖေရယ်၊ သမီးတော့ စိတ်ညစ်တယ်၊ လူတောင်ဆက်မလုပ်ချင်တော့ဘူး ဘာညာ စသဖြင့် ဖအေကို တိုင်းတည်ရင်း ညည်းရှာတယ်။

http://www.linhtet.com



ဖအေလုပ်တဲ့သူက စားဖိုမှူးကြီးပါ။

သမီးကလည်း အဲသလို ညည်းညူတိုင်တည်လာရော ဖအေက ဘာမပြောညာမပြောနဲ့သမီးကိုလက်ဆွဲပြီးမီးဖိုချောင်ထဲခေါ်သွားတယ်။ ပြီးတော့ အိုးသုံးလုံးထဲကို ရေတွေဖြည့်ပြီး မီးပြင်းပြင်းနဲ့ ဖိုသုံးဖိုပေါ်မှာ တည်လိုက်တယ်။ မကြာပါဘူး၊ မီးတွေကပြင်းတော့ သုံးအိုးစလုံးထဲက ရေတွေ ပွက်ပွက်ဆူလာတော့တာပေါ့။

ရေနွေးလည်းဆူရောဖအေလုပ်တဲ့သူကတစ်အိုးထဲကိုမုံလာဥတွေ ထည့်၊ နောက်တစ်အိုးထဲကိုကြက်ဥတွေထည့်၊ နောက်တစ်အိုးထဲကို ကျတော့ လက်ဖက်ခြောက်တွေ ထည့်လိုက်ပါတယ်။

ပြီးတော့ အိုးတွေကို သည်တိုင်း ဆက်တည်ထားလိုက်တယ်။ စကားတော့ တစ်လုံးမှမပြောဘူး။

သမီးလုပ်တဲ့သူက ဖေဖေ့နှယ်ဘာတွေများလုပ်နေပြန်တာလဲလို့ တွေးရင်းစိတ်ကတယ်မရှည်ချင်ဘူး။ဒါပေမယ့်ဘာကိုမဆိုအကြောင်းမဲ့ မလုပ်တတ်တဲ့ဖအေ့အကြောင်းကိုသိထားတော့ အံကလေးတင်းရင်း စိတ်မရှည်စွာနဲ့ပဲ စောင့်နေရပါတော့တယ်။

ဆယ်မိနစ်လောက်ကြာတော့ ဖအေလုပ်တဲ့သူက မီးသုံးဖိုစလုံးကို သတ်လိုက်ပြီး ပထမအိုးထဲက မုံလာဥတွေကိုဆယ်၊ ပန်းကန်တစ်ချပ် ထဲထည့်တယ်။ နောက်တစ်အိုးထဲက ကြက်ဥတွေကိုလည်း ဆယ်ပြီး တခြားပန်းကန်တစ်လုံးထဲထည့်တယ်။ နောက်ဆုံးအိုးထဲကလက်ဖက် ရည်ကြမ်းတွေကိုလည်း ပန်းကန်တစ်လုံးထဲထည့်တယ်။ ပြီးတော့မှ သမီးဘက် လှည့်တဲ့ပြီး မေးလိုက်တယ်။

'ကဲ. . . သမီးလေးရေ၊ ဒါတွေက ဘာတွေလဲ. . .'

'မုံလာဥပြုတ်ရယ်၊ကြက်ဥပြုတ်ရယ်၊ ရေနွေးကြမ်းရယ်ပါဖေဖေ'

http://www.linhtet.com



သမီးက အဲလိုဖြေလိုက်တော့ ဖအေက သမီးကိုသူ့နားလာခိုင်းပြီး မုံလာဥတွေကို စမ်းခိုင်းတယ်။ သမီးက ဖအေခိုင်းတဲ့အတိုင်း မုံလာဥပြုတ်တွေကိုဇွန်းနဲ့ထိုးကြည့်လိုက်ပြီးတဲ့နောက် 'ဖေဖေ့ မုံလာဥတွေက လည်း ပျော့ပြဲနေပြီ. . . 'လို့ပြောလိုက်ပါတယ်။

ဖအေက သမီးစကားကို အမှုမထားဘဲ ကြက်ဥပြုတ်တစ်လုံးကို ယူပြီး သမီးကို ခွဲခိုင်းပြန်တယ်။ အပေါ်က အကာကိုခွာလိုက်တဲ့အခါ မှာတော့ ကောင်းကောင်းကြီးကျက်နေပြီဖြစ်တဲ့ ကြက်ဥပြုတ်ပေါ့။

နောက်ဆုံးမှာတော့ ရေနွေးကြမ်းကို မြည်းကြည့်ဖို့ ဖအေကခိုင်း လိုက်ပြန်တယ်။ သမီးလုပ်တဲ့သူက ပြုံးလိုက်မိရင်းကနေ ဖအေခိုင်းတဲ့ အတိုင်း အငွေ့တထောင်းထောင်းထနေတဲ့ရေနွေးကြမ်းပူပူကို တဖူးဖူး မှုတ်လို့ မြည်းလိုက်ရပါတယ်။ အင်မတန်မွှေးပျံ့ပြီး အရသာရှိတဲ့ လက်ဖက်ရည်ကြမ်းဖြစ်နေတာကိုလည်း သတိထားလိုက်မိတယ်။

'ဖေဖေ ဘာကို ပြောချင်တာလဲဟင်. . . '

လက်ဖက်ရည်ကြမ်းကိုအရသာခံရင်းသမီးကမအောင့်နိုင်တော့ဘဲ မေးလိုက်မိရပါတော့တယ်။

ဖအေက ရှင်းပြတယ်။

'မုံလာဥရယ်၊ ကြက်ဥရယ်၊ လက်ဖက်ခြောက်ရယ်ဆိုတဲ့မတူတဲ့ အရာသုံးမျိုးဟာ တူညီတဲ့ဒုက္ခဖြစ်တဲ့ ရေနွေးပူပူထဲမှာ တစ်ပြိုင်တည်း၊ တစ်ညီတည်းထည့်အပြုတ်ခံခဲ့ရတာချင်းအတူတူတုံ့ပြန်ပုံချင်းကျတော့ မတူဘူးလေ သမီးရဲ့။

'မုံလာဥဟာ ရေနွေးပူထဲ မရောက်ခင်တုန်းကတော့ သန်သန် မာမာ၊ တောင့်တောင့်တင်းတင်းကြီးရယ်။ အဲ. . . ဒါပေမယ့်ရေနွေးနဲ့ လည်း အပြုတ်ခံလိုက်ရရော တစ်ခါတည်းကို ပျော့ဖတ်ပြီး ချိနဲ့သွား

http://www.linhtet.com



တော့တာပဲ. . .

'ကြက်ဥကကျတော့ ရေနွေးထဲမရောက်ခင်ကအထိမခံဘူး၊ ထိလိုက်တာနဲ့ ဖတ်ခနဲကွဲမှာ အသေအချာနော်။ အပေါ်ခွံပါးပါးလေးက အထဲကအရည်ကြည်ပျော့ဖတ်ဖတ်လေးတွေကို ကာရံထားရတဲ့အနေအထားပေါ့။ ဒါပေမယ့် ရေနွေးဆူဆူထဲမှာလည်း ကြာကြာလေးနေလိုက်ရရောအဲသည့်ပျော့အိအိအတွင်းသားတွေ အားလုံးမာကုန်တာပဲ မဟုတ်လား သမီးရဲ့. . .

'အေး. . . လက်ဖက်ခြောက်ကတော့ တစ်ဘာသာပဲရေနွေးပွက်ပွက်ထဲလည်းရောက်သွားရော အဲသည့်ပွက်ပွက်ဆူနေတဲ့ရေကိုပါလက် ဖက်ရည်အဖြစ် ပြောင်းလဲပစ်လိုက်တယ်. . .

'ကဲ. . . အဖေ့သမီးကရော ဘာလဲ၊ မုံလာဥလား၊ ကြက်ဥလား၊ လက်ဖက်ခြောက်လားလောကဓံဆိုတာတော့လူတိုင်းရင်ဆိုင်ကြရတာပဲ သမီး။ အဲသည့် လောကဓံနဲ့ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရတဲ့အခါမှာ သမီးကဘယ်လိုတုံ့ပြန်လိုက်ချင်သလဲမုံလာဥလိုတုံ့ပြန်မလား၊ကြက်ဥလိုတုံ့ပြန်မလား၊ လက်ဖက်ခြောက်လိုတုံ့ပြန်မလား၊သမီးဘာသာစဉ်းစားပေတော့ကွယ်. . .'

ပုံပြင်လေးကတော့ ဒါပါပဲ။

စာဖတ်သူလူကြီးမင်းကရော ဘယ်လိုပါလဲ။

အပြင်ပန်းအမြင်မှာတော့ မုံလာဥလို မာမာချာချာတောင့်တောင့်တင်းတင်းကြီးနဲ့လောကဓံနဲ့ တကယ်တမ်းရင်ဆိုင်ရတဲ့အခါကျရင်တော့ ပျော့ခွေ နွမ်းရိပြီး အားကုန်သွားမယ့် လူစားမျိုးပါလား။

ဒါမှမဟုတ် ကြက်ဥလိုလူစားလား။ အစတုန်းကတော့ ထိလွယ်၊ ရှလွယ်တယ်၊ စိတ်ကလည်း ပျော့တယ်။ ဒါပေမယ့် သေခြင်းတရားလို၊

http://www.linhtet.com



ရှင်ကွဲကွဲတာလို၊ ချွတ်ခြုံကျတာလို ကြမ္မာဆိုးတစ်ခုခုကို အပြင်းအထန် ခံစားရပြီးတဲ့နောက်မှာတော့ နင်လားဟဲ့. . . လောကဓံဆိုတဲ့စိတ်ဓာတ်၊ ထိမထင်တဲ့စိတ်ဓာတ်နဲ့ မာကျောကျော၊ တောင့်တင်းတင်းကြီးဖြစ်သွား မယ့်လူစားမျိုးလား။ မပြုတ်ခင်ကြက်ဥနဲ့ ပြုတ်ပြီးသားကြက်ဥလိုပဲ၊ အပြင်ပန်းအမြင်မှာ သိပ်မကွာလှပေမယ့် အတွင်းမှာ ခါးသီးမာကျော နေတဲ့ နှလုံးသားနဲ့ လူများ ဖြစ်နေမှာလား။

ဒါမှမဟုတ် စာဖတ်သူလူကြီးမင်းဟာ လက်ဖက်ခြောက်လိုလူမျိုးလား။ ရေပူကိုပေမယ့် အသွင်ပြောင်းပေးနိုင်စွမ်းရှိတာမျိုးလေ။ လက်ဖက်ခြောက်ဆိုတာကရေနွေးဆူလေလေ၊ ပွက်လေလေ လက်ဖက်ရည် အရသာကောင်းလေလေပေါ့။ လက်ဖက်ခြောက်လိုလူဆိုတာကလည်း ဒုက္ခသုက္ခတွေအရှိန်တက်လေလေ၊အရည်အချင်းတွေပိုရှိလာလေဖြစ်ပြီး ကိုယ့်ပတ်ဝန်းကျင်အတွက် ပိုကောင်းတဲ့အခြေနေကို ဖန်တီးပေးနိုင်သူဖြစ်နေပါလိမ့်မယ်။

ကဲ. . . စာဖတ်သူလူကြီးမင်း၊ လောကဓံကိုဘယ်လိုရင်ဆိုင်မယ် စိတ်ကူးပါသလဲ။

စာဖတ်သူဟာ လူမုံလာဥလား၊ လူကြက်ဥလား၊ လူလက်ဖက်ခြောက်လား?

ကိုယ့်ဘာသာ ဆင်ခြင်ပိုင်းဖြတ်လိုက်ကြရုံပါပဲ။

**(အတွေးသစ်ဂျာနယ်၊ ၀၅-၀၆-၀၁)**

http://www.linhtet.com

## ပထမတန်းစားဖြစ်ချင်ပါသလား

ပါမောက္ခဟာအနုဇီဝဗေဒကျောင်းသား၃၀ရဲ့ရှေ့မှောက်မှာမတ်တတ်ရပ်နေပါတယ်။ နောက်ဆုံးစာမေးပွဲအတွက် မေးခွန်းလွှာတွေကို ဝေလုဆဲဆဲ အချိန်ပါ။

'အခုစာသင်နှစ်မှာ မောင်တို့ရဲ့သင်တန်းဆရာအဖြစ်ဆောင်ရွက်ခွင့်ရခဲ့တာ ကျုပ်အင်မတန်မှ ဝမ်းသာပါတယ်။ အခုဖြေရတော့မယ့်စာမေးပွဲအတွက် မောင်တို့တွေ ဘယ်လောက်အထိ ကြိုးစားပြင်ဆင်ထားခဲ့ကြသလဲဆိုတာ ကျုပ်အသိဆုံးပါ။မောင်တို့ထဲကအများစုဟာဆေးကျောင်းကိုဆက်တက်ဖို့ စိတ်ကူးနေကြသလို တချို့တွေကလည်းဇီဝဗေဒပညာကိုပဲ ရေဆုံးရေဖျား လေ့လာဆည်းပူးကြဖို့ ရည်ရွယ်ထားကြမှန်းလည်း ကျုပ်သိထားပါတယ်. . . '

မေးခွန်းလွှာတွေမဝေခင်မှာ ပါမောက္ခက သူ့တပည့်တွေကို နှုတ်ခွန်းဆက်စကား ဆိုနေတာပါ။ သူက ဆက်ပြောပါတယ်။

http://www.linhtet.com



'မောင်တို့တစ်တွေ အခုစာမေးပွဲမှာ အမှတ်ကောင်းကောင်းရဖို့အတွက်ဘယ့်ကလောက်အပင်ပန်းခံထားကြရတယ်၊ဘယ့်ကလောက်မနေမနား ကြိုးစားထားရတယ်ဆိုတာ ကျုပ်မှန်းနိုင်ပါတယ်။ သည်အတန်းထဲမှာရှိနေတဲ့ မောင်တို့အားလုံးဟာ တစ်နှစ်စာသင်ခဲ့သမျှတွေကို ကြေညက်နေကြမှန်းလည်း ကျုပ်သိတယ်။ တိုတိုပြောရရင်တော့ကွယ်. . . အခုစာမေးပွဲကို စစ်နေစရာတောင်တကယ်တော့မလိုလှပါဘူး။ ဒါကြောင့် အခုစာမေးပွဲကို မဖြေဘူးဆိုရင်တောင်မှ အမှတ်ကို 'ခ'အဆင့်ပေးဖို့ ကျုပ်ရည်ရွယ်ထားတယ်။ ဆိုလိုတာက သည်စာမေးပွဲကို မဖြေဘဲနဲ့ကို ၇၅မှတ်တော့ အလိုလို အော်တိုမက်တစ်ရမယ်လို့ကြေညာချင်တာပါ။ အဲတော့ မဖြေချင်သူများရှိရင်အခုပဲထပြန်နိုင်ကြပါပြီ. . .'

ပါမောက္ခရဲ့စကားအဆုံးမှာတော့ စာမေးပွဲအတွက်ပူပန်နေကြတဲ့ကျောင်းသားများရဲ့သက်ပြင်းချသံကို ပီပီပြင်ပြင်ကြားလိုက်ရပါတော့တယ်။ ကျောင်းသားအတော်များများဟာ ထိုင်နေရာကကမန်းကတန်းထလိုက်ကြပြီးပါမောက္ခကိုကျေးဇူးတင်စကားပြောကြပါတယ်။ပြီးတော့စာဖြေခန်းထဲကနေအသကအသကထွက်သွားကြပါတော့တယ်။

ပါမောက္ခက သူ့အခန်းထဲမှာ ကျန်ရစ်ခဲ့တဲ့ လက်တစ်ဆုပ်စာကျောင်းသားတွေကို ကြည့်လိုက်ပြန်တယ်။

'မဖြေချင်တဲ့သူများ ကျန်ဦးမလားမသိဘူး။ အခုစာမေးပွဲကို မဖြေလည်း အောင်မှတ် မက 'ခ'အဆင့်ကိုပါ ပေးမယ်လို့ ကျုပ်ပြောပြီးသားနော်။ ဒါ နောက်ဆုံးအခွင့်အရေးပဲ။ မောင်တို့အထဲက မဖြေဘဲသွားချင်တဲ့သူရှိရင် သွားနိုင်တယ်. . .'

ပါမောက္ခရဲ့စကားကြောင့် နောက်ထပ်ကျောင်းသားတစ်ယောက်

http://www.linhtet.com



လည်း မဖြေဘဲ 'ခ'အဆင့်နဲ့ ကျေနပ်ဖို့ ဆုံးဖြတ်ပြီး စာဖြေခန်းကို ကျောခိုင်းသွားပြန်တော့တယ်။

ချုပ်လိုက်တော့လူ၃၀ရှိတဲ့အတန်းမှာ နောက်ဆုံးစာမေးပွဲကိုဖြေဖို့ ကျန်ရစ်သူက ခုနစ်ယောက်တည်းရယ်. . . ။

သည်ခုနစ်ယောက်ပဲ ကျန်တော့မှ ပါမောက္ခက အခန်းတံခါးကို ပိတ်လိုက်ပြီးကျန်ရစ်တဲ့ကျောင်းသားခုနစ်ယောက်ရဲ့အမည်စာရင်းကို ရေးမှတ်ပါတယ်။ ပြီးတော့မှ နောက်ဆုံးစာမေးပွဲအတွက် မေးခွန်းလွှာတွေကို လိုက်ဝေပါတော့တယ်။

မေးခွန်းစာရွက်ကိုဖွင့်လိုက်တဲ့အခါမှာတော့ကျောင်းသားတွေဟာ ဝါကျလေး သုံးကြောင်းကိုသာ တွေ့ရပါတယ်။

'ချီးကျူးပါတယ် တပည့်ရယ်။ မောင်ဟာ အခုစာမေးပွဲမှာ 'က' အဆင့် (အမှတ် ၁၀၀အပြည့်)နဲ့ အောင်မြင်သွားခဲ့ပါပြီ။ ဘဝ တစ်လျှောက်လုံးမှာလည်း အခုလိုပဲ မိမိကိုယ်ကို ယုံယုံကြည်ကြည် ရှိနေနိုင်အောင် အားထုတ်ပါတော့. . . 'တဲ့။

ပုံပြင်လေးတစ်ပုဒ်လိုထင်စရာအဲသည့်အဖြစ်အပျက်ကလေးဟာ အမေရိကန်ပြည်ထောင်စုရဲ့ကောလိပ်ကျောင်းတစ်ကျောင်းမှာ အမှန်တကယ်ဖြစ်ခဲ့တာပါ။

သည်အဖြစ်ကလေးဟာ ဘယ်ဆရာမဆို လုပ်ကြည့်နိုင်တဲ့စမ်းသပ်ချက်လေးတစ်ခုပါပဲ။ အဓိကအချက်ကတော့ ကိုယ်သင်ယူမှတ်သားခဲ့သမျှအပေါ် စိတ်လက် မချနိုင်အောင်ဖြစ်နေတဲ့ စာသင်သားတွေ၊ ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှုမရှိသူတွေဟာ ဒုတိယတန်းစား ('ခ'အဆင့် စာသင်သားတွေ)ပါပဲ။

http://www.linhtet.com



ဒါဟာ စာမေးပွဲမှာတင်ပဲလား?

မဟုတ်ပါဘူး၊ဘဝမှာလည်းအတူတူပါပဲ။ ပထမတန်းစား ('က' အဆင့်စာသင်သား)ဆိုတာ ကိုယ့်ရဲ့အောင်မြင်မှုတွေ၊ ကျဆုံးမှုတွေအပေါ်မှာသင်ခန်းစာယူပြီး ကိုယ်လုပ်ရမယ့်အလုပ်အပေါ် ယုံယုံကြည်ကြည်နဲ့ ဝါယမစိုက်ထုတ်ဖို့ ဝန်မလေးသူ၊ မတုံ့ဆိုင်းသူ၊ တုံးတိုက် တိုက်၊ ကျားကိုက်ကိုက် ရင်ဆိုင်ဝံ့သူများပါပဲ။ ကျောင်းသင်ပညာ စာသင်ခန်းထဲမှာတင်မကဘဲ ဘဝထဲမှာပါ သင်ခန်းစာတွေ ရှာဖွေ ကောက်နုတ်ရင်း တော်သထက်တော်၊ ချွန်သထက်ချွန်လာသူများဟာ ပထမတန်းစားတွေပါ။

စိတ်ပညာရှင်တွေက ဆိုပါတယ်။ ၂နှစ်သားလောက်ရောက်ပြီဆိုတာနဲ့ မိမိကိုယ်ကို ယုံကြည်မှုက ၅၀ရာခိုင်နှုန်းရှိလာပါပြီတဲ့။ ၆နှစ်သားလောက်ကျရင် ၆၀ရာခိုင်နှုန်းအထိ တိုးလာပြီး ၈နှစ်သားကျရင်တော့ ၈၀ရာခိုင်နှုန်းအထိတောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကတက်လာပါသတဲ့။ အဲတော့ စာဖတ်သူလူကြီးမင်းမှာရော ကလေးတစ်ယောက်လို အရာရာကို အကောင်းမြင်တဲ့စိတ်ဓာတ်နဲ့ ခွန်အားတွေ ဘာလို့ မရှိနိုင်ရမှာလဲနော်။

တစ်ခုမမေ့ဖို့က လောကမှာ မလုပ်နိုင်တာ၊ မသင်နိုင်၊ မမှတ်သားနိုင်တာ၊ မဖြစ်နိုင်တာ ဘာမှမရှိဘူးဆိုတာပါပဲ။ မလုပ်တာ၊ မသင်တာ၊ မမှတ်သားတာ၊ အားမထုတ်တာသာ ရှိပါတယ်။

စာဖတ်သူလူကြီးမင်းဟာ အခုဆိုရင် လူကြီးဖြစ်နေပါပြီ။ လူကြီးဖြစ်လာတဲ့အခါမှာတော့ နေရာတကာမှာ အတိုင်းအဆတွေ၊ အကန့်အသတ်တွေရှိနေမှန်းကိုဘဝအတွေ့အကြုံအရသဘောပေါက်လာခဲ့ရပါပြီ။ အဲသည့်အတိုင်းအဆတွေ၊အကန့်အသတ်တွေဟာ ကိုယ့်အတွက်

http://www.linhtet.com



အတားအဆီးတွေ ဖြစ်နေမှာလည်း အမှန်ပါဒါပေမယ့်ကိုယ်ကိုယ်တိုင်ကတော့ကိုယ့်အတွက်အကြီးမားဆုံးအဆီးအတားမဖြစ်သင့်ပါဘူး။ ဧဝရက်တောင်ထိပ်ကိုပထမဆုံး တက်ရောက်အောင်မြင်ခဲ့သူ'ဆာ အက်ဒမန်ဒ် ဟစ်လရီ'ရဲ့စကားလေးက စာဖတ်သူလူကြီးမင်းအတွက် တစ်နည်းတစ်ဖုံ အသုံးတည့်နိုင်ကောင်းပါတယ်။

သူကပြောပါတယ်။ 'တောင်ကြီးဖဝါးအောက်ဆိုတာ တောင်ကို အောင်အောင်မြင်မြင်တက်နိုင်တာ တစ်ခုတည်းတင်မကပါဘူး။ ကိုယ်စွမ်း ကိုယ်စ ဘယ်လောက်ရှိသလဲဆိုတာကို ပြသနိုင်တဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ တိုးလာစေတဲ့ မိမိကိုယ်ကို အောင်မြင်မှုလည်း ဖြစ်ပါ တယ်'တဲ့။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူဆိုတာ ကိုယ့်ရဲ့ပကတိအစွမ်းအစကို နားလည်သိရှိသူသာဖြစ်ပါတယ်။ ကိုယ်တတ်တာ၊ ကိုယ်သိတာ၊ ကိုယ်လုပ်နိုင်တာ၊ ကိုယ်စွမ်းတာကို အရင်းအတိုင်း သိသူပေါ့။

တစ်ခုတော့ ရှိပါတယ်။

'မိမိကိုယ်ကိုယုံကြည်မှု'ဆိုတာနဲ့'ဘဝင်'ဆိုတာနဲ့တော့ တခြားစီပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူနဲ့ဘဝင်မြင့်နေသူတို့ဟာလုံးဝခြားနားပါတယ်ကိုယ့်ကိုယ်ကိုယ်ယုံကြည်သူဟာတစ်ဖက်သားကိုအသားလွတ် အထင်မသေးတတ်ပါဘူး။ ဘဝင်မြင့်သူကတော့ တစ်လောကလုံးမှာ ငါ့ပြိုင်မရှိလို့ ယုံမှတ်ပြီး အခြောက်တိုက်ခေါင်းမော့နေတတ်တယ်။ လူအများကကိုယ့်ကိုယုံကြည်လေးစားလာစေချင်ရင်ကိုယ်တိုင်ကလည်း သူတစ်ပါးကို ယုံကြည်လေးစားတတ်ဖို့ အထူး လိုအပ်ပါတယ်။

ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်မှာရှိသူ ပုဂ္ဂိုလ်ကြီးငယ်မဟူဟာ တစ်ခုမဟုတ်တစ်ခုကိုတော့ဆောင်ရွက်နိုင်သူ၊စွမ်းဆောင်နိုင်သူချည်းပဲ

http://www.linhtet.com



လို့ နှလုံးသွင်းသင့်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်တင်မကဘဲ တခြားသူများအပေါ်မှာပါ ယုံကြည်မှုမရှိရင် ဘယ်ကိစ္စပဲဖြစ်ဖြစ်အောင်မြင်မှာ မဟုတ်ပါဘူး။

နောက်ဆုံးအနေနဲ့ကတော့ ဘောလုံးသင်းတစ်သင်းမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးနဲ့ ချုပ်လိုက်ချင်ပါတယ်။ တစ်နေကုန် ပင်ပင်ပန်းပန်းလေ့ကျင့်ပြီးတဲ့နေ့တစ်နေ့ရဲ့နေဝင်ချိန်မှာ ဘောလုံးသင်းနည်းပြဆရာက'ကဲ. . . ငတုံးတွေရေ့ တစ်နေ့တာတော့ပြီးသွားပြန်ပြီ၊ ရေလေး မိုးလေးချိုးပြီး နားကြပေတော့. . .'လို့အော်ပြီး သင်တန်းကို ဖြုတ်လိုက် ပါတယ်။

သည်စကားလည်းကြားရော သင်တန်းသားတစ်ယောက်က လွဲလို့ ကျန်တဲ့ဘောလုံးသမားအားလုံးက ရေချိုးခန်းဆီကို ခြေလှမ်းပြင်လိုက်ကြပါတော့တယ်။ နည်းပြဆရာက ကျန်ရစ်တဲ့ဘောလုံးသမားကိုလှမ်းကြည့်ပြီး 'မင်းကရော ဘာလို့မသွားသေးတာတုန်း'လို့ မေးလိုက်ပါတယ်။

'ဆရာက ငတုံးတွေလို့ သိမ်းကြုံးပြီး ခေါ်လိုက်လို့ပါခင်ဗျာ။ ကြည့်ရတာကျွန်တော်တို့ အသင်းမှာလည်း ငတုံးတွေ အတော်များတယ် ထင်ပါရဲ့။ ကျွန်တော်ကတော့ ငတုံးမဟုတ်လို့ နေခဲ့တာပါဆရာ' လို့ အေးအေးသက်သာပြန်ဖြေလိုက်ပါတယ်။

သည်ဘောလုံးသမားဟာမိမိကိုယ်ကိုယ်ယုံကြည်မှုရှိတဲ့အာဂလူပါပဲ။ ဒါကြောင့်ကနေ့မှာတော့ သူဟာ အင်မတန်ကိုထူးချွန်တဲ့ ဘောလုံးသမား ကောင်းတစ်ယောက်ဖြစ်နေပါပြီ။

အဲတော့ ဘယ်သူ ယုံယုံ၊ မယုံယုံ၊ကိုယ့်ကိုယ်ကိုယ်ယုံဖို့ကအသက်တစ်မျှ အရေးကြီးလှပါတယ်လို့ ပြောလိုက်ချင်တာပါပဲ။

http://www.linhtet.com



ပြီးတော့ ဘယ်သူယုံယုံ၊ မယုံယုံ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်နေတဲ့အတွက် ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ နော့. . .

ယုံလိုက်ကြစမ်းပါဗျာ. . .

**(အတွေးသစ်ဂျာနယ်၊ ၁၉-၀၆-၀၁)**

http://www.linhtet.com

## အောင်မြင်မှုရဲ့နောက်တော်ပါးမှာ

လူရယ်လို့ဖြစ်လာပြီးတဲ့နောက် အချိန်တိုင်းမှာ ကျွန်တော်တို့တွေဟာ ဘာကိုရွေးရမလဲဆိုတာနဲ့ အမြဲတစေရင်ဆိုင်နေရတတ်စမြဲပါပဲအထူး သဖြင့်အလုပ်နဲ့အကိုင်နဲ့အိမ်ထောင်ရှင်ဘဝကိုရောက်ရှိလာတဲ့အခါမှာ ဘာကိုဦးစားပေးရမလဲဆိုတဲ့အခြေအနေတွေနဲ့ပိုပြီးရင်ဆိုင်ရပါတယ်။ အလုပ်တာဝန်နဲ့ မိသားစု၊ ဘယ်သင်းကို ရွေးရမလဲဆိုတာ အင်မတန် ခေါင်းစားတဲ့ ကိစ္စပါပဲ။

ဆိုကြပါစို့၊ သည်နေ့မှာ အရေးကြီးတဲ့အစည်းအဝေးတစ်ခုလည်း ရှိနေတယ်၊ အဲသည့်နေ့မှာမှ သားတော်မောင်ရဲ့ကျောင်းကဆုပေးပွဲက လည်း ရှိနေတယ်၊ သားက ဆုရကျောင်းသား၊ မော်မော်ကြွားကြွားနဲ့ ဖအေ့ကိုလိုက်စေချင်တယ်။ ဖအေ ဘယ်လမ်းကို ရွေးရမှာလဲ၊ အစည်း အဝေးခန်းမလား၊ ကျောင်းခန်းမလား။

http://www.linhtet.com



ဒါမှမဟုတ်လည်း မနက်ဖန်ကျရင် ကိုယ့်အလုပ်တိုးတက်ရာ တိုးတက်ကြောင်းအတွက် တင်ပြစရာလေးကရှိနေတယ်။ ကိုယ့်အိမ်သူကလည်းပြောတယ်၊ သူ့မှာကင်ဆာရောဂါရှိနေသလားလို့ သံသယဖြစ်နေတဲ့အတွက် ဆရာဝန်နဲ့သွားတွေ့ရမှာမို့ကိုယ့်ကိုလိုက်စေချင်တယ်ဆိုပဲ။ ဘာလုပ်ရင်ကောင်းမလဲ။

ဒါမျိုးတွေဟာကျွန်တော်တို့ရဲ့နေ့စဉ်ဘဝမှာရင်ဆိုင်နေရတတ်စမြဲတိုက်ပွဲတွေပါပဲ။ မိသားစုစားဝတ်နေရေးအတွက်ယူထားရတဲ့တာဝန်နဲ့ဘဝတစ်ခုမှာရှင်သန်နေထိုင်နေရတဲ့အခွင့်အရေးဆိုတဲ့အရေးနှစ်ခုကြားမှာ ဟန်ချက်ညီအောင်ထိန်းနေရတာလေ။ ကျွန်တော်တို့ရွေးချယ်ပုံဟာ ကျွန် တော်တို့ရဲ့ တကယ့်စရိုက်ကို ဖော်ပြလို့နေသလိုကျွန်တော်တို့ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာကိုလည်းအတိအလင်းဖော်ကျူးနေပါတယ်။

အခုသည်စာကိုဖတ်နေသူ လူကြီးမင်းတွေထဲမှာ အလုပ်ကိုဦးစားပေးမယ့်သူတွေကဒုနဲ့ဒေးဆိုတာ သိပ်တောင်ပြောစရာလိုမယ်မထင်ပါဘူး။ တကယ်တော့လည်း အလုပ်က မိသားစုရဲ့လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက်ပဲ မဟုတ်ပါလား။

ချစ်စွာသောစာဖတ်သူလူကြီးမင်းများဟာလုပ်ငန်းခွင်မှာစံပြုလောက်တဲ့ပုဂ္ဂိုလ်တွေ၊ထူးချွန်တဲ့ဝန်ထမ်းကောင်းတွေဖြစ်နေကြပါလိမ့်မယ်။ ဒါပေမယ့် တစ်ဖက်မှာတော့ ချစ်ခင်ကြင်နာတတ်တဲ့ဖခင်ဘဝ၊ ခင်ပွန်းသည်ဘဝကိုတော့ လက်လွှတ်ဆုံးရှုံးခံနေကြရပါတယ်။ ရုံးမှာလိုအပ်ရင်စုစုပေါင်း၁၂နာရီကနေ၁၆နာရီလောက်အထိနေသင့်လည်းနေလိုက်ဦးမယ်၊ အိမ်ကိုအဝတ်လဲဖို့လောက်၊ အိပ်ရုံလောက်ပဲပြန်ပြီးအလုပ်ကိုကြိုးစားလိုက်ဦးမယ်ဆိုတဲ့သူတွေလည်း စာဖတ်သူလူကြီးမင်းတွေထဲမှာ အများကြီးပါနေကြမှာ ဧကန်မလွဲပါပဲ။

http://www.linhtet.com



ဒါပေမယ့်ကျွန်တော်မေးကြည့်ချင်ပါတယ်၊ အဲသလောက်တောင် အပင်ပန်းခံနေတာဘာအတွက်ပါလဲတစ်နေ့တာကုန်လွန်သွားတဲ့အခါ လူကြီးမင်း ဘာတွေများ ရလာပါသလဲ။

အလုပ်မှာ အင်မတန် တော်တဲ့ ထက်တဲ့သူ၊ ဒါမှမဟုတ်လည်း ကျိုကျိုတက်ချမ်းသာတဲ့စီးပွားရေးသမားတစ်ယောက်ပင်ဖြစ်လင့်ကစား မိသားစုကိုဆုံးရှုံးသွားမယ်၊ အိမ်ထောင်ရေးလည်းပျက်စီးသွားမယ်၊ သားတွေ၊ သမီးတွေကလည်း ပျက်စီးချင်တိုင်းပျက်စီးကုန်မယ်ဆိုရင် အဲသည့်ပုဂ္ဂိုလ်အတွက်အမြတ်ထွက်တယ်လို့ပြောလို့ရပါဦးတော့မလား။

ငွေတွေက ထားမကုန်အောင်ကိုကြွယ်ဝလာ၊ သောက်သောက်လဲ ငွေဝင်နေတဲ့ လုပ်ငန်းခွဲတွေကိုလည်း ကမ္ဘာအနှံ့မှာ ထူထောင်နိုင်တဲ့ သန်းကြွယ်၊ ကုဋေကြွယ်သူဌေးကြီးတော့ဖြစ်လာပါရဲ့၊ ဇနီးသည်က အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်နေ၊ သားသမီးတွေမှာလည်း မူးယစ်ဆေးစွဲတဲ့သူစွဲ၊ ရမ်းကားတဲ့သူကရမ်းကား၊ ရောဂါရတဲ့သူကရ၊ အသကအသက ဖြစ်နေကြပြီး ကိုယ်တိုင်ကလည်း စိတ်ပန်းလူပန်းနဲ့ နွမ်းနယ်နေရပြီဆိုရင် ရှာခဲ့ဖွေခဲ့သမျှကို အမြတ်လို့ဆိုလို့ရမှာတဲ့လား။

လောကမှာ ဘာအရေးကြီးဆုံးပါလဲ။

ကိုယ့်ပတ်ဝန်းကျင်ကို ပြန်ကြည့်လိုက်သင့်ပါတယ်။အထောက် အထားတွေ၊သက်သေသက္ကာယတွေအနမတဂ္ဂရှိနေသလိုအဖတ်ဆည် လို့မရတော့တဲ့သာဓကတွေပါမိသားစုတွေတကွဲတပြား၊အိမ်ထောင် ရေးကကစင့်ကလျားနဲ့ဘဝဆိုတာ အကာပြဲ့ပြဲ့အနှစ်မဲ့ကြီးဖြစ်ကုန် သူတွေ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အများကြီးပါ။ ချမ်းသာ ကြွယ်ဝမှုနဲ့ အောင်မြင်ကြွယ်ဝမှုတွေတိုးပွားလာတာနဲ့အမျှ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုနဲ့ သာယာမှုတွေကိုလည်း အရင်းအနှီးအဖြစ်ပေးဆပ်လိုက်

http://www.linhtet.com



ရတတ်စမြဲပါပစ္စည်းဥစ္စာနဲ့အရှိန်အဝါဩဇာအတွက်ယှဉ်ပြိုင်ရုန်းကန်နေရင်းနဲ့ ကျွန်တော်တို့တွေဟာ ကျွန်တော်တို့အတွက် တကယ့်ကိုအရေးပါတာတွေအားလုံးကို လစ်လျူရှုဖြစ်နေတတ်ကြပါတယ်။ တခြားလူတွေနဲ့ယှဉ်ရင်ခေါင်းတစ်လုံး၊နှာတစ်ဖျားမကသာလိုက်ချင်တဲ့ကျွန်တော်တို့ယောကျ်ားသားများအားလုံးရဲ့'ဘဝင်'လေးတစ်ခုကြောင့် ဘဝရဲ့အရေးအကြီးဆုံးအရာတွေကို ကျွန်တော်တို့တွေ မေ့လျော့ဖြစ်နေ တတ်ကြပါတယ်။

လူကြီးမင်းဘာကိုပဲရွေးရွေး၊ လူကြီးမင်းကို ကျွန်တော်လေးစားပါတယ်။ဒါပေမယ့် ကျွန်တော့်အတွက်တော့ဘယ်ဟာကိုဦးစားပေးရမလဲဆိုတာရှင်းနေပါတယ်။ မိသားစုနဲ့အလုပ် ယှဉ်ကြစတမ်းဆိုရင် ကျွန်တော်ဟာ မိသားစုအရေးကိုပဲဦးစားပေးတော့မှာပါ။ အစည်းအဝေးကို မတက်တော့ဘဲ သားတော်မောင်ရဲ့ဆုပေးပွဲကိုလိုက်သွားဖို့ပဲကျွန်တော်ဆုံးဖြတ်လိုက်ပါတော့မယ်။ ဒါဆိုရင် ကျွန်တော့်အထက်လူကြီးက ကျွန်တော့်ကိုငြိုငြင်ပါလိမ့်မယ်၊ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော့်ကို နှာခေါင်းရှုံ့ကြပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်သားလေးမှာတော့ အဖေမပါဘဲအထီးကျန်ဆုတက်ယူလိုက်ရလို့ တစ်သက်စာခံစားသွားရမယ့်စိတ်ဒဏ်ရာတွေရှိတော့မှာမဟုတ်တာအသေအချာပါ။ အလားတူပဲ၊ တင်ပြစရာလေးရှိတာကို မတင်ပြလိုက်ရတဲ့အတွက် ဖောက်သည်သစ်တွေကို ဆုံးချင်ဆုံးမယ်၊ ရာထူးတက်ဖို့ အခွင့်အလမ်းလည်းရှိချင်မှရှိတော့မယ်။ ဒါပေမယ့် ဇနီးသည်ရဲ့သေရေးရှင်ရေးကိစ္စမှာတော့ ကျွန်တော် သူ့ကိုတစ်ယောက်တည်းရင်ဆိုင်ဖို့ လွှတ်မပေးရက်ပါဘူး။

အဓိပ္ပာယ်မရှိတာတွေပြောနေတယ်လို့များငြင်းချင်ကြပါသလား။

http://www.linhtet.com



ကမ္ဘာကျော်ထင်ရှားသူတွေထဲက ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့တွေဟာကျော်ကြားမှုမှာလည်း သူမတူ၊ ကြွယ်ဝမှုမှာလည်း ထိပ်တန်းကပါပဲ။ သည်ကြားထဲက သူတို့တွေ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေဖြစ်သွားကြတာပါလဲ။ ကြွယ်ဝမှုနဲ့ကျော်စောမှုက ပျက်စီးသွားတဲ့ဆက်ဆံရေးတွေကို ဖာထေးပေးနိုင်စွမ်းရှိပါသလား။

အင်မတန် အောင်မြင်နေတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးရဲ့ ဇနီးက အိမ်ကယာဉ်မောင်းနဲ့ ဘာကြောင့်ဖောက်ပြန်သွားတာပါလဲ။ သွေးသားဆန္ဒကြောင့်လား၊ ဒါမှမဟုတ် ကိုယ်စုံမက်မြတ်နိုးတဲ့ ကိုယ့်ခင်ပွန်းက ကိုယ့်ကိုဂရုမစိုက်တော့လို့လစ်လျူရှုထားလို့နာကျင်ခံစားရတဲ့အတွက်များလား။ ပျော်စရာတွေ၊ စည်းစိမ်တွေပုံပေးထားတဲ့ကြားက သားလုပ်တဲ့သူက သူ့လက်ကောက်ဝတ် သူဓားနဲ့လှီး၊ သမီးလုပ်တဲ့သူက အဆိပ်သောက်တာပါလိမ့်။ အချစ်ကိုငွေနဲ့အစားထိုးလို့ရပါသလား။ ချစ်ခင်မြတ်နိုးမှုနေရာမှာ ပျော်စရာတွေနဲ့ကော အစားထိုးလို့ရမှာတဲ့လား။

လောကငရဲဆိုတာ ဒါပေါ့ဗျာ။

အလုပ်မှာ အောင်မြင်ပြီး မိသားစုဘဝမှာဆုံးရှုံးရမယ်ဆိုရင်တော့ အဲသည့်ထက်ဆိုးတဲ့ လောကငရဲဆိုတာဘယ်ရှိပါတော့မလဲကျွန်တော်တို့တွေဟာကျွန်တော်တို့ပတ်ဝန်းကျင်က လူတွေရဲ့အဖြစ်အထွေထွေကိုကြည့်ပြီး သင်ခန်းစာတွေယူကြရမှာပါ။ စာဖတ်သူလူကြီးမင်းတော့ ဘယ်လိုရှိမယ်မသိဘူး၊ ကျွန်တော့်အတွက်ကတော့ အလုပ်မှာ ဘယ့်ကလောက်ကြီး အောင်မြင်နေ အောင်မြင်နေ၊ တကယ်တမ်း မိသားစုဘဝကိုဆုံးရှုံးရပြီဟေ့ဆိုတဲ့အခါမှာတော့ အဲသည့်ဆုံးရှုံးမှုကို အဖတ်ဆည်ပေးနိုင်စွမ်းတော့ တစ်စက်မှမရှိဘူးဆိုတဲ့အချက်ကို ခေါင်းထဲမှာ

http://www.linhtet.com



တစ်ချိန်လုံးထည့်ထားနေမိပါတယ်။

ကျွန်တော့်ဆီရောက်လာတဲ့ ဓာတ်ချောစာလေးကို ဆီလျော်အောင် ပြန်ဆိုတင်ပြလိုက်တာပါ။

အားလုံး စဉ်းစားကြည့်နိုင်ကြမယ်ထင်ပါတယ်။

**(အတွေးသစ်ဂျာနယ်၊ ၁၇-၀၇-၀၁)**

# အိုးအအက်

တစ်ခါတုန်းက မိန်းမကြီးတစ်ယောက်မှာ အိုးကြီးနှစ်လုံးရှိသတဲ့။

အဲသည့်အိုးနှစ်လုံးကို ထမ်းပိုးမှာလျှို ပုခုံးနဲ့ထမ်းပြီး ရေသယ်တဲ့ အိုးတွေပေါ့။ အဲသည့် အိုးနှစ်လုံးထဲမှာ တစ်အိုးက တော်တော့်ကို ကောင်းတယ်၊ ဘယ်တော့မှ မစိမ့်ဘူး၊ မယိုဘူး။အဲ. . . ကျန်တဲ့တစ်အိုး မှာတော့ အက်ကြောင်းလေးရှိနေတယ်။ အဲတော့ မြစ်ကမ်းကနေ ရေ အပြည့်သယ်လာရင် အိမ်လည်းရောက်ရော အိုးအအက်ထဲမှာ ရေက တစ်ဝက်ပဲ ကျန်တော့တာချည်းပဲ။

သည်အတိုင်းပဲ၊ အဲသည့်မိန်းမကြီးဟာ တစ်ခါရေငင်ရင် ရေတစ် အိုးခွဲနှုန်းနဲ့ စခန်းသွားလာလိုက်တာ နှစ်နှစ်တင်းတင်းပြည့်ပါလေရော လား။သည်အခါမှာအိုးအကောင်းက ရေအပြည့်သယ်နိုင်ခဲ့တဲ့အတွက် ဂုဏ်တဝင့်ဝင့် ဖြစ်နေတာပေါ့။ ဒါလည်း သဘာဝကျပါတယ်လေ။

http://www.linhtet.com



စွမ်းတယ်လုပ်နိုင်တယ်ဆိုတာဂုဏ်ယူစရာဝင့်ကြွားစရာပဲမဟုတ်လား။

အဲ. . . အိုးအအက်ခများကတော့ ရှက်နေတယ်။ တစ်အိုးအပြည့် ဘယ်တုန်းကမှ မပါနိုင်ခဲ့ဘဲ တစ်ဝက်ပဲအိမ်ရောက်တဲ့အတွက်အနေရ အထိုင်ရခက်နေတယ်။အခုလို နှစ်နှစ်လုံးလုံးကြာလာတဲ့အခါမှာတော့ အိုးအအက်ရဲ့စိတ်ထဲမှာ ဘယ်လိုမှ ခံစားလို့မရတော့တာမို့ တစ်နေ့မှာ မြစ်ကမ်းနံဘေးမှာ ရေငင်နေခိုက် သူ့သခင်မိန်းမကြီးကို ပြောမိသွားရပါ တယ်။

'ကျွန်မဖြင့် ရှက်လှပါပြီရှင်။ သခင်မကိုလည်း ကျွန်မ အနူး အညွတ်တောင်းပန်ပါတယ်'

'ဘာကို တောင်းပန်ပြီး ဘာကိုရှက်နေရတာလဲဟဲ့. . . 'လို့ မိန်းမကြီးက ပြန်မေးတယ်။

'ကျွန်မမှာရှိတဲ့ အက်ကြောင်းလေးကြောင့် သခင်မမှာ နှစ်နှစ် လုံးလုံး လိုသည်ထက်ပိုပြီးပင်ပန်းခဲ့ရတယ်မဟုတ်လား သခင်မရယ်။ ကျွန်မမှာသာအက်ကြောင်းမပါဘူးဆိုရင်ရေတွေအပြည့်သယ်နိုင်မှာမို့ သခင်မအနေနဲ့ တစ်နေ့နှစ်ခေါက်သယ်စရာ ဘယ်လိုပဲ့မလဲနော်အခု တော့ ကျွန်မကြောင့် သခင်မမှာ ဝန်ပိုနေလို့ ရှက်မိတာပါရှင်. . . '

မိန်းမကြီးဟာအိုးအအက်ရဲ့စကားကြောင့် စိတ်မကောင်းဖြစ်သွား တယ်။ ဒါနဲ့. . .

'ဒါဆို အိမ်အပြန်ကျရင် အိမ်အဝင်လမ်းကပန်းတွေကိုသတိထား ကြည့်လိုက်ပါလား. . . '

ဒါပဲပြောပြီး မိန်းမကြီးကလည်း အိုးနှစ်လုံးကိုရေအပြည့်ဖြည့်လို့ သူ့အိမ်ကိုရေသယ်သွားလိုက်ပါတယ်။ အိမ်ဝင်းထဲဝင်တဲ့အခါမှာတော့ အိုးအအက်ဟာ အိမ်အဝင်လမ်းဘေးမှာ ပေါက်နေတဲ့ပန်းလေးတွေကို

